www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

နတ်ရှာမိုး

မောင်အူ / နတ်ရှာမိုး။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၁။

၁၆၀ – စာ ၊ ၁၃.၅ × ၂၁စင်တီ။

(၁) နတ်ရှာမိုး

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၄၅၀၁၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၀၄၀၆၁၁

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

၅၄၁၇၄၅ ၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁ ၊ ၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် – ၂၀၁၁ ခုနှစ် ၊ (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်




"ယောက်ျားဆိုတာ

ငါးစိမ်းမြင်ရင်

ငါးကင်မေ့တဲ့ အစားချည်းပဲ..."

"ဟား...လားလားမှ

အဲ့ဒီအစားထဲ မပါပါခင်ဗျာ

ငါးစိမ်းဆိုတာက

အကြေးထိုး..ညှီစော်နဲ့

ကြော်လှော်ချက်ပြုတ်

အလုပ်ရှုပ်နေဦးမယ်..

ဖုတ်ကင်ပြီးသားလေးပဲ

ဟဲ..ဟဲ..ချဉ်ငံစပ်လေး ကဲပြီး

ငကို ဟာထိုးနဲ့...

ငုံလိုက်မယ်။"



www.burmeseclassic.com





# အခန်း(၁)

“အမေရိကန်သူဌေးကြီး ဟောင်းဝပ်ဟူးဂျက်ဟာ သူ့အိပ်ခါနီး ကုတင်ပေါ်ကနေ သူ့ပီအေလူယုံကို စကားတစ်ခွန်း ပြောတယ်၊

မနက် ၆ါ အိပ်ယာက နိုးလို့ လိုက်ကာဖွင့်လိုက်ရင် နေရောင်တဖျတ်ဖျတ် လက်နေတဲ့ မြေထဲပင်လယ်ရှုခင်းကို မြင်ချင်တယ်တဲ့၊

သူ့လူယုံက ဟုတ်ကဲ့တစ်ခွန်းပဲ ပြောတယ်၊ သူဌေးကြီး အိပ်သွားတယ်၊

မက်ဒီတာရေးနီးယန်းဆီးလို့ ခေါ်တဲ့ မြေထဲပင်လယ်ဟာ ကမ္ဘာပေါ်မှာ အလှဆုံးပင်လယ်ပဲ၊ မနက်ခင်းဆို ပိုလှတယ်၊ အေး. .



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီး အိပ်ပျော်သွားတဲ့ အဲ့ဒီကုတင်ရှိတဲ့ ပော်တယ်ဟာ မြေထဲပင်လယ်နဲ့ မိုင်သုံးထောင် ဝေးတယ်"

"ဗျာ!"

ဗျာခနဲ အော်လိုက်တာက လေးလေးရဲ့တပည့်ကျော် 'ကိုအူ' ဖြစ်ပြီး. . . Dream bed ပေါ် ထိုင်နေတဲ့ လေးလေးဘေးနား ဆိုဖာ အဝိုင်း ပုလေးနဲ့ ကျုံ့ကျုံ့လေး ထိုင်နားထောင်သူဖြစ်ပါသည်။ လေးလေး ဦးမိုးသူ အိပ်ခါနီး သောက်နေကျ နွားနို့နွေးနွေးနဲ့ အားဆေးတောင့်ကို စားပွဲပေါ် ချထားရင်း နားထောင်နေခြင်းဖြစ်၏။

"မိုင်သုံးထောင်တောင် ဝေးတယ်တဲ့လား အာစရိ၊ အဲ့ဒီ. . ပီအေ ဘယ်လိုလုပ် ဟုတ်ကဲ့တာလဲ"

"အေး. . . မင်းကို အဲ့ဒါပြောမလို့ မောင်အူရေ"

လေးလေးက ဆေးတောင့်ကို ပါးစပ်ထဲ ထည့်၍ နွားနို့နှင့် မျှောချသည်။ မောင်အူ၏ကျောဘက်လက်တစ်ကမ်းရှိ စားပွဲတွင် တဗျာ ရေးနေသော သူက ဘောလ်ပင်ခဏချ၍ သူ့ရှေ့ရှိ တစ်သျှူး ပေပါဗူးကို မောင်အူအား လက်တို့ရင်း ကမ်းပေးလိုက်၏။

မောင်အူက လှမ်းယူသည်။ စက္ကူစဗူးထဲ ဝင်နေ၍ လက်ညှိုး လက်ခလယ်နှင့် အတင်းနှိုက်သည်။ အစဆွဲထုတ်သည်။ တစ်သျှူးစ ပါလာသည်။

"တစ်သျှူးမကုန်သေးပါဘူး ညီသူရ၊ မနက်ကမှ ငါထည့်ထားတာ၊ ရော့. . . ဒီမှာ"

"ရှိမှန်း သိပါတယ်ဗျ၊ လေးလေး နှုတ်ခမ်းသုတ်ဖို့ အဆင်သင့် ဖြစ်အောင် ခင်ဗျားကို ပေးတာ"

"ဟေး. . ဟေး. . သိပါဘူး၊ တစ်သျှူးကုန်နေတယ်ထင်ပြီး





ပြည့်ခိုင်းတာမှတ်လို့"

ဟုတ်ကဲ့. . . ကိုအူဆိုတာ အဲ့ဒါပါပဲခင်ဗျာ။ လေးလေးက အင်မတန် အသန့်အပြန့်ကြိုက်သော (ဇီဇာလည်း အတော်ကြောင်သော) လူပျိုကြီး။ ရေသောက်တာတောင် တစ်ဖန်ခွက်ကို သုံးဗရိတ်ခွဲ၍ သောက်သည်။ သောက်ရင်း တစ်သျှူးနှစ်ခါသုတ်သောအကျင့်ရှိသည်။ အပြင်က ပြန်လာတိုင်း လက်ဆေးကန်သို့ တန်းဝင်လေ့ရှိသည်။ ပြောမှ သိတတ်သော မောင်အူက တစ်သျှူးဆွဲထုတ်၊ သုံးလေးခေါက် ခေါက်၍ သူ့ဆရာကို လှမ်းပေးရင်း. . .

"ဆက်ပြောပါဦး အာစရိ၊ သူ့ပီအေ ဘယ်လိုဟုတ်ကဲ့တာလဲ"

"ကမ္ဘာပေါ်မှာ အတော်ဆုံးပီအေပဲကွ၊ သူ့ဘော့စ်ကို ချောမွေ့နေအောင် ထားတာ၊ (အစစအရာရာ စိတ်တိုင်းကျနေစေရမယ်) ဆိုတဲ့ လူစားမျိုးကွ၊ သူဌေးကြီး အိပ်ပျော်သွားတာနဲ့ ပော်တယ်က ဗလကြီးတွေနဲ့ ကုတင်ကိုပါ မလှုပ်အောင် မ,ပြီး ဓါတ်လှေခါးနဲ့ ပော်တယ်အောက် ချတာ"

"ဓါတ်လှေခါးက ကုတင်ဆန့်ပါ့မလား အစရိ"

"ကုန်ပစ္စည်းတင်တဲ့ လမ်းကြားဘက်က ဓါတ်လှေခါးကြီးကွ"

"ဩော်. . ဩော်. ."

"ကုတင်ပါ ကားပေါ် တင်ပြီး ကိုယ်ပိုင်လေယာဉ်ကွင်းကို မောင်းတယ်၊ ကိုယ်ပိုင်ဂျက်လေယာဉ်ပေါ် ကုတင်လိုက် တင်ပြီး ခရီးစထွက်တယ်၊ ဂျက်လေယာဉ်ပေါ်မှာ အဲ့ဒီပီအေ အလုပ်များပြီ မြေထဲပင်လယ်ကို အပေါ်စီးကနေ အရှေ့ဘက် နေအထွက်ကိုလှမ်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်တဲ့ ဟော်တယ်အိပ်ခန်းတွေကို လှမ်းစုံစမ်းတယ်၊ ညှိသည် ရှိနေရင် ချက်ချင်းဝယ်တယ်၊ လူရှင်းလိုက်တယ်၊ လိုအပ်ရင် ဟိုတယ် တစ်လုံး ထပ်ဝယ်သင့်ရင် ဝယ်တယ်၊ သူ့ဘော့စ်မနိုးအောင်"

နွားနို့လက်စသတ်သည်။ တစ်သျှူးသုတ်သည်။

"တစ်ညဥ့်လုံးနီးပါး ပျံသန်းရင်း လေယာဉ်ဆင်းတယ်၊ ခပ်ကြီးကြီး ဟတ်စကီးထဲ ကုတင်ထည့်တယ်၊ ဟော်တယ်ခေါင်မိုး ပေါ်ကို ဟတ်စကီး အသံလုံ ဆင်းတယ်၊ မနိုးစေဘဲ အိပ်ခန်းထဲ ရောက်အောင် ထည့်ထားနိုင်ခဲ့တယ်၊ မနက် အိပ်ရာကနိုးတဲ့ သူဌေး ကြီး လိုက်ကာဖွင့်တယ်၊ မြေထဲပင်လယ်ရှုခင်း သူ့မြင်ကွင်းထဲ ရှိနေ တယ်၊ ခေါင်းတစ်ချက် ညိတ်တယ်၊ ဆားငံနံ့ပါတဲ့ မြေထဲပင်လယ် လေကို တဝရှူတယ်၊ ပြန်အလှည့်မှာ ဒီအရပ်ရောက်ရင် သူ စားနေ ကျ ကာဗီယာငါးဥ ပါတဲ့ မနက်စာ အဆင်သင့် ရှိနေတယ်၊ ပြော မနေရဘူး၊ အဲ့ဒါပဲ မောင်အူ၊ မင်းနဲ့ လူချင်းလဲလိုက်ချင်တယ်၊ ဟောင်းဝပ်ဟူးဂျက် ဘယ်လောက် ဗူလိမ့်မလဲကွာ. . . ဟားဟား"

သူပါ စကားဝိုင်းထဲ ဝင်လိုက်ရတော့သည်။ အကွက်ဝင် တုန်းလေး. . .

"လေးလေးကလည်း. . . ဟိုက ဟောင်းဝပ်ဟူးဂျ်လေ၊ အဲ့ဒီ အိပ်ယာထ မြင်ကွင်းလေးနဲ့ ကာဗီယာငါးဥ မနက်စာလေးအတွက် ဒေါ်လာခြောက်သန်း သူ့ပီအေသုံးလိုက်ရတယ်လေ၊ လေးလေးက ငါးဆယ်တန်အပြဲတောင်. . . ကိုအူ့ကို ဆယ်လိုတိပ် ကပ်ခိုင်းနေတဲ့ ဥစ္စာ"

ကိုအူက ဘက်တော်သား ပါလာ၍. . .

"ဟုတ်ပ့ါ. . ဟုတ်ပ. . ညီသူရ"





"ဟော့ကောင်တွေ. . . မင်းတို့နှစ်ကောင်ထဲ ညီညွတ်ရေး ပါတီ ဖွဲ့မနေနဲ့၊ ဒါ ကပ်စေးနဲတာ မဟုတ်ဘူးကွ၊ စည်းစနစ်ကျတာ၊ ငွေကြေးကို ထိန်းသိမ်းနိုင်သလောက် ပြည်သူတစ်ယောက်အနေနဲ့ ထိန်းသိမ်းတာကွ"

အင်း. . . ဆယ်လိုတိတ်ကိုတောင် အလယ်က ဘလိတ်ဓါး နှင့် တစ်ခြမ်းစီ ခွဲပြီးမှ လက်သည်းလေးနဲ့ ကော်ပြီး ကပ်ကပ်သပ်သပ် တပ်ခိုင်းတာကိုတော့ သူ ထည့်ပြောမနေတော့ပါ။ မတော်. . . စိတ်ကောက်သွားလို့ မနက်အတွက် ရနေကျ (Refugee fees) ခိုလှုံသူ ထောက်ပံ့ငွေ ဖြတ်တောက်နေလျှင် ခက်မည်လေ။ သူက ဘွဲ့ရ အလုပ်လက်မဲ့။ လေးလေး၏ Refugee camp တွင် ခိုလှုံနေ ရသူဖြစ်၏။

မနက်ဖြန်အတွက် သူစားချင်တာပြော၍ ကိုအူကို ဈေးဖိုး ထုတ်ပေးသည်။ သူ့အတွက် ရနေကျ တစ်ထောင်တန်တစ်ရွက်ကို ကိုင်ရင်း. . .

"ငါ့တူ ညီသူစံ. . . မင်းလည်း စာလိုလိုကဗျာလိုလို ယောင် မနေနဲ့၊ တာရာမင်းဝေတို့ နီကိုရဲတို့လို ဖြစ်ဖြစ်မြောက်မြောက် ပေါက် ရောက်အောင် ကြိုးစား၊ ဒါမှမဟုတ် အလုပ်သိပ်မရွေးနဲ့၊ အတွေ့အ ကြုံရအောင် ရတာဝင်လုပ်၊ ဂုဏ်သိက္ခာဆိုတာ အလုပ်လုပ်နေခြင်း ပဲတဲ့"

"လုပ်ပ့ါမယ် လေးလေးရာ"

"ဒါနဲ့ အာစရိ မနက်မိုးလင်းလို့ လိုက်ကာဖွင့်ရင် ဘယ်လို မြင်ကွင်းကို ချင်ခြင်းတပ်မိပါသလဲခင်ဗျာ"

လေးလေးက Dream bed မှ ထ၍ အညောင်းဆန့်ရင်း.



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်လုပ်ပေးနိုင်သလား မောင်အူ"

"ပြောပါ အာစရိ"

"ယောက်ျားချင်းပဲကွာ. . . ပြောမယ်၊ အဲ. . . ငါ့အိပ်ခန်းနဲ့ တည့်တည့်က ဟိုဘက်ကွန်ဒိုကို ပြောင်းလာတဲ့ ကောင်မလေးနဲ့ ကောင်မကြီးနှစ်ယောက် ဘေးဝရန်တာမှာ စောစောထပြီး အေရိုးဗစ် ကစားတယ်၊ အိပ်ဇာဆိုက် လုပ်တယ်၊

ငါက ဒီဘက်က မှန်နံရံထဲက လိုက်ကာဖွင့်လိုက်တာနဲ့ ဝင်ပြေး ကုန်တယ်၊ အဲ့ဒါ သူတို့ ဝင်မပြေးအောင် ငါလိုက်ကာဖွင့်ကြည့်တာကိုလည်း မသိစေရအောင် မင်းကြံဆောင်စမ်း၊ အဲ့ဒါ ငါ မအိပ်ခင် မင်းကို မှာတာပဲ၊

ကဲ. . . ငါအိပ်တော့မယ်၊ မင်းတို့လည်း ဒီည တစ်ခွေလောက် ပဲကြည့်၊ မီးတွေလည်း အကုန်စုံအောင်ပိတ်ဦး၊ ကဲ. . . ငါ ထပ်မှာတယ် နော်. . အိပ်တော့မယ်"

လေးလေး အိပ်ခန်းထဲ ဝင်သွား၏။ မောင်အူ သူ့ကို မျက်နှာငယ်နှင့် လှမ်းကြည့်သည်။ သူက ခပ်ပြုံးပြုံး ကြည့်ရင်း. . .

"မိုင်သုံးထောင် ဝေးတာမဟုတ်ဘူး ကိုပီအေ၊ ပေသုံးဆယ်တောင် ပြည့်မယ်မထင်ဘူး၊ ဟိုက သီချင်းဖွင့်တာတောင် အတိုင်းသား ကြားနေရတာ၊ သုံးခွန်းသောစကားတောင် လှမ်းပြောလို့ရတယ်၊ ခင်ဗျားဘော့စ်မြင်ကွင်းကို ခင်ဗျား ရအောင်ခင်းကျင်းပေးပေတော့၊ ကျွန်တော်ကတော့ လေဒီဂါဂါ ကြည့်ဦးမယ်"

သူက လေဒီဂါဂါသီချင်း ဖွင့်ကြည့်နေစဉ် ကိုအူ ထိုင်ခုံတွင် ငှ၍စဉ်းစားနေသည်ကို မြင်နေရ၏။ ခဏနေမှ သူ့နားလာထိုင်ရင်း. . .





"ငါလည်း စဉ်းစားမရဘူး ညီသူရာ၊ မနက်ကျ မေးရင် ဘတ်ဂျက် ချမပေးလို့ မလုပ်တတ်ဘူးပဲ ပြောရမှာပဲ"

"ကျွန်တော်အကြံပေးမယ်၊ ခင်ဗျား ကျွန်တော့်လိုအပ်လို့ အကူအညီတောင်းလာခဲ့ရင် ပြန်လုပ်ပေးမလား"

"ဟား. . . ငါတတ်နိုင်တာ အကုန်လုပ်ပေးပါ့မယ် ချစ်ညီသူလေးရာ၊ ပေး. . ပေးစမ်းပါဦး. . မင်းအကြံ"

"နားထောင်. . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . ကဲ. . . အဲ့ဒါပဲ"

"ဟာ!. . ပူပူလေးနဲ့ ကောင်းတာအေ့၊ အဲ. . . လွယ်လွယ်လေးနဲ့ ချောင်းမှာပေ့. . . ဟာဟ၊ ညီသူစံလေးရာ. . . မင်းဟာ မိုးနတ်မင်း ပေါက်စလေးပါပဲလား. . ဟား. . ဟား၊ ဒါနဲ့ကွာ. . . လေဒီဂါဂါက ဝတ်နိုင်စားနိုင်ပါကွာ၊ မဝတ်နိုင် မစားနိုင်တာလေးတွေ ကြည့်ပြီး ကရုဏာပွားရအောင်ပါ"

"ကဲ. . . ကိုပီအေအူ၊ ခင်ဗျား ကရုဏာမကလို့ ဟထိုးပါ ထည့်ပြီး ဏှာချင်ဏှာ၊ ကျွန်တော်အိပ်တော့မယ်၊ ကျွန်တော်အကြံပေးတာတော့ လုပ်ထားဦးနော်"

"လုပ်. . ဦး. . မှာ. . မောင်အူက အဲ့လောက်မထူဘူးဆိုတာ အာစရိ သိသွားစေရမယ်"

ဘာမှမဟုတ်ပါ။ ဟိုဘက်ဝရန်တာကနေ ကြည့်ရင် ဇီးမှန်ပါးပါးလေးထဲက လိုက်ကာအဖြူထူထူထဲထဲကြီး ဆွဲဖွင့်တာကို လှမ်းမြင်ရမှာ သေချာပါတယ်။ အဲ့ဒီလိုက်ကာအဖြူကို ဖြုတ်ပြီး လိုက်ကာအသစ် လဲတပ်ခိုင်းလိုက်တာပါ။

အဖြူတော့ အဖြူပါပဲ။ ဇာခြင်ထောင်ထက် ပါးတဲ့ လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



အဖြူလေ။

ဆွဲဖွင့်နေစရာ ဘာလိုလို့လဲ။ မဖွင့်ဘဲ ကြည့်ပေါ့။

လေးလေး မှာ ငှက်ကြည့်တဲ့မှန်ပြောင်းလည်း ဟိုကဧည့်ခန်း Showcase ထဲ ရှိနေလျက်သားနဲ့ . . . တင်ထားပေးလိုက်။ မြေထဲပင်လယ်ထက်တောင် လက်လက်ထနေဦးမယ့်ဥစ္စာ။

ဒါပဲလေ။

ၮ ၮ ၮ ၮ





ကိုအူ၏နာမည်အရင်းမှာ ကိုအေးဖြစ်သည်။ လေးလေး တာဝန်ယူ ဆောက်လုပ်နေသော site ထဲက ထမင်းချက်ဖြစ်သည်။ ထမင်းဟင်းချက်အလွန်ကောင်းသောကြောင့် လေးလေးက အိမ်ခေါ်လာခြင်း ဖြစ်သည်။

သန့်သန့်ပြန့်ပြန့် နေတတ်သည်။ စာရင်းဇယား တိကျသည်။ သစ္စာရှိသည်။ လေးလေး၏ကွန်ဒိုတိုက်ခန်းမျိုးတွင် အလုပ်လုပ်ဖူးဖို့ နေနေသာသာ ရောက်မှပင် လူတွေဟာ သည်လိုမျိုး နေကြသလားဟု အံ့ဩသောမျက်နှာနှင့် ပြောဖူးသည်။

နတ်ဘုံဆိုတာ လူ့ပြည်မှာလည်း ရှိသကိုး . . . တဲ့။

ခပ်ရိုးရိုးပင် မှတ်ချက်ပေးသူဖြစ်သည်။ သူရောက်လာသည့် ရက်ပိုင်းက အတော်ရယ်ရသည်။ ဓါတ်လှေခါးခလုတ်နှိပ်နည်းကို အသေအချာ သင်ထားပေးသူဖြစ်သည်။ ညီသူစံ(သို့မဟုတ်)လေးလေးနှင့်အတူ ဆင်းတက်လျှင် သူ့ကိုသာ အကျင့်ရအောင်နှိပ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှိပ်ရဲလာသည်။ ဆင်းသည် တက်သည်။ သို့သော် တစ်ယောက်တည်း ဆိုလျှင် ဘယ်တော့မှ ဓါတ်လှေခါး မစီး။ ငါးထပ်ကို ဘယ်လောက် အလေးအပင်နှင့်မဆို ရိုးရိုးလှေခါးမှ ထမ်းတင်သည်။

"ဟေ့ကောင် မောင်အေး၊ မင်းကွာ. . . ချွေးတလုံးလုံးနဲ့ ဒီဆန်အိတ်ကြီး ထမ်းတက်လာရသလား၊ ဓါတ်လှေခါး ဘာလို့ မစီးတာလဲ"

"မီးပျက်ရင် မီးခံသေတ္တာထဲ ပိတ်မိသလို ဖြစ်မှာစိုးလို့ပါ အာစရိရာ၊ မီးမပျက်တာတောင် စီးတိုင်း အသက်ရှူမဝရတဲ့ကြားထဲဗျား"

ဆိုတာမျိုး. . .။

"စားပွဲပေါ်က နာရီဟောင်းလေးကို တိုက်လိုက်စမ်းကွာ" ဟု ပြောပြီး လေးလေးက ဘုရားခန်းဝင်သည်။ ဘုရားဝတ်ပြုပြီး ရေချိုးခန်း ဝင်မည်ပြုသောအခါ အထဲမှာ မောင်အေး။

"ကြာလှချည်လား. . . ဘာလုပ်နေတာလဲ" မေးတော့. .

"နာရီတိုက်နေတာလေ. . . မန်ကျည်းသီးနဲ့ တိုက်တာ ပြောင်လက်သွားရောပဲ" ဆိုတာမျိုး။

"မောင်အေး. . . ကြက်ဘယ်ဈေးလဲ"

"လှိုင်မြို့မဈေး"

ဆိုတာမျိုးတွေ များလာသောအခါ မောင်အေးကနေ မောင်အူ ဖြစ်လာပြီး လူတိုင်းကလည်း မောင်အူဟုပင် သညာကြသော ဟူ၏။ သူကိုယ်တိုင်ကလည်း ထိုအမည်ကို ဘွဲ့အသစ်တစ်ခု ရသလို မြတ်နိုးစွာ ခံယူချေ၏တမုံ့။

ယနေ့မနက် ခပ်စောစောပင် ညီသူစံအိပ်ခန်းကို တံခါးလာ





ခေါက်သည်။

"စောစောစီးစီးဗျာ. . . ဘာလဲ ကိုအူ"

"လာ. . လာ. . ဧည့်ခန်းထဲ သွားရှိုးမယ်"

ချွတ်နင်း၍ ဧည့်ခန်းထဲ လျှောက်နေသော ကိုအူနောက်သူ ပါလာသည်။ ဧည့်ခန်းထဲမှာလည်း ခပ်ပါးပါး ဇာဖြူလိုက်ကာ လဲတပ် ထားသည်။ လိုက်ကာနားကို တိုးကပ်ရင်း ဟိုဘက်ဝရံတာကို ရှုစားတော်မူပါလော့ဟူသော လက်ဝါးနှစ်ဖက်ကို ခါးကိုင်း၍ ခင်းပြသည်။ ဟုတ်ပါ့။

"ပစ္စည်းလေးရော ပစ္စည်းကြီးရော အေးရိုးဇစ်နေတယ် ညီသူရေ၊ အာစရိမြင်ကွင်းထဲ ခွေတစ်ချပ်စာတော့ ဝင်သွားရောပေါ့"

သူ့မှာက အခန်းသော့အားလုံး ရှိနေ၍ ဇက်ချထားသော အာစရိအိပ်ခန်းကို သူ့အာစရိ မနိုးအောင် လိုက်ကာချိန်းပုံ၊ မှန်ပြောင်း ထားခဲ့ပုံတွေကို စွန့်စားခန်းတစ်ခုလို ပြောပြနေသေးသည်။

"ဟိုသူဌေးကြီးလိုပဲ. . . အာစရိ မနိုးဘူး. . . ဟဲဟဲ"

ဟိုဘက်ဝရံတာကို အားပါးတရ ရှုစားနေသော ကိုအူတို့. . .

"လာ. . . ခင်ဗျားအာစရိအကြိုက်လေးတွေ ကျွန်တော် ခပ်ပါးပါးလေး သင်ပေးမယ်"

လေးလေးဇီဇာက အိပ်ခန်းထဲ ပိတ်ဖိနပ်တစ်မျိုး၊ ဧည့်ခန်းထဲ တစ်မျိုး၊ ရေချိုးခန်းထဲတစ်မျိုး စီးသည်။

"ပါးပါးလေးနော် ကိုအူ. . . အဲ့ဒီအိပ်ခန်းတံခါးဝက ဖိနပ်ကို အပြင်ဘက် ခေါင်းပြန်လှည့်ပေးထားလိုက်"

"ဟုတ်ပါ့. . . အိပ်ခန်းဖိနပ်ချွတ်မယ်၊ သူ့ဘက် ခင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ညှော်ခန်းဖိနပ် တန်းစွပ်မယ်၊ ကိုယ်ကို တစ်ပတ်လှည့်နေစရာ မလိုတော့ဘူး. . . ဟာဟ၊ ဒါဆို ညှော်ခန်းဖိနပ်ချွတ်မယ်၊ ရေချိုးခန်းဖိနပ် လည်း အသင့်တက်စီးနိုင်အောင် အမြီးဘက်ကို ကြိုလှည့်ထားပေးရဦးမှာပေ့ါ. . ဟင်းဟင်း၊ မောင်အူ အဲ့လောက် မအူဘူး ညီသူလား. . ရေချိုးခန်း သွားမယ်”

ဖိနပ်ကို အသင့်စွပ်ရန် လှည့်ပေးပြီး ဘာဆက်လုပ်ရမှန်း မသိ ဖြစ်နေပြန်၏။

“သူ့သွားပွတ်တံ ယူလိုက်၊ သွားတိုက်ဆေး ညှစ်တင်ပေးထားလိုက်၊ ဗေစင်ထဲမှာလည်း ရေအေးနဲ့ရေနွေး အနေတော် ရောပြီး အောက်က bar ကို ပိတ်ထားလိုက်၊ မျက်နှာသုတ်ပုဝါ အသစ်လဲပေးထားလိုက်၊ ခင်ဗျားအာစရိ ဘဝင်ခိုက်သွားစေရမယ်”

မောင်အူက Face Cleanser ဗူးလေးပါ အဖုံးဖွင့်ပေးထားလိုက်သေးသည်။

“အာစရိ ကြိုက်တဲ့ ပသျှူးထမင်းကြော်နဲ့ ကြံမဆိုင်ဟင်းချိုနှပ်ပြီးသား နက်စ်ကော်ဖီကလည်း အဆင်သင့်ပဲ၊ ကဲ. . . ညီသူလေး၊ မင်းလည်း အာစရိနဲ့ အတူတူ ဘလိပ်ဖတ်(စ်) စားရအောင် ပြင်ဆင်တော့”

“ဘလိပ်မဟုတ်ဘူး. . . ဘရိတ်. . . ဘရိတ်၊ ရကောက်သံ ဘရိတ်ဖတ်စ်. . . ဆိုကြည့်စမ်း”

“ဘလိပ်. . အဲ. . . ဘရိတ်. . . ဘရိတ်ဖတ်(စ်)၊ ဟဲဟဲ. . ကားဘရိတ်နင်းတာကို မှတ်ထားမယ်၊ မောင်အူကို အဲ့လောက် မအူဘူး ထင်လို့လား”

လေးလေးက မိသားစုစိတ် ရှိသည်။ သုံးယောက်အတူတူ





တစ်စားပွဲတည်း စားရန် ကိုအူကိုပါ မကြာခဏ ဝင်ထိုင်ခိုင်းသည်။ ကိုအူက ဘယ်တော့မှ အတူဝင်မစား။ သူပေးသော အကြောင်းပြချက်က ရိုးစင်းသည်။

“ဆရာတော်နဲ့ တစ်ဝိုင်းတည်း ဆွမ်းစားရင် ဟင်းပန်းကန်ထဲက ငွန်းကို ကိုင်ဖို့ ရှိန်နေတာပေ့ါ အာစရိရယ်”တဲ့။

ယနေ့မနက်တော့. . . လေးလေးမျက်နှာ၌ ကျေနပ်သည့် အမူအယာ အထင်းသား မြင်ရသည်။

“မောင်အူ. . . ငါလည်း ဘုန်းကြီးမဟုတ်ဘူး၊ မင်းလည်း တပို့ယ မဟုတ်ဘူး၊ ငွန်းတစ်ချောင်း ယူလိုက်၊ မင်းငွန်းနဲ့ မင်းကြိုက်တာခပ်၊ လာ. . . အတူတူစား၊ ဒီနေ့ ငါ အစစ အရာရာ အဆင်ပြေအောင် မင်းစီမံခန့်ခွဲထားတာကို ဆုပေးတဲ့အနေနဲ့ ရော့. . . မင်းကြိုက်တာဝယ်”

ထောင်တန်ငါးရွက် ထုတ်ပေးသည်။ ကိုအူက သူ့ကို ပြုံးပြရင်း ငွန်းတစ်ချောင်းနှင့် ဝင်ထိုင်သည်။

“ငါ့တူကိုလည်း တာဝန်တစ်ခု ပေးမယ်၊ အဲ့ဒီဝရံတာက အသေးလေးနဲ့ အကြီးကြီးရဲ့ ဘိုင်အိုဂရုပ်ဖီနဲ့ ဝါသနာ၊ အားနည်းချက်၊ အားသာချက်၊ ကြိုက်တတ်တဲ့ သက်ရှိ သက်မဲ့အရာတွေကို စုံစမ်းပေးစမ်းကွာ၊ မစ်ရှင်တစ်ခုလို မင်းကို တာဝန်ပေးတယ်၊ အမြန်ဆုံး အစီရင်ခံစာ တင်ပေးကွာ”

ပြောင်ပြောချလိုက်သော လေးလေးစကားကြောင့် သူ့ရင် ဒိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ခွင်ဝင်လာတုန်းလေး. . .

“မစ်ရှင်တို့ ပရောဂျက်တို့ဆိုတာ အဓိက ဘတ်ဂျက်လိုတယ် လေးလေးရ၊ အကုန်အကျခံရတယ်၊ အချိန်ပေးရတယ်၊ ရဲဒိုးလိုက်

www.burmeseclassic.com



သင့်ရင် လိုက်ရတယ်၊ သူတို့က စားသောက်ဆိုင်ထဲ ဝင်သွားချင်ဝင်သွားမယ်၊ ကျွန်တော်က အပြင်က ဗယာကြော် စားရင်း ရေခဲရေ ဝယ်သောက်နေလို့ ဘာသတင်းမှ ရမှာ မဟုတ်ဘူးလေ”

“လေးလေး သဘောပေါက်ပါတယ်ကွာ၊ မင်းကသာ အသုံးစာရင်း တိတိကျကျ ပြန်တင်ပြ၊ ရော့ . . . ငါးရာတန်တစ်ထုပ် ယူထား၊ စည်းစနစ်နဲ့သုံး၊ မင်းရတဲ့သတင်းက ထိုက်တန်ရမယ်နော်၊ ညဦးက ပေးထားတဲ့ တစ်ထောင်တန် ပြန်ပေး”

ဟုတ်ကဲ့ . . . အဲ့သလို တိကျသော လေးလေးမိုးသူဖြစ်ပါသည်။

“ကဲ . . . ငါသွားမယ်၊ နေဦး မောင်အူ မင်း တစ်ခုပဲ ဒီမနက် သောက်တလွဲ လုပ်ထားတယ်”

“ခင်ဗျာ . . . ဘာပါလိမ့် အာစရိ”

“ငါသွားတိုက်ဖို့ မင်းသွားတိုက်ဆေး ညှစ်ပြီး ချထားတာ သွားပွတ်တံ မဟုတ်ဘူးကွ . . . ခွိးမှုပဲ၊ အဲဒါ ငါဆံပင်ဆိုးတဲ့ ဘရပ်ရှ်ကွ၊ ဆေးမည်းတွေ စွန်းနေတာ မင်း မမြင်ဘူးလား”

“အာစရိ သွားတိုက်ဆေးကလည်း ဟာပေးအမည်းဆိုတော့”

မှန်ပါသည်။ လင်ဇီးသွားတိုက်ဆေးအမည်း ဖြစ်ပါသည်။

“အေး . . . ဆံပင်ဆေးအမည်းတွေ ကျန်နေလို့ သွားလည်း တိုက်ပြီးရော ငါသွားတွေ မည်းကုန်မှ ငါလည်း သတိထားမိတာ ( . . . )မှုပဲ . . . မနည်းဖွေးအောင် ပြန်လုပ်ယူရတယ်”

သူ မြင်ယောင်ပြီး ကော်ဖီသီးအောင် ရယ်မိသည်။ ရာသီဥတု ကောင်းနေ၍ အဲ . . . အကောင်းဆက် ရာဖိုင်နှုန်း များနေ၍





သာ တော်ရော့သည်။ သွားခါနီး . . .

“ညီသူစံ . . . ငါ့ဘောက်ချာစစ်နေတဲ့ကောင်နော်၊ မင်း ရေအိုးစင် ရှာသည်၊ မတွေ့၊ ရေငတ်ပြေ ဘီယာဝယ်သောက်တော့ လာမလုပ်နဲ့ . . . ဟင်း . . . ဟင်း၊ ငါ့ဆိုဒ်ထဲက J.E တစ်ကောင် ဘောက်ချာမှာ ငွေက မပြည့်တော့ အတွန့်အတွန့်လေးတွေ ဘောပင်နဲ့ ခြစ်ပြီး နှစ်ထောင့်သုံးရာ စာရင်းပြထားတယ်၊ ဟော့ကောင် ဒါက ဘာလဲဆိုတော့ အန္တရာယ်ကင်းအောင် ယတြာချေတာဆရာ . . . မြွေအန္တရာယ်မို့ တွန့်ပြထားတာတဲ့ . . . ဟင်းဟင်း”

လေးလေး ဖိနပ်ကို ကိုအူ အမြီးဘက်မှ ချပေးထားသည်။

လေးလေးထွက်သွားမှ ကိုအူက . . .

“ညီသူလေး . . . မင်းကြောင့် ဒီနေ့ ရာသီဥတု သာယာတာကွ၊ ရော့ . . . နှစ်ထောင့်ငါးရာ၊ ဒါ မင်းဝေစု”

“မယူပါဘူးဗျာ . . . ဒီမှာ မတွေ့ဘူးလား၊ ငါးသောင်းတောင် သပိတ်ဝင်အိတ်ဝင်”

“အေးကွ . . . မင်းစဉ်းစဉ်းစားစား ဘောက်ချာတင်ပေါ့ကွာ၊ ကွန်ဒိုငါးထပ်ကို မြွေတော့ မတက်လောက်ဘူး ထင်တာပဲ၊ အာစရိက လူလည်နော်”

အတည်ပေါက် ပြောခြင်းဖြစ်၏။

အဲ့ဒါကိုပင် အကဲခတ်ကြည့်ကြပါတော့။ ပျော်နေသော လေးလေး ဟာသဖောက်သွားသည်ကို ကိုအူ သဘောမပေါက်။

စူးစူးရောက်ရောက် လျှောက်တွေးနေသည်။

ဤသည်ကပင် ခပ်ပါးပါး ဟာသမြောက်မနေဘူးလား ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ညီသူစံကတော့ ငါးရာတန် ဘဏ်ထုပ်ကို စာအုပ်လို ဖရောခန် လက်နှင့် တစ်ချက်သပ်၍ စိတ်ကူးထဲက မျက်နှာလေးကို သပ်သပ်ရပ်ရပ် ပြုံးပြလိုက်သည်။

တစ်ဆက်တည်း အတွေးက. . . အင်း. . . လေးလေး၏ နှလုံးသားကျည်ပွေ့ အတက်အဆြာက်ကလေး စတင် ပေါက်ရောက်ပြီထင်သည်။ အမြန် အရွက်ဖားထွက်စေကြောင်း ရေလောင်းပေါင်းသင်၍ နေရောင်ခြည် ခပ်ရွဲရွဲလေး(လန်းအောင်) ဆမ်းပေးရပေမည်လေ။

ဟုတ်ပြီ။

ငရှုတ်ဆုံ. . . အသင့်. . . ပြင်။



www.burmeseclassic.com

www.burmeseclassic.com

* အင်္ဂလိပ်အိန္ဒိယမ်မှာ
  WHITE ELEPHANT ဆိုတာ ရှိတယ်…
  ငွေကုန်ကြေးကျများပြီး လက်တွေ့အသုံးမဝင်တာ၊
* လူ့ခန္ဓာမှာလည်း
  WHITE ELEPHANT နဲ့
  BLACK ELEPHANT ရှိတယ်…။
* ထဲပင်နဲ့…
  ဦးနောက်လေ
  အဖြူနဲ့အမည်း
  ကပ်ပြီးကွဲနေတာ။





# အခန်း(၂)

SUNRISE စားသောက်ဆိုင်ထဲ သူ့ ကော်ဖီအေး တစ်ခွက်သာ မှာသောက်ရင်း မှန်ပေါက်မှ အပြင်လမ်းမကိုသာ စိတ်က ပူပူပင်ပင် ရောက်ရှိနေသည်။ ချိန်းထားသောအချိန်ထက် နာရီဝက်ကျော်ကျော် နောက်ကျနေပြီ။ အေမီသော် ပေါ်မလာသေး။

"ဖုန်းကို အရမ်းမဆက်နဲ့ ညီသူ၊ မေမေနဲ့မလက်ထဲ ဖုန်းရောက်နေရင် နင့်နံပါတ် မိသွားလိမ့်မယ်၊ အဲ့ဒါထက် ကိုကိုယဉ်လက်ထဲ ရောက်သွားရင်တော့ မိုးမီးလောင်လိမ့်မယ်"

အေမီ့စကားကို နားထဲ ပြန်ကြားယောင်သည်။ စားပွဲပေါ် ချထားသော ဟမ်းဆက်လေးကို လှမ်းကြည့်ရင်း တစ်ခုခုဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



အေမီ လှမ်းဆက်မှာပါလေဟု တွေးရသည်။ ဆယ်နာရီကျော်ပြီမို့ ကော်ဖီတစ်ခွက်သာ ဝင်ထားသော ဗိုက်ထဲရှိ ပိုးမွှိုးရှစ်ဆယ်က ဆန္ဒပြ တောင်းဆိုသံတွေ တဂွိဂွိ ထွက်လာနေပြီ။ စိတ်ပူ၊ ဗိုက်ဆာ၊ စိတ်တိုနေ၍ လှုပအေးချမ်းသော စားသောက်ဆိုင်ထဲ မြင်မြင်သမျှ ထော်လော် ကန့်လန့်တွေချည်း ဖြစ်နေ၏။ အဲယားကွန်းထဲ ညှော်နံ့က ဘယ်လိုလုပ် ဝင်လာရတာလဲ။ ဟိုက. . . စားပွဲထိုး ကောင်မလေး အကြော်ခန်းတံခါးကို ပြန်မပိတ်ခဲ့ဘူး၊ ဖွင့်နေတဲ့သီချင်းက ငိုသံပါနဲ့ တောကြိုက် အဆိုတော်။ မနက်ခင်းကြီး လွမ်းဆွေးနေလိုက်ပုံ၊ ကောင်တာက ဟမ်းချိန်းအထူကြီးနဲ့ ပုဂ္ဂိုလ်က လိုက်အော်နေသေး။ ပြန်လာခဲ့မယ် ပြောတဲ့ သူကြီးရေ. . . တဲ့။ လက်ခွဲသံကြီးနဲ့ သူက လေးဆယ်ကျော်ဆိုတော့ သူ့ဆီ ပြန်မလာတာကြီးက သွေးဆုံးနေလောက်ရောပေါ့။ ဟိုထောင့် စားပွဲက အတွဲကလည်း ချောင်ထဲ ပနံ့းဖက်ပြီး ခေါင်းချင်း ပူးနေလိုက်တာ အင်ယားက မြို့တစ်မြို့ထဲ ရောက်နေတယ်များ မှတ်နေကြလား မသိပါဘူး၊ ကတည်းမှပဲ. . .။

တောက်! ဒီယင်ကောင်ကွာ. . . ငါ့ကော်ဖီထဲ. . .။

ဖျောင်း!

ခွမ်း! ဂလွမ်!

ယင်ကောင်ကို လက်ဝါးနှစ်ဖက်နှင့် ဖန်ခွက်ပေါ်က ဖြတ်အရိုက် လက်သန်းက ဖန်ခွက်နှုတ်ခမ်းကို တိုက်မိပြီး ဖန်ခွက်လိမ့်ထွက်၊ ကုန်းကွထ၊ ကမန်းကတန်း ဟပ်ထိုးဖမ်းလိုက်၍သာ ကြမ်းပေါ်ကျမကွဲခြင်း။ အား! တော်သေးရဲ့။ ဖင်ပြန်ထိုင်အချ. . .

"ဘုန်း! ဂလွမ်း! ခွမ်း! ချလွင်"

စောစောက နောက်သို့ ရွှေ့သွားသော ပလတ်စတစ်ခုံအ





စွန်းသာ ထိုင်မိသဖြင့် ချော်၍ ဖင်ထိုင်လျက်သား ပြုတ်ကျ။ လက်ထဲက ဖန်ခွက်က အခုမှပင် ကြမ်းပြင်နှင့် ရိုက်ခွဲသလို ဟက်တက်တစ်စစီကွဲ၊ လူလည်း သောက်ရှက်ဟက်တက် ဖန်ခွက်နှင့်အတူ ကွဲတော့သည့် အဖြစ်။

ငြိမ်သက်၍ ဝိုင်းကြည့်နေသော ဝန်းကျင်ဘေးဘီကို ဆောရီးဗျာ ဆိုပြီး သွားဖြီးပြလိုက်ရသည့်အဖြစ်။ ဖန်ခွက်အကွဲစတွေကို ဝန်ထမ်းကောင်မလေးနှင့်အတူ အရှက်ပြေ ဝိုင်းသိမ်းနေစဉ်. . .

သူ့မြင်ကွင်းကြမ်းပြင်ပေါ် ခြေထောက်လှလှလေးတစ်စုံ ဖိနပ် ကြိုးသိုင်းလေးနှင့်။

"ဟင်! အေမီ"

"ဘာတွေဖြစ်နေတာလဲ ညီသူ"

"ဟယ်. . နင့်. . . နင့်မျက်နှာမှာ သွေး. . . သွေးတွေ. ."

အေမီမျက်နှာ ချက်ချင်းဖြူရော်သွားပြီး မျက်ဖြူလန်တက်လာသည်။

ခွေကနဲအကျတွင် သူ ဇတ်ခနဲ ထ၍ ပွေ့ထားလိုက်ပြီး နီးရာ ကောင်မလေးကို. . .

"လုပ်ပါဦး. . . လုပ်ပါဦး၊ ခ. . ခဏ လှဲသိပ်ထားဖို့ နေ. . နေရာ၊ သူ. . . သူက သွေး. . . သွေးမြင်ရင် ဒီ. . . ဒီလိုပဲ၊ လုပ်ပါဦး မြန်မြန်လုပ်ကြပါဦး"

ကောင်တာက ဟင်းချိန်းကြီး ပြေးလာသည်။ နည်းတဲ့ကောင်ကြီး မဟုတ်။

"ညီလေး. . ပွေ့လိုက်. . ချီလိုက်လေ. . မ,ယူခဲ့၊ ကောင်တာ နောက်မှာ စားပွဲအရှည် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အေမီ၏ချိုင်းနှင့် ဒူးကောက်ကွေးထဲ လက်နှစ်ဖက်ထည့်၍ ဆ,ကြည့်သည်။ အေမီခြေထောက် ကြမ်းခင်းနှင့် လွတ်သွားသည်။ ကျန်းမာတောင့်တင်းလှသော အေမီ၏အေရိုးဗစ်ခန္ဓာကိုယ်က ထင်သည်ထက် လေးနေ၏။ သူ မ,၍မနိုင်။ ခါးညွတ်ပြီး ကိုင်းကျလာသဖြင့် အေမီတင့်ပါး ကြမ်းခင်းပေါ် ဘုတ်ခနဲ ကျသွား၏။

အင့်!

"ဖယ်. . . ဖယ်. . . ညီလေး၊ ဘယ်လိုမှ သဘောမထားနဲ့"

အားကောင်းမောင်းသန်ကြီးက အေမီကို ဇွေ့ကနဲ ပွေ့၍ ကလေးငယ်တစ်ယောက်လို သာသာယာယာပင် မ,ယူသွားလေတော့သည်။ အေမ့်အိတ် ဆွဲ၍ သူ့နောက်က မနည်းလိုက်ရသည်။

စားပွဲရှည်ပေါ် ပက်လက်တင်၍ ခေါင်းကို အိတ်ခုသည်။ ရှူဆေးမရှိ။ ဟမ်းချိန်းက သူ့အော်ဒီကလုံးပုလင်းကို အံဆွဲထဲက နှိုက်၍ လက်ကိုင်ပုဝါနှင့် ဆွတ်ပြီး ရှူစေ၏။

ဝိုင်းယပ်ခတ်ကြ၊ ဟိုနှိပ်သည်နှိပ် နှိပ်ကြမှ "အေမီ. . . အေမီ" အင်း. . အဲ. . နှင့် သတိရလာ၏။ ကြောင်တောင်တောင်ဖြစ်နေ၏။

"ညီလေး. . . ညီလေး. . . မင်းမျက်နှာက သွေးတွေ သုတ်ဦး၊ မင်းမျက်နှာကို မမြင်စေနဲ့ဦးလေ"

"လာ. . . လာ. . . မောင်လေး၊ ဟိုမယ် ဇေစင်၊ မှန်လည်း ရှိတယ်၊ တစ်သျှူးလည်း ရှိတယ်"

ဖန်ခွက်စက မျက်ခုံးစွန်းကို ထိသွားပုံရ၏။ သွေးသုတ်သည်။ သိပ်မများပါ။





မျက်နှာသစ်။ ရေခဲကပ်၍ ဝန်ထမ်းမမက ဟင်ဒီပလပ်(စ်)ဝါ တပ်ပေးသည်။ ပြီးပြီးချင်း ကောင်တာကို ပြန်ပြေးရသည်။ အေမီက စားပွဲပေါ် ငုတ်တုတ်ထိုင်နေပြီ။ ရင်ကို ဖိ၍. . .

"အော. . . အေမီ ဒီအပေါ်ကို ဘယ်လိုကဘယ်လို ရောက်နေတာလဲဟင်"

"ကိုကို ပွေ့ချီလာတာလေ. . . ငှဲငှဲ၊ ကိုကို့နာမည်က ကိုကိုမွှေ ကိုကိုမွှေ စိတ်ပူလိုက်ရတာ ကလေးရယ်"

"အယ်! ဟို. . . ဟို. . . အေမ့်သူငယ်ချင်း"

"ဟိုကောင်လေး. . . ကလေးကို မ,မနိုင်တဲ့ ကောင်လေးကလေးရဲ့သူငယ်ချင်းလား၊ ဟား. . . ဝမ်းသာစရာပဲ၊ ရော့. . . ရေအေးလေး သောက်လိုက်ဦးလေ"

ကောင်တာအဝင်၌ ခဏရပ်၍ ဟင်ဒီပလပ်(စ်)ကနေ စိမ့်ကျ လာသောသွေးစက်ကို တစ်သျှူးနှင့် ဖိထားရင်း အထဲက မြင်တွင်းနှင့် စကားတွေကို သူ အကုန်ကြားနေမြင်နေရလေသည်။ အေပေးကြီး. . အေမ့်ကို ပွေ့သွားကတည်းက ကြည့်မရခဲ့တာ။

သူ့သွေးဆုံးကြီး ပြန်မလာဘဲ သွေးအစလေးကို ပွေ့လိုက်ရ၍ နှာခေါင်းကျွည်ပွေ့ တွေ့ပြီး ဟဒယ ခွေ့နေလိုက်ပုံများ။ တင်ပါးကြီး ဖနောင့်နဲ့ ဝင်ပေါက်လိုက်ရ။ ကလေးကို မ,မနိုင်တဲ့ ကောင်လေးလား၊ သူငယ်ချင်းလား. . . ဝမ်းသာသတဲ့လား။ (. . .)မသားကြီး နှာဘူးကြီး။

တစ်သျှူးခွာ၍ကြည့်သည်။ သွေးက မတိတ်ချင်သေး။ တစ်သျှူးအသစ်နှင့် ထပ်ဖိရင်း ရပ်နေရပြန်သည်။ သွေးမြင်ပြီး အေမီသည်တစ်ခါ မေ့လဲရင် ငတေကြီးက အိပ်ခန်းထဲခေါ်၍ ပြုစုတော့မည့်

www.burmeseclassic.com



ပုံ။

"ကလေး. . . နေသာထိုင်သာ ရှိရဲ့လား၊ အေးအေးနားဦးလေ ဘာသောက်ဦးမလဲ၊ တစ်ခုခု အကူအညီလိုရင် အချိန်မရွေး ဖုန်းဆက်နော်၊ ရော့. . . ဒီမယ် ကိုကိုရွှေ့ ဗစ်စစ်တင်းကဒ်"

သူ တစ်သျှူးခွာကြည့်သည်။ အိုကေ. . . သွေးတိတ်သွားပြီ။ သူ ဟမ်းချိန်း ကိုကိုရွှေနောက်သို့ ချဉ်းကပ်၍ ရပ်လိုက်သည်။

"အေမီ. . . နင်ကံကောင်းတယ်၊ ဒီလိုသဘောထားပြည့်တဲ့ နောင်တော်နဲ့ ဝန်ဆောင်မှုကောင်းတဲ့ဆိုင်ကို ဝင်မိလို့ပဲ"

"အမှန်ပဲ ညီလေး. . . ငဲ့ငဲ့"

"COUSTOMER IS ALWAYS RIGHT ဆိုတဲ့စကားကိုလည်း ဒီနောင်တော် သဘောပေါက်ပုံရတယ် အေမီ"

"စားသုံးသူဟာ အမြဲမှန်တယ်လေ၊ ဒါ ဥပဒေပဲ. . . ငဲ့ငဲ့"

"ဒါဆို အမှန်စကားကို စားသူကျွန်တော်က ပြောပြမယ်၊ ပြဿနာက ယင်ကောင်တစ်ကောင်ကနေ စဖြစ်တာ၊ သည်လောက်သန့်တဲ့ဆိုင်ထဲ ယင်ကောင်ဝင်လာတယ်ဗျာ၊ ရှဲလို့ ထရိုက်တယ်၊ ဖန်ခွက် တိုက်မိတယ်၊ ရအောင်ဖမ်းတယ်၊ အပေါ်စားထိုင်ခုံက ရွှေ့တယ်၊ ပြန်ထိုင်တော့ ဖင်ထိုင်ကျတယ်၊ ဖန်ခွက်ကွဲတယ်၊ သွေးထွက်သံယိုဖြစ်တယ်၊ အေမီက လန့်တတ်တော့ သွေးမြင်ပြီး ဒီလိုအထိဖြစ်သွားတယ်၊ ဝင်လာတဲ့ ယင်ကောင်ကြောင့် ဖန်ခွက်ကွဲတာ၊ ဒါကို ကျွန်တော်က လျော်ရဦးမလား"

"ဟာ. . . ဒါဆို ဘောစိက ကျွန်တော့်ဆီက ဖြတ်လိမ့်မယ်၊ ဖန်ခွက်က အကောင်းစားကြီးဗျ"

"ခင်ဗျားကျူတီချိန်မှာ ယင်ကောင်ဝင်တာလေ၊ ကျုပ် သွေးထွက်တာလေ၊ ဘယ်မလဲ ခင်ဗျားဘောစိ၊ ကျွန်တော် ဝင်တွေ့မယ်"





"အဲ့. . အဲ့ဒါက ပိုဆိုးမယ်"

"ဒါဆို ရော့. . . ကော်ဖီဖိုး၊ လာ. . . အေမီ. . . လစ်မယ်"

မှန်တံခါးအပေါက်ထိ ဟမ်းချိန်းက ခပ်မဲ့မဲ့ ပြုံး၍ လိုက်ပို့သည်။ သူက မှန်တံခါး တွန်းဖွင့်ရင်း. . .

"ပြန်လာခဲ့မယ် ပြောတဲ့ သွေးဆုံးကြီးကို ဆက်စောင့်လိုက်ဦး နောင်တော်၊ ဒီမနက် တန်ပါတယ်ဗျာ၊ ဖန်ခွက်တစ်လုံးနဲ့ ဒီလောက် ပွဲ့ရ၊ ဒီလောက်ကြောင်ရတာ. . . ငဲ့. . . ငဲ့"

"ဘာတွေလဲ ညီသူရာ"

"လာ. . . ကန်ဘောင်ပေါ်ကျမှ ငါပြောပြမယ်"

ကန်ဘောင်ပေါ်က ရေငွေ့ပါသော လေနုအေးက ပြေးပွေ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကန့်ဘောင်စားသောက်ဆိုင်တွင် မှာထားသော. . စားသောက်စရာတွေကို စောင့်ရင်း Sunrise ထဲက သူ့ဖြစ်စဉ်ကို ပြောပြလိုက်သည်။

အေမီ ပွင့်လင်းလွတ်လပ်စွာ ရယ်နေပုံက. . ချစ်စဖွယ်ကောင်းလှသည်။

"ဟဲ့. . . ညီသူရဲ့၊ အဲ့ဒီအဆိုတော်နဲ့ သူ့သီချင်းလေးတွေ ကောင်းပါတယ်ဟဲ့"

"လူတစ်ယောက် ထုတ်လုပ်ထားတဲ့ အနုပညာကို ကောင်းတယ် မကောင်းဘူးလို့ ငါ ဘယ်တော့မှ မပြောဘူး၊ ပြောခွင့်လည်း မရှိဘူး၊ ဝေဖန်ရေးဆရာတွေ သူတေသီ ဂုရုတွေ ပြောလိမ့်မယ်၊ အေး. . . ကြိုက်တယ် မကြိုက်ဘူးဆိုတာတော့ ငါပြောခွင့်ရှိတယ်၊ ဒါ ငါ့ရွေးချယ်မှုနဲ့ ငါ့အခွင့်အရေး၊ ငါ့တစ်သီးပုဂ္ဂလ ခံစားမှု"

"ကဒ်. . . ကဒ်. . . ငါက ပေါ့ပေါ့ပါးပါးပဲ ပြောတာပါ





ဘယ်၊ နင်က လေးလာနေပြီ၊ နင်နဲ့ငါနဲ့ မတွေ့ရတာ ဆယ့်ခြောက်နှစ် ရှိနေ ပြီ၊ တွေ့တုန်း ပျော်ပျော်ရွှင်ရွှင်လေး ပေါ့ပေါ့ပါးပါးလေး နေတွေ့ရအောင်"

"ငါက အိပ်ယာက နိုးကတည်းက ပျော်နေတာ အေမီ၊ နင်နောက်ကျနေလို့ ပိုက်ဆာ စိတ်တိုပြီး ပြဿနာတွေ တသီတတန်းကြီး ဆက်ဖြစ်ကုန်တာ၊ နင်က ဘာလို့ နောက်ကျနေတာလဲ"

"ကိုကိုယဉ်ရှေ့ပေါ့ဟယ်. . . ဆိုင်သွားခါနီးမှ နတ်ကွန်းက အန်းဖွဲ့ ငှက်ပျောပွဲတွေ လဲထားဖို့ မိန့်တော်မူတယ်လေ၊ မေမေနဲ့ငါ ဈေးပြေးရတာပေါ့။ မမကေသီဆီ ဟမ်းဆက်ကျန်ခဲ့တာ၊ နင်များ ဟမ်းဆက်ရင် ဆိုပြီး ငါ စိတ်တထင့်ထင့်နဲ့"

ဟင်းပွဲတွေ လာချသည်။ စုံနေသည်မို့. . .

"ဟား. . . စုံနေတာပဲ၊ ငါ့မှာ ပိုက်ဆံသိပ်မပါဘူးနော် ညီသူ"

"ကြိုက်သလောက်စား အေမီ၊ အီဖေကို ရှင်းမယ်. . . ဟင်းဟင်း"

"တစ်နေ့တစ်ထောင်ပဲ ရတဲ့ ရီဖျူဂျီက ဘယ်လိုအကြံအဖန်ဆောလာသလဲ"

"စားရင်း ပြောပြမယ်ဟာ၊ ငါ တော်တော်ဆာနေပြီ၊ နင်လည်း အဝသာကြိတ်၊ ကြိုက်တာ ထပ်မှာ၊ ကျောင်းသက်တစ်လျှောက်လုံး နင်ပဲ ကျွေးခဲ့တာ၊ ဒီတစ်ခါ ငါ့အလှည့်ပဲ"

ဟင်းတွေ အေမီ့ပန်းကန်ထဲ ခပ်ထည့်ပေးရင်း. . .

ကြည်လင်သန့်စင်နေသော မျက်နှာလေးကို ငေးခနဲ ကြည့်သည်၊ အေမီကလည်း သတိပြုမိဟန် ပြန်ကြည့်ရင်း ခဏကြာ



www.burmeseclassic.com

www.burmeseclassic.com



မှ. . .

"ညီသူ. . . နင့်စိတ်ထဲက တစ်ခုခု ပြောလိုက်တာကို နင့် မျက်လုံးမှာ ငါဖတ်လိုက်ရသလိုပဲ၊ ဘာလဲ. . . မလိမ်ကြေး ပြော"

နင်နေသောထမင်းလုပ်ကို ယိုးဒယားဟင်းချိုနှင့် မျှောချ လိုက်ရင်း. . .

"ငါ စိတ်ထဲက တစ်ခုခု ပြောတော့ ပြောလိုက်မိတယ်. . . ဘာပါလိမ့်၊ အဲ. . ငါပြန်စဉ်းစားဦးမယ်၊ ကျောင်းသက် တစ်လျှောက်လုံး နင့်အလှည့်ချည်းပဲ ဆိုတော့ကာ ဘဝတစ်လျှောက်လုံး ငါ့ အလှည့်ချည်းပဲ ဖြစ်ချင်တယ်၊ အဲ့လို အဓိပ္ပာယ်ဆန်ဆန် ပြောလိုက်မိသလားပဲ"

"နင်နော်. . . ဝေ့လည်ကြောင်ပတ်ပြီး ရည်းစားစကား ပြောပြန်ပြီလား၊ နင့်ကတိ နင်မေ့သွားပြီလား"

"မမေ့ပါဘူးဟာ. . . နင်က မလိမ်ကြေးဆိုလို့ လက်ာချော အောင် မှုသားပါးပါးလေးနဲ့ ရောပြီး အမှန်ပြောတာပါဟာ"

"ညီသူနော်. . . ထမင်းကျွေးပြီး လူလည်မကျနဲ့၊ ငါ မစား တော့ဘူး"

ဇွန်းခရင်း ပန်းကန်ပေါ် ငွမ်ခနဲ ပစ်ချလိုက်၏။

"အလကား စ,တာပါဟာ. . . စားပါ၊ ဒီထမင်းလည်း ငါ ကျွေး တာချည်းပဲ မဟုတ်ဘူးဟ၊ နင့်စွမ်းဆောင်ရည် အများကြီးပါ တယ်"

ပြောရင်း ဘောင်းဘီအိတ်ထဲက ငါးရာတန် အထပ်လိုက်ကို စားပွဲပေါ် တင်လိုက်သည်။

အေမီက လှမ်းကြည့်ရင်း. . .





"ငါ့စွမ်းဆောင်ရည် ဟုတ်လား. . . ဘာပါလိမ့်"

သူက ပလုပ်ပလောင်း ဝါးရင်း. . .

"နင့်စွမ်းဆောင်ရည်က နှစ်ချက်တောင်ဟ၊ တစ်. . . ငါစပ် [illegible]တဲ့ တွန်ဒိုတိုက်ခန်းကို နင် ဝယ်ဖြစ်အောင် ပူဆာနိုင်တာရယ်၊ [illegible]. . . ပြောင်းလာပြီး သုံးရက်အကြာမှာ ငါဖုန်းဆက်ပြောတဲ့အ [illegible] မမကေသီနဲ့ ဝရံတာမှာ အေရိုးဗစ် ထွက်လုပ်တာရယ်၊ အဲ့ဒါ. . [illegible]စွမ်းဆောင်ရည်ပဲ"

"အွန်. . ရပ်ကွက်ထဲ နေတုန်းကတောင် ခြံထဲ ကက်ဆက် [illegible] ဆင်းလုပ်နေကျပဲ၊ ထရက်စုအရှည်တွေနဲ့ပဲဟာ. . . ဘာထူး [illegible]လဲ၊ ဘယ်လိုစွမ်းဆောင်မှုလဲ ပြောပါဦး၊ နင်တို့ ချောင်းတော့ [illegible] ဘာမြင်ရတာလိုက်လို့"

"အေး. . . နင်တို့ကတော့ အားကစား လုပ်နေကျမို့ ဘာမှ [illegible]ဘူး၊ ငါထင်ထားတဲ့အတိုင်းဖြစ်လာတာက ငါ့လေးလေးဟ၊ [illegible] ဘီဗွီထဲတော့ အဲ့လိုကစားတာ မြင်ဖူးချင် မြင်ဖူးမှာပေ့ါ၊ အပြင် [illegible] အရှင်လတ်လတ်. . . အဲ့လို အနီးကပ် တစ်ခါမှ မြင်ဖူးတာ မ [illegible]ဘူးလေ"

"အနီးကပ် မဟုတ်ပါဘူးနော်၊ ပေသုံးဆယ်လောက် ဝေးတဲ့ [illegible]"

မှန်ပြောင်းနဲ့ဟ ဟု သူပြောဦးမလို့ လိမ္မော်ရည်နှင့် ပြန်တွန်း [illegible]ရ၏။

"အေးလေ. . . ဒါပေမယ့် သူ အိပ်ယာထ မင်္ဂလာ မြင်ကွင်း [illegible]ဆို အရိုးမျှားသလေး ချေးခါးသလေး၊ ဖရိမ်စောင်းသလေး၊ [illegible] မကွဲဘူးလေး လုပ်တတ်တဲ့ ငါ့လေးလေး၊ နင်တို့ညီအစ်မကို

www.burmeseclassic.com



နေ့တိုင်းအားပေးတယ်ဟာ"

"ဘူးကျတာကို စကားလုံး လှအောင်. . . ဟင်းဟင်း. . . အားကစားမို့ အားပေးတယ်ပေါ့နော့"

"ငါ့လေးလေးက ဘူးမဟုတ်ဘူးဟ၊ လူချောလူခန့် လူရည်သန့် အရာရှိကြီးပါ၊ သူ့ကို ခိုက်နေတာ မီးရထား သုံးလေးတွဲစာ ရှိတယ်"

"ပိုလန်ကို ပို့မယ့် ဆိတ်မတွေနဲ့ မှားနေပါ့မယ် ကိုညီသူစံ ရယ်၊ နှင့်လေးလေး နာဇီ ဗိုဇာကြီးက သူ့စစ်သားတွေနဲ့ သူ့အကျဉ်း သားတွေကို ဆိတ်သားတစ်ယောက်တစ်မျှင် ဖျဉ်ပြီး ကျွေးနေပါ့မယ် ကပ်စေးကြီးဆို"

"စည်းကမ်းရှိတာကို တစ်ချို့က အဲ့ဒီစကားလုံး သုံးတတ် တယ်ဟ၊ ဟော. . . အခု သုံးသင့်တာကျတော့ လေးလေး သုံးတာပဲ လေ၊ အဲ့ဒါ သူ တရားဝင်ပေးလိုက်တာဗျား"

"ဘာအတွက် ပေးတာလဲ"

"နှင့်တို့မိသားစုကို မော့ဆက်လုပ်ဖို့လေ၊ ဘတ်ဂျက် ချပေး လိုက်တာ၊ မစ်ရှင်း. . . မစ်ရှင်း"

"ဩော. . . ဩော. . . ဂလိုကိုး"

ခုမှပင် အေမီ ဇာတ်ရည်လည်သွားပုံရ၏။

"အင်း. . . တော်တော်ထောက်လှမ်းရမှာပဲနော်၊ လေးငါး နှစ် ပေါင်းလာတော့ ငါ့အိမ်အကြောင်း နင်က အကုန်သိနေမင့်ဟာ ပဲ. . ပြောပြလိုက်ပေါ့၊ အူဘယ်နှခွေ၊ ဘယ်မှာ ချက်မြှုပ်တယ်၊ တစ် ယောက် ချင်းရဲ့ဇာတာက ဘယ့်နှယ်ပေါ့၊ တစ်ထိုင်တည်း ပြော လိုက်ပေါ့၊ နင် ရိုး Roll တက်တာပေါ့၊ နင့်လေးလေးက နင့်ကို





…ကလေးပေါ် တင်ပြီးတောင် ကိုးကွယ်ထားဦးမယ်"

ဝက်သားပဲငါးပိတွေ အေမီ့ပန်းကန်ထဲ ခပ်ထည့်ရင်း. . .

"အေမီ. . . နင် ငါ့သူငယ်ချင်း အရင်းကြီး လုပ်နေပြီး အ တွေး အခေါ်က ညံ့ပ့ါ၊ ငါက စင်ပေါ် တင်ပြီး ကိုးကွယ်ခံရတဲ့ နင်တို့ နတ်ကွန်းက သာတီဆဲဗင်းထဲ ပါချင်တာ မဟုတ်ဘူး၊ Roll လိုချင် တာ မဟုတ်ဘူးဟ၊ ငါလိုတာက ဘတ်ဂျက် မျက်မျက်ကလေး၊ ပုံမှန် ကျလာမယ့် ဘတ်ဂျက်ဟာ၊ ဖွတ်ဂလိဒင်္ဂါးဟာ၊ နင့်ကို ပြုစုဖို့၊ စောင့် ရှောက်ဖို့၊ ကာကွယ်ဖို့. . . ပျော်အောင်ထားဖို့"

"ဟိုးထား. . . ကိုညီသူစံ. . . သံလမ်းကို ပြန်ကြည့်၊ ဟိုဘူ တာဘက် ရှင့်ခေါင်းတွဲလှည့်နေပြီ၊ ဟဲ့. . . ဟဲ့. . . ဟင်းချိုတွေ အားကုန်ရင် သောက်မကောင်းဘူး. . . ရှရူး! ရှလွတ်!"

သူမက ဟင်းချိုသောက်နေ၏။

သူက ကဗျာသောက်နေမိ။

ငါ့ရထားတတော့ ထန်းတောဖြည့်

ချစ်ခြင်းများ တင်ဆောင်လို့

မင်းထူတာမှာ ဆိုက်ဖို့ပဲ...

ဦးတိုက်ဝင်လာနေပါပြီ

"ဟိတ်! ဟင်းချိုသောက်လေ. . . ပူတုန်း၊ နင်က ဘာစဉ်း စားနေတာလဲ"

"နှလုံးသည်းပွတ်ထဲ ပူကျစ်

ဂစ်စတစ် ဖြစ်နေတဲ့ကဗျာပါ

ဆာလွန်းလို့. ."

ဈာန်ဝင်ပြီး ရမ်သမ်နှင့် ရွတ်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာလေ. . . ငါသတိထားမိတယ်၊ တစ်ခါတစ်ခါ တည်တည်တံ့တံ့ကြီး ဖြစ်ဖြစ်သွားတယ်၊ ရယ်ရတယ်. . ဟင်း ဟင်း"

ပြောပုံက (တကယ်ခံစားရတဲ့) အပြောခံရသူ လဲသေလိုက်ဖို့ မကောင်းဘူးလားခင်ဗျာ။ ကျွန်တော်မျိုးကြီး မသေသင့်ဘူးလား။

"အေမီ. . အခုန Sunrise က ဘဲကြီးဆီ ဖုန်းဆက်၊ ခုချက်ချင်းလာပါ၊ ကျွန်မသူငယ်ချင်း လဲသေသွားလို့ပါ့လို့. . . လာပွေ့ပါလို့"

"ဟားဟား. . ဟား. . ဘာများလဲလို့ ညီသူစံရယ်၊ ဟင်း. . ဟင်း. . ညီသူစံရယ်. . ဟင်း. . ဟင်း. . နင်ဟာလေ အမြဲဟာသမြောက်တယ်၊ နင် အခု လဲသေကြည့်. . ငါပွေ့သွားမှာ"

"မသေခင် ငါစဉ်းစားနေတာ တစ်ခုရှိတယ်ဟ၊ ငှါ့လေးလေးမစ်ရှင်းဟာ ကေသီသော် မစ်ရှင်လား၊ အေမီသော် မစ်ရှင်လား မကွဲပြားဘူး၊ ငါလည်း မေးမကြည့်မိဘူး"

"ဘုရား. . . ဘုရား"

ထမင်းပန်းကန် လက်စသတ်ရင်း အေမီသော်က ဘုရားတသည်။

"ဒါဆိုလည်း နင် သတင်းအမှန်ပေးလိုက်၊ ကေသီသော်က လက်ထပ်ပြီးသား၊ အေမီသော်ကလည်း လက်ထပ်တော့မှာလို့"

"ဘာပြောတယ်"

"မမကေသီက လက်ထပ်ထားတယ်. . . ကိုယ်တော်ကြီးနဲ့၊ ငါလည်း လက်ထပ်ရတော့မယ်. . . ကိုယ်တော်လေးနဲ့၊ ငါတို့ညီအစ်မ နှစ်ယောက်စလုံး မင်းနှစ်ပါးရဲ့မယားတွေလို့ ပြောလိုက်၊ အဲ့ဒါသံတမန်ရပ်ကွက်က သတင်းလို့"





ခုမှပင်. . . မော့ဆက်အဖွဲ့ဝင် ညီသူစံခမျာ တာလီဗန် ဇုံးခွဲသလို တုံးခနဲ လဲသေသွားလေသည်။

တုံး။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၃)

မြေညီထပ် ကားပါကင်တွင် လေးလေး ကားရပ်ထားသည်ကို မြင်လိုက်ရသည်။ လေးလေး အစောကြီး ဘာလာပြန်လုပ်ပါလိမ့်။

ခါတ်လှေခါးထဲ ရောက်မှ သူ သတိရသည်။ ဒီနေ့ ဌာနဆိုင်ရာ ဂေါက်သီးပြိုင်ပွဲ ရှိသည်။ လေးလေးတို့ ဆောက်လုပ်ရေး ကုမ္ပဏီက စပွန်ဆာ လုပ်ထားသည်။

ဗုဒ္ဓေါ. . . မစ်ရှင်းတိုးတက်မှုများ မေးနေရင် ဘယ်လိုဖြေမလဲ။ ငွေစာရင်းစစ်ချင်စစ်နိုင်သည်။ လေးထောင်ကျော်ကို ဘယ်လိုဘောက်ချာပြမလဲ၊ အမြန်. . . အမြန်စဉ်းစားစမ်း။



www.burmeseclassic.com

www.burmeseclassic.com



ရပြီ. . ရ. ယ. က ရုံးစာရေးကိုမြင့်ကို ဘီယာတိုက်၍ ပုံစံ (၁၀) တောင်းကြည့်ခဲ့သည်။ ပုံစံ(၁၀)ထဲက အချက်အလက်လောက် တော့ ပထမဆုံး သိလာသည်ပေါ့။

ဟာဟ. . . ဟုတ်ပြီ။ နှစ်ယောက်သောက်ဖြစ်၍ ငါး ထောင် ကျော် ကုန်သည်ပေါ့။ ဟာ. . . စေ့စပ်သော လေးလေးက ဘောက်ချာ တောင်းနေရင်. . .။

"ကလစ်! ရှင်း!"

ငါးထပ်ခါတ်လှေခါး ပွင့်သွားသည်။ ဘောက်ချာ နောက်နေ့ တောင်းခဲ့မည်။ မေ့လာသည်ပေါ့။ တိုက်ခန်းတံခါးက ဟနေသည်။ အထဲက အသံ. . .

"မောင်အူရာ. . . ရေချိုးခန်းအိမ်သာဖိနပ်ဆိုတာ ရောဂါပိုး အမျိုးမျိုး ကပ်နေတာကွ၊ မင်းကို ဟိုတလောက သုတစွယ်စုံထဲက ခါတ်ပုံ ငါမပြဘူးလား"

"ပြပါတယ် အာစရိ. . . မှတ်မိပါတယ်၊ အင်္ဂလန်က အသန့်ဆုံး စံပြအိမ်က ဆိုဖာကြီးကို အနုကြည့်မှန်ဘီလူးနဲ့ ရိုက်ပြထားတာ ပါ"

"အဆတစ်ထောင် ချဲ့ထားတဲ့ပုံထဲ အဲ့ဒီဆိုဖာမှာ ရောဂါပိုး တွေ အများကြီးလေ၊ မင်းမတွေ့ဘူးလား. . . မကြောက်ဘူးလား"

"ကြောက်တော့ ကြောက်ပါတယ်ခင်ဗျ၊ ဒါပေမယ့် အဲ့ဒီ ဆိုဖာက အင်္ဂလန်မှာဆိုတော့ ဒီအထိ လာပြီးဒုက္ခမပေးနိုင်ဘူး ထင် တာပဲ"

သူ ဝင်လာပြီး ခဏရပ်နေ၏။

"မင့်မေကလွှား. . . လောလောဆယ် အဲ့ဒီအိမ်သာဖိနပ်က





အားလုံးကို ဒုက္ခပေးမှာ၊ ကော်ဇောတွေအားလုံး ဆပ်ပြာမှုန့်နဲ့ ဝလတ် စကြောနဲ့ လျှော်ပစ်စမ်း၊ ပြီးရင် ဝရံတာမှာ နေလှမ်း. . ၊ နေမရရင် အောက်ချ၊ မြက်ခင်းမှာ ဆင်းလှမ်း၊ လာ. . ဟော့ကောင် ညီသူစံ၊ မင်းပါ ဝိုင်းလုပ်၊ ငါပြန်လာလို့ မခြောက်သေးရင် Dryer နဲ့မှုတ်၊ စပရေး ဖြန်းထား. . ငါသွားမယ်၊ နောက်တောင်ကျနေပြီ. . . ခွီးမှ တွာ"

သူ့ဂေါက်အိတ် သူထမ်း၍ တဂွမ်းဂွမ်း ထွက်ခွာသွားလေ မှ. .

"ဘာဖြစ်တာလဲ ကိုအူ၊ ကျွန်တော်ပါ အမှုတွဲထဲ ဘယ်လိုပါ သွား တာလဲဗျာ"

ကိုအူက မျက်နှာငယ်လေးနှင့် အိမ်သာဖိနပ်ကို လှမ်းကြည့် သည်။ ခြီးထုပ်ကိုင်သလို လက်မလက်ညှိုးနှင့် ကော်ဇောပေါ်က ကောက်မ,၍ ရေချိုးခန်းဘက် ပစ်ထုတ်သည်။

"မင်းလည်း ပါရမှာပေါ့ကွ၊ ဒီအမှု မင်းက စ,တာလေ"

"ဘာဗျ. . ."

"ဘာရမလဲကွ. . . မနက်က ဆရာအာစရိ ဖိနပ်အသင့်စီး နိုင်အောင် အသင့်ချပြီး ဖင်လှည့်တဲ့နည်း မင်းပဲ သင်ခဲ့တာလေ၊ အဲ့ဒါနဲ့ မျက်နှာကောင်းရ. . . ဆုကြေးရခဲ့တာလေ"

"အေးလေ. . . ခုဟာက ဘာဖြစ်တာလဲလို့"

ကော်ဇောပေါ် နှစ်လုံးမြေကျ ထိုင်ချလိုက်ပြီး သကာလ လက်မေးထောက် တံတောင်ဒူးတင်၍ ဆံပင်ပါးပါးကို လက်နှင့် ဖွ ရင်း. . .

"အာစရိ အပြင်က ပြန်လာတိုင်းငါ သတိထားကြည့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆီးရှင်လာပုံရတယ်၊ အိမ်သာတန်းပြေးတယ်၊ သေးပေါက်မယ်၊ လက်ဆေးမယ်၊ ငါက သူ့အတွက် ပိုအဆင်ပြေအောင် ရေချိုးခန်း ဖိနပ် အိမ်ဝမှာ အသင့်ချပေးထားလိုက်မိတယ်၊

သူကလည်း ဝင်ဝင်ချင်း အလိုက်သင့် ကောက်စွပ်ပြီး ဧည့်ခန်းထဲ ဘာပတ်ရှာနေမှန်း မသိဘူးကွာ၊ ဒီနေ့မှ ရေချိုးခန်း တန်းမဝင်ဘူးလေ၊ ဂေါက်ကွင်းဝင်တဲ့ လည်ပင်းဆွဲကဒ်ပြား တွေ့မှ ဟူးခနဲ ဆိုဖာပေါ် ထိုင်ချရင်း သူစီးထားတဲ့ဖိနပ်ကို တွေ့သွားတာ၊ မိုးမီး လောင်ပါလေရော၊ အဲ့ဒါ. . မင်း. . အဓိက တရားခံ"

"ဩော်. . . ဖြစ်ရတယ် ဆရာကိုမောင်အူရယ်"

"လာ. . လာ. . ကော်ဇောဝိုင်းလိပ်. . လျှော်မယ်"

သူ တုတ်တုတ်မလှုပ်ဘဲ. . .

"ခင်ဗျားဗျာ. . . အဲ့ဒီဖိနပ်ပိုး ခင်ဗျားမြင်ရလား"

"ဟောအေး. . "

"အနုကြည့် အဆတစ်ထောင် မှန်ဘီလူးကော လေးလေးမှာ ရှိသလား"

"ဟောအေး. . . ငါတော့ မတွေ့မိဘူး"

"ဒါဆို ရိုးရိုးဘရပ်ရှ်နဲ့ပဲ ကော်ဇောအမွေးညီအောင် လိုက်တိုက်၊ ဟဲယားဒရိုင်ယာကို ကြိုးခွေနဲ့ ပလပ်ခုံနား အသာချထားလိုက်၊ လိုအပ်ရင် ဖုန်မှုတ်စက်ပါ ပူနေအောင် နှိုးထားလိုက်၊ ပြီးရင် စပရေး ဖြန်းထားလိုက်၊

လေးလေးအမြင်မှာ လျှော်တယ်၊ နေလှန်းတယ်၊ ခြောက်သွားအောင် လုပ်ထားတယ်၊ ဒါပဲပေါ့ဗျာ၊ ဒါသုံး. . ဒါသုံး"

သူ့ကို အူခနဲ ပြန်ကြည့်ရင်း. . .





"မင်းနားသယ်နားက ဆံပင်ကို ငါက ဘယ်နေရာ သုံးရမှာတုန်းကွာ"

တကယ်ပြန်မေးပုံမျိုးပါခင်ဗျား။ ဘုရားစူးရပါစေရဲ့။

"ကျွန်တော့်ဆံပင်ကို ပြတာမဟုတ်ဘူး၊ ခင်ဗျားကို ခေါင်းသုံးဦးနှောက်သုံး. . အတွေးအခေါ် သုံးဖို့ ပြောနေတာဗျ"

သဘောပေါက်သွားပုံ ရသည်။

လက်ဖျစ်တစ်ချက် တီး၍. . .

"အေး. . ဟုတ်တယ်၊ ဒါဆို မင်းရောငါရော သက်သာတယ်"

ခဏငူကြောင်၍ ကိုအူ စဉ်းစားနေပြန်သည်။

"ဒါပေမယ့် ညီသူရ. . . အာစရိစကားအရ ဟိုဆိုဖာပိုးထက် ဒီဖိနပ်ပိုးက ပိုဆိုးပြီး အရိုးပိုမာမယ်၊ သားတွေမြေးတွေ ပေါက်ဖွားလာပြီး. . ."

"မီးသာ ရှို့လိုက်တော့ ကိုခင်မောင်အူရေ၊ မီးသာ ရှို့လိုက်တော့"

မနည်းကို 'ဒိ' ဖြတ်ချပြီး သူ့အခန်းထဲ ဝင်ခဲ့ရတော့သည်။ တော်သေး. . ကိုအူ့ကျေးဇူးကြောင့် မစ်ရှင်သတင်းဦးနှင့် ဘောက်ချာငွေစာရင်း စစ်ဆေးရေးလုပ်ငန်း လောလောဆယ် အလှမ်းဝေးသွားရလေ၏။ အေမီ ပြန်ရောက်နေကြောင်း သူမ အခန်းလိုက်ကာလေးက အကြောင်းကြားသည်။ အိပ်ယာပေါ် လှဲချလိုက်၏။

မမြင်ဖူးသော မင်းနှစ်ပါးက အတွေးထဲ ဝိုးတဝါး ပေါ်လာ၏။

မူးနေလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ယိုင်တိယိုင်ထိုးနှင့်. . . ။

ရွှေကိုယ်တော်တို့ရယ်. . . ရှိခိုးဆို ရှိခိုးပါ့မယ်၊ ဘီယာတိုက်ဆို တိုက်ပါ့မယ်။ ကျွန်တော့်မစ်ရှင်ကိုတော့ ခြုံခိုမတိုက်လိုက်ပါနဲ့ဗျား. . . ။

ဌ ဌ ဌ ဌ





ကိုအူ စောစောစီးစီး ဈေးသွားနေ၍ သူ ပြင်ဆင်ခင်းကျင်းထားသော မနက်စာကို တူဝရီးနှစ်ယောက်တည်း စားနေကြသည်။ တိုမြင့်ကို ဘီယာတိုက်၍ သူရယူခဲ့သော ပုံစံ(၁၀) သတင်းလိမ်တင်ပြပြီးဖြစ်သည်။ နှစ်ရက်အတွင်း_နာမည်၊ အသက်၊ ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ အလုပ်အကိုင် သိရ၍ လေးလေး ကျေနပ်သွားပုံ ရသည်။ တော်သေး၏။ လေးလေးမစ်ရှင်က အကြီးမ ကေသီသော်ဖြစ်နေ၏။ လေးလေးက ကြက်ဥစားရင်း. . .

"ကေသီသော်တဲ့လား. . . (၂၇)နှစ်ဆိုတော့ မဆိုးပါဘူး၊ မှီခို ဆိုတာက ဘယ်သူ့ကို မှီခိုရတာလဲကွ"

"သူ့အစ်ကို ကိုကိုယဉ်လေ၊ ကိုကိုယဉ်က လှည်းတန်း စံရိပ်ငြိမ်မှာ အလှပြင်ဆိုင် ဖွင့်ထားတယ်၊ ဓါတ်ပုံဗီဒီယို ရိုက်ကူးရေးနဲ့ မင်္ဂလာဆောင် ဝန်ဆောင်မှုလုပ်ငန်းတွေ အကြီးအကျယ် လုပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ကိုမြင့်ဆီက သိရတာ၊ ဒါပေမယ့်. . . ကိုကိုယဉ်က ဂေး. . . လေးလေး ရဲ့"

လေးလေးက ကြက်ဥလက်စသတ်ပြီး. . ကော်ဖီတစ်ငုံ သောက်သည်။

"ဒါဆို. . . မင်း အဲ့ဒီဆိုင်ကို ဝင်ထွက်သွားလာဖို့ လွယ်တာပေါ့။ ငါတို့က လူချောလူဖြောင့်ပဲ၊ ဟဲဟဲ. . အဲ့ဒီအညာကို မင်းချုပ်ကွာ"

"ဗျာ! လေးလေး. . ကိုယ်ကျိုးနည်းရချည်ရဲ့ဗျာ"

ပေါင်မုန့်ထောပတ်သုတ် လည်မျိုဝတွင် နင်နေ၍ ကော်ဖီနှင့် ကျိုက်ချဟန် လုပ်ပြလိုက်ရသည်။

"လေးလေး လေ့လာမိသလောက်တော့ အဲ့ဒီအလှပြင် မိတ်ကပ် ဆံပင်ဂေးတွေဟာ Sex ကိစ္စမပါတဲ့ ဂေးတွေကွ၊ အဲဒါများတယ်၊ သူတို့က စီးပွားရေးဂေးကွ၊ မိန်းကလေးတွေရော ယောကျ်ားလေးတွေရော Male ရော Female ရော သူတို့နဲ့ ယုံယုံကြည်ကြည် ခင်ခင်မင်မင် အရောဝင်လို့ရတဲ့ လူတန်းစားပုံစံကို တမင်ယူထားတာ"

"ဒါပေမယ့် လေးလေးရာ၊ သူတို့က ပရောပရီ. . ဟိုကိုင်ဒီကိုင် ဗျ"

"ပဲ့ပါသွားတာမှတ်လို့ကွ. . . ကဲပါ. . . လေးလေးက အကြံ ပေးတာပါ၊ အဲ့ဒီဂေးကို ခင်အောင်ပေါင်း၊ အိမ်ကိုပါ ဝင်ထွက်ပြီး ကေသီရဲ့ကာရိုက်တာနဲ့ အားသာချက်၊ အားနည်းချက်၊ စိတ်နေသဘောထားကို အကဲခတ်ပေးဖို့ပါကွာ၊ မင်းက ကဗျာဆရာဆိုတော့ inner ကို ပိုမြင်တတ်တဲ့ ပါရမီရှင်လေးမို့လို့ လေးလေး အားကိုးတာ





ပါကွာ"

ကဗျာလိုလို စာလိုလို လုပ်မနေနဲ့ ဆိုခဲ့တာကို လေးလေး မေ့ပြီး ပါရမီရှင် ဖြစ်သွားပြန်သည်။

"ဒီပြင်နည်းနာတွေ အပရိုချ်မက်သပ်တွေ အများကြီး ရှိပါသေးတယ် လေးလေးရာ၊ အဲ့ဒီကိုယဉ်ဆိုတဲ့ ဂေးကြီးက နော်ဂတတ်ကြီးတဲ့ လေးလေးရ"

"ဘာလဲကွ နော်ဂတတ်"

"နတ်ကတော်လို့ ပြောတာ"

ကိုယ်တော်နှစ်ပါး၏မယားကိစ္စကို နှုပ်ကြောင်းနည်းနည်းလေး ကြည့်ခြင်းဖြစ်သည်။ နတ်ကတော်ဖြစ်ခြင်း မဖြစ်ခြင်းကို လေးလေး ဘယ်လိုမှ နေပုံမရပါ။

"ဒါ လူ့အခွင့်အရေးပဲကွာ၊ သူကြိုက်တာ သူယုံကြည်ကိုးကွယ်ခွင့် ရှိတာပဲ၊ ဟင်း. . ဟင်း. . လေးလေးယောက်ဖ ဖြစ်လာတော့လည်း ဘာသာရေးနဲ့ စည်းရုံးယူရတာပေါ့"

"ဟာဟ. . လေးလေးက အပိုင်ပါလား၊ ကိုယ့်ဘက်က ဖိတ်စာ တစ်ခြမ်းတောင် ရိုက်ထားတဲ့ပုံပဲ"

ကော်ဖီလက်စသတ်ရင်း လေးလေးက သူ့ကိုယ်သူ ယုံကြည်စိတ်ချသောမျက်နှာနေနှင့်. . .

"ငါတို့. . . လေးလေး ဘယ်တုန်းက မိန်းမတစ်ယောက်ကို ဒီလောက်စိတ်ဝင်စားဖူးလို့လဲ၊ လေးလေးဘဝမှာ မ,နဲ့ ပတ်သက်တဲ့ နာမည်ပျက်လည်း မရှိဘူး၊ ကျောင်းတုန်းက ရည်းစား. . လင်ယူပြီး အမေရိက ပါသွားတာလည်း အသည်းကွဲမနေဘူး၊ ခဏတော့ ငေါင်နေ တာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ လေးလေး Will power အရ သိနေတယ်၊ သူ ဟာ လေးလေးဖူးစာရှင်ပဲ. . . သေချာတယ်၊ အဲ့ဒါမျိုးက အလိုလို သိတာ. . ပြောမပြတတ်ဘူး၊

အဲ့. . ဒီနေ့ ညီအစ်မနှစ်ယောက်လုံး ထရက်စုအစား စွပ် ကျယ်လက်ပြတ်အထူနဲ့ ဘောင်းဘီတိုနဲ့ကွ ပိုလှတယ်၊ တယ်လီပသီ လား မသိဘူးကွ၊ ဒီနေ့ လေးလေး သူ့နောက်စေ့လေးကို မှန် ပြောင်းနဲ့ အနီးကပ် ကြည့်နေတုန်း ဖုတ်ခနဲ တည့်တည့်ကြီး လှည့် ကြည့် ဂယ်ကွာ၊

လေ့ကျင့်ခန်း လုပ်နေတာကို ရပ်ပြီးစိုက်ကြည့်တာနော်၊ လေးလေး လန့်သွားတယ်၊ ရင်တွေ အရမ်းခုန်နေတယ်ကွာ၊ နံရံမှန် ဇာလိုက်ကာ၊ မှန်ဘီလူးနှစ်ထပ်ကို ဖြတ်လာတဲ့ သူ့အကြည့်ဟာ လေးလေး တစ်ကိုယ်လုံးကို ရှွင်းခနဲ ဖြတ်သန်းစီးဝင်သွားသလိုပဲ၊ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး ငါ့တူရာ"

သူ ကော်ဖီခပ်နွေးနွေးကို တစ်ချက်တည်း မော့လိုက်ရင်း. .

"လေးလေးလည်း ကဗျာဆန်တတ်လာပြီပဲ၊ ဒါကြောင့် ရှိတ် စပီးယားက ပြောတာ၊ အချစ် ရင်ထဲ ဝင်လာရင် ကဗျာဆရာ ဖြစ် သွား တတ်တယ်တဲ့"

"ဟုတ်မယ်ကွ. . . လေးလေးစိတ်ထဲ ရဲဆေးတင်ပြီး သူ့ အကြည့်ကို တယ်လီထဲက ပြန်စိုက်ကြည့်ပစ်လိုက်တယ်၊ တော်တော် လှတဲ့မျက်ဝန်းနဲ့ အကြည့်ပဲ၊ ပြီးတော့ မျက်နှာတည်ဆောက်ထားပုံက အချိုးကျလိုက်တာကွာ၊ အသားဝင်းဝင်းနဲ့ မွေးညင်း ရွှေအိုရောင် လေးတွေပါ မြင်နေရတယ်၊ လှလိုက်တာကွာ. . . စက္ကန့်သုံးဆယ် လောက်ကြီးကို အကြည့်ချင်း ထိပ်တိုက်ဖြစ်နေတာ အံ့သြလို့ပါ၊ လေး





လေးကြည့်နေတာ သူ ဘယ်လိုလုပ် သိနိုင်လဲ. . မင်းစဉ်းစား"

အေမီသော် ပြန်ကစားတဲ့အကွက် ဖြစ်မှာပါဟု စိတ်က ပြောရင်း ပါးစပ်က. . .

"မိန်းကလေးတွေမှာ အဲ့လို လွှန့်တုန့်မှုမျိုး ပိုရှိတတ်ကြတယ် လေး ဆစ်ဂမန်ဖရွိုက်က သက်သေတောင် အခိုင်အမာ ပြခဲ့သေးတာ ပဲ ဘယ်လိုလဲဆိုတော့ ကျွန်တော်တို့ လေးလေးတို့လည်း ဖြစ်ဖူးတာ ပဲ တစ်ယောက်ယောက် ငါ့ကို ကြည့်နေမလား မသိဘူးလို့ စိတ်ထဲ ထင်လာတာလေ၊ ပြန်လှည့်ကြည့်လိုက်ရင် ဟုတ်နေတာမျိုးလေ. . တယ်လီပသီပေါ့"

တစ်သျှူးနှင့် ပါးစပ်သုတ်ရင်း လေးလေးက အာလုပ်သံကြီး နှင့်

ကြယ်ဗ်

"အေးကွ. . . လေးလေးလည်း ကြုံဖူးတယ်၊ ဒါပေမယ့် ခု ကြည့်တာ ကြားခံနယ်တွေ ရှိနေတယ်လေ၊ တိုက်ရိုက် မျက်လုံးချင်း ဆုံကြည့် လှမ်းမြင်တာထက် ပိုတယ်၊ တယ်လီပသီစွမ်းအင် တော် တော်ရှိကြလို့ ဖြစ်မယ်ကွ"

"သေချာတာပေါ့ လေးလေးရာ၊ စိတ်လှိုင်းချင်း အလျား တူညီ နေတဲ့သဘောပေါ့၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကတော့ အဲ့ဒါကို နှစ်လုံးထဲ ပြောကြတယ်. . မေတ္တာ. . တဲ့"

လေးလေး အားပါးတရ ပြုံးသည်။ ဘဝင်ခွေ့နေပုံကြီးက အထင်းသား ပေါ်နေ၏။ သူ ဆက်တွန်းသင့်ပြီ။

"ရေခင်းပြတာတော့ မဟုတ်ဘူးနော် လေးလေး၊ လူတစ် ယောက်မှာ အိပ်ယာပေါ် ရောက်ပြီး အိပ်တော့မယ်ဆိုရင် အိပ်ပျော် တော့မယ် ငါအိပ်ပျော်တော့မယ်ဆိုတဲ့အချိန်လေး ရှိကိုရှိတယ်၊ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပါးပါးလေးအချိန်မှာ ကိုယ်သိပ်ချစ်တဲ့သူကို သတိရ မေတ္တာပို့ပြီး အိပ်ပျော်သွားရင် အဲ့ဒီစိတ်ကလေးဟာ ကွန်းရှပ်စ်အင် ကွန်းရှပ်စ် မိုင်း၊ သိစိတ် မသိစိတ် နှစ်ခုလုံးကို လွှမ်းမိုးနေတယ်တဲ့၊

အိပ်မက်လှလှ မက်နိုင်တဲ့အပြင် နိုးနိုးချင်း သူ့ကိုပဲ သတိရစေတယ်တဲ့၊ အဲ့ဒီမနက်နိုးလို့ သတိရရချင်း. . .

ချစ်သူ အိပ်ရေးဝ,ဝ လန်းလန်းဆန်းဆန်း နိုးလာပါစေလို့ မေတ္တာပို့၊

မျက်နှာသစ်ရင်လည်း ချစ်သူရှေ့မှာ သည်လိုပဲ အေးမြတဲ့ ရေတစ်ခွက်ရှိနေပါစေလို့ မေတ္တာပို့၊

မနက်စာ စားရင်လည်း ချစ်သူကြိုက်တတ်တဲ့ ဘရိတ်ဖတ်စ် သူ့စားပွဲပေါ်မှာ ရှိနေပါစေလို့ ဆန္ဒပြုရတယ်တဲ့၊

တစ်နေကုန် ပျော်ရွှင်ကြည်နူးစရာ သတင်းနဲ့မြင်ကွင်း တွေ့တိုင်း သတိရပေးရမယ်တဲ့၊ အဲ့ဒါ ကြာလာရင် အဲ့ဒီအချိန်မှာ သူလည်း ကိုယ့်ကို သတိရနေလိမ့်မယ်တဲ့၊

ဆင်ဂမန့်ဖရွိုက်ရဲ့သုတေသနနော်. လေးလေး၊ အောင်မြင်မှု (၈၀)ရာခိုင်နှုန်း ရှိသတဲ့"

လေးလေး ရေနွေးကို မော့ချရင်း ခေါင်းတညိတ်ညိတ် လုပ်၏။

"အေးကွ. . . လေးလေးလည်း လုပ်ကြည့်မယ်၊ အဲ. . . ဒါပေမယ့် သူက လေးလေးကို သတိရဖို့ နေနေသာသာ ဒီကမ္ဘာမှာ လေးလေးတစ်ယောက် ရှိနေတာတောင် သိမှမသိသေးတာကွာ"

အားလျော့သွားသော အမူအယာ ဝင်လာသည်။ သူ အဖြစ်မခံနိုင်သော အခြေအနေဖြစ်သည်။





"မကြာခင် လေးလေးနဲ့ အဲ့ဒီမမကေသီ ခင်မင်ရင်းနှီးခွင့်ရအောင် ကျွန်တော် အစွမ်းကုန် ကြိုးစားပေးမယ် လေးလေး. . စိတ်ချ"

"အေးပါကွာ. . . အားရှိလိုက်တာ ငါ့တူရာ၊ လေးလေးအရွယ်က ကိုယ်တိုင် ပြောင်လိုက်ချဉ်းကပ်လို့ မကောင်းတော့ဘူးလေ၊ ဖိုးလမင်း ငါ့တူရှိမှဖြစ်မှာ၊

အောင်သွယ်ရာပြီး. . . ချစ်တဲ့အကြောင်း ပြောခိုင်းမယ်လေ. . . ပေါ့ကွာ"

လေးလေး နာရီကြည့်သည်။ ထရပ်သည်။ ဟင်းဟင်း. . . သီချင်းတွေဘာတွေ ဆိုလို့။

"လာ. . . လေးလေးကို အောက်လိုက်ပို့ကွာ၊ ငါ့တူနဲ့လေးလေး ဒီမနက်မှ စကားပြောလို့က ကောင်းလိုက်တာ၊ အချိန်က မရှိတော့ဘူး"

လေးလေး၏ case ကို ကိုင်၍ အတူတူ ထွက်သည်။ တံခါးပိတ်ရင်း သူ ကျောပေးပြုံးမိသည်။ ရာသီဥတုအခြေအနေအရ. . .

"လေးလေး. . Advance(ကြိုတင်ငွေ) ငါးသောင်း ဘောက်ချာ တင်ရတော့မလားဟင်"

"အေးဆေးမှ ပေါင်းတင်ပါကွာ. . . မင်းငွေလိုသေးလား"

"မလိုပါဘူး လေးလေး. . . ရှိပါသေးတယ်"

"လိုရင်ပြောလေကွာ. . . သွားရင်းလာရင်း အခက်အခဲဖြစ်ရင် ဖုန်းလှမ်းဆက်. . . ကြားလား"

ဓါတ်လှေခါးထဲ ရောက်သောအခါ. . .

"ငါ့တူ. . မင်းလည်း အငယ်မလေးကို နည်းနည်းစကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ ဒါပေမယ့် လေးလေးကိစ္စကိုတော့ လုံးဝမထိပါးစေနဲ့ပေါ့ ကွာ"

"ဟာ! လေးလေးကလည်း. . . မာနရုပ်ကလေးပါဗျာ၊ ကျွန်တော့်လို အလုပ်မရှိ၊ အကိုင်မရှိ၊ ရိုဖျူဂျီကို ဘယ်သူက မှန်းမှာလဲ"

"မင်းက ငါ့တူပဲ. . . ဘာအားငယ်နေလဲ၊ ဒီမှာ. . . မင်းကို ချက်ချင်းငွေတပ်ပေးလို့ရတယ်. . . လိုအပ်လာရင်ပေါ့ကွာ"

ဟာဟ. . .ငွေဆိုတာ ကားကို ပြောတာ။ လိုချင်လွန်းလို့ နန့်နန့်တက်ပေမယ့်. . .

"ငွေပါမှ ကြိုက်မယ်ဆိုရင် ဘယ်မလဲ ချစ်ခြင်းမေတ္တာ၊ ငွေက အရေးမကြီးပါဘူး"

မလိုပါဘူးဟု သူ မပြောပါ။

မယုတ်မလွန်လေး ပြောရသည်။

"ဟ! ကားနဲ့ဘာနဲ့ အင်ပရက်ရှင် လိုတာပေါ့ကွ"

ဂျပ်! ခနဲ ဓါတ်လှေခါးတံခါး ပွင့်လာသည်။ စကားစ ပြတ်သွားသည်။ တံခါးဝမှာ ဈေးဆွဲခြင်းနှင့် ပေါ်လာသူက ဟုတ်ကဲ့. . . ကိုအူပါ ခင်ဗျား။

ထွက်ထွက်ချင်းပင် လေးလေးက သုံးယောက်တည်းမို့ ကန်စွန်းရွက်တွေ ဝေဆာနေသော ဆွဲခြင်းထဲကနေ အပြင်ထွက်နေသော အရာတစ်စုံကို လှမ်းကြည့်ရင်း. . . ပြုံး၍. . .

"ဟ! မောင်အူ. . . ဒီနေ့ ဘဲဥအာလူးဟင်း၊ မှိုနဲ့ကန်စွန်းရွက်ကြော်၊ ပုစွန်ချဥ် သုတ်ပါလို့ မှာလိုက်တာ၊ မင်းဆွဲခြင်းထဲက ကြက်ခြေထောက်နှစ်ချောင်း ထွက်နေပါလားကွ"

ဓါတ်လှေခါးထဲ ရှေ့မျက်နှာချင်းဆိုင်ခန်းက မိန်းမနှ





ယောက် ဝင်သွားသည်။ ဓါတ်လှေခါးက မောင်အူနှင့် အဝေးတလာနေသူ သုံးယောက်ကို စောင့်၍ ပွင့်လျက်သားနေစဉ် မောင်အူ အသံကျယ် အသံကွဲနှင့် တုံ့ပြန်ပုံက. . .

"အိမ်နီးချင်းတွေက အာစရိကို ကန်စွန်းရွက်ပဲ စားတယ်၊ ကပ်စေးနဲ ကော်တရာလို့ ထင်ကြမှာစိုးလို့ ကြက်ခြေထောက်နှစ်ချောင်းပဲ ဝယ်ပြီး ကန်စွန်းရွက်ထဲ ထိုးထည့်လာတာပါ အာစရိ"

အနီးရှိ လူတွေက ပြုံး၍ ဟိုဘက်လှည့်ကုန်၏။ ဒါကို သူက သတိပေးသောအားဖြင့် မျက်ထောက်နီနှင့် ခပ်ငေါက်ငေါက်. .

"ကိုအူ. . . ရေခဲသေတ္တာထဲက ကြက်သားတွေ ရှိသားနဲ့"

"ကုန်တာကြာပြီ ညီသူရ၊ ဒါကြောင့် လူရှိန်အောင်. . ."

အရေးထဲ ကြက်ခြေထောက်တစ်ချောင်းက ဓါတ်လှေခါး တံခါးဝမှာ ပြုတ်ကျ၍ ပြန်ကောက်ထိုးနေရသေးသည်လေ။ ဖြစ်ပုံများ။

ကိုအူ၏ဂုဏ်မြှင့်ခြင်းကို အလူးအလဲ ခံရသော လေးလေး ကတော့ တချိုးတည်း လစ်လေပြီ။

ဓါတ်လှေခါး တံခါးမပိတ်ခင် ရယ်သံများကိုတော့ သူ ကြားဖြစ်အောင် ကြားလိုက်ရသည်။ သူလည်း ပြုံးရင်းကပင် တွေးမိ။

ဩော်. . . သည်လူ သူ့မူနဲ့သူကို အူနိုင်ပါပေ့။



www.burmeseclassic.com

www.burmeseclassic.com

✱ အင်္ဂလိပ်အိဒီယံမ်မှာ
WHITE ELEPHANT ဆိုတာ ရှိတယ်...
ငွေကုန်ကြေးကျများပြီး လက်တွေ့အသုံးမဝင်တာ၊

✱ လူ့ခန္ဓာမှာလည်း
WHITE ELEPHANT နဲ့
BLACK ELEPHANT ရှိတယ်...။

✱ ဆံပင်နဲ့...
ဦးနှောက်လေ
အဖြူနဲ့အမည်း
ကပ်ပြီးကွဲနေတာ။





# အခန်း(၄)

"နှင်တို့ မနေ့မနက်က ဝရံတာထွက်တဲ့ ချပ်ဝတ်ဒွါဒရာတို ငါ့လေးလေး ပိုခိုက်သွားပုံရတယ် အေမိ"

"ဆောင်းကုန်လာလို့ပါဟာ. . . ချွေးအရမ်းထွက်လို့ အတို ဝတ်လိုက်တာ၊ နင်တို့ ဗိုင်းချောင်းပြီး ပသာဒ လေ,ခနေကြတယ် မလား"

"ဘာ. . . မလားလဲဟာ၊ ဗမာစကားမှာ မှတ်လားလို့ မေးခွန်း သဘောပေါ်အောင် ပြောရတာကို နင်သိတယ်မလား၊ နင် ကြည့်တယ် မလား၊ နင်ဖော်တယ်မလား၊ နင်တို့ဟာက ဘာတွေမှန်း



www.burmeseclassic.com

www.burmeseclassic.com



ကို မသိဘူး"

"ထားပါဟယ်. . . နင်က စကားလုံးသမားမို့ ဂရုစိုက်နေတာ ငါတို့က လျှာချော်အောင် ပြောတာ၊ နေပါဦး. . . နင့်လေးလေးက တိုရင် ပိုခိုက်တယ်လား"

"ပုရိသ မင်းယောကျ်ား စစ်စစ်တွေပဲဟာ၊ ရှင်းရှင်းပြောရရင် ဘာမှမဝတ်ရင် ပိုတောင်ခိုက်ဦးမယ်"

"ညီသူနော်. . ."

"တချို့က လိမ်ညာပြောမှ ကြိုက်ကြတယ်၊ ရိုးရိုးစင်းစင်း ပွင့်ပွင့်လင်းလင်း ပြောရင် ရိုင်းတယ်လို့ ထင်တာက အရိုးစွဲနေကြပြီ၊ မတွေ့တာ ကြာတဲ့ သူငယ်ချင်း လမ်းမှာ တွေ့ရင် ဟာ. . လှလို့ဝလို့ ပါလား. . . ပါလား. . လို့ နင်တို့ စပြောမှာပဲ၊

ဟင်. . . စုတ်ပြတ်သွားလိုက်တာ၊ ကျွန်းမာရေး၊ သန့်ရှင်းရေး ဂရုစိုက်မှပေါ့. . လို့ ဘယ်သူ စေတနာစကားပြောလဲ. . တဲ"

"ဒါကတော့ဟယ်. . . ပဋိသန္ဓာရပေါ့"

"တွေ့တွေ့ချင်း လိမ်ညာလိုက်တာကို ပဋိသန္ဓာရလို့ ခေါ်တယ်လို့ မှတ်ထားရဦးမယ်၊ ဘုတ်အုပ်လေးနဲ့၊ ဒါနဲ့. . နင့်အစ်မမှာ လင်ယူထားတာကလွဲပြီး ဒိပြင်ရည်းစား မရှိတာ သေချာလား"

"ငါ့အစ်မအကြောင်း ငါသိတာပေါ့ ညီသူရယ်၊ ယင်ဖိုတောင် မသန်းဖူးဘူး"

"နင်က ယင်ကောင်အထီးအမ သိလို့လား"

"သိတာပေါ့ဟ. . . ဘီယာပုလင်းပေါ် နားတာနဲ့ ပန်းအိုးပေါ် နားတာ အသိသာကြီးပဲဥစ္စာ. . ဟင်း. . ဟင်း"

အလိုက်သိသော အင်းယားလေပြည်က အေမီဘက်ကနေ





တိုးလာသည်။ အေမီ၏ဆံပင်ရှန်ပူနံ့၊ မိတ်ကပ်၊ နှုတ်ခမ်းနီနံ့နှင့် စောစောက စားလာပုံရသော ဇီးပေါင်းအနံ့ကို ရှူရှိုက်လိုက်ရ၏။

"လေးလေးက အရမ်းဖြစ်နေပြီဟာ၊ နင့်မမကေသီလည်း ခြံထဲမှာတုန်းက ပန်းပင်ကြား နေသောင်လို့လား မသိဘူး၊ အခုကွန်ဒိုတိုက်ခန်းရောက်မှ နူအိဖွေးလက်နေတာပဲ၊

ဒါနဲ့. . ငါ့လေးလေးနဲ့ နင့်မမကို နင်သဘောတူရဲ့လား"

"ဒါက သူတို့သဘောပါဟာ၊ လိုက်တော့ လိုက်တယ်နော်၊ နင့် လေးလေးက အသက်ဘယ်လောက်လဲ"

"သုံးဆယ့်သုံး. . . မသိရင် မမကေသီနဲ့ ရွယ်တူလောက်ပဲနော်၊ လေးလေးက ငါနဲ့နင့်အစ်ကို ကိုယဉ်နဲ့ ခင်နေတာ မသိဘူး၊ အဲ့ဒီဆိုင်ကို ဝင်ထွက်ပြီး အညာကို ကိုင်ပါလားတဲ့၊

ငါက ငါ့ပြန်ကိုင်မှာ ကြောက်သလိုလို ပြောလိုက်ရတယ်"

"ကိုကိုယဉ်က အလုပ်ဂေးပါဟယ်. . . နင်သိသားနဲ့"

"ဟဲ. . ဟဲ. . လေးလေးအကြံပေးတဲ့နောက်တစ်ခုက အဆင် တော်တော်ပြေလိမ့်မယ်"

"ဘာလဲဟင်"

"နင့်ကို ရအောင်လိုက်ကြည့်ပါလားတဲ့၊ လိုအပ်ရင် ကားတောင် ငါ့ကို ဝယ်ပေးမယ့်သဘောပဲ၊ ကားပါရင် ပိုလွယ်နိုင်တယ်တဲ့၊ အဲ့ဒီ လေးလေးအကြံ မှန်လားဟင်"

"လဲသေလိုက် ညီသူစံ"

"မိန်းမဆိုတာ သွားမပါလဲနေ. . . ကားပါရင် ရတယ်ဆို"

"ဒါဆို မြင်သာမှာ ငါနေတုန်းက စီမံကိန်းက သွားရော လျှာရောပါတဲ့ စိုင်းတောင်ကြီးဆိုတဲ့ ကမူးရှူးထိုးကြီး ကားသုံးစင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့တောင် ငါ့ကို လိုက်ခဲ့တာပဲ၊ မရလို့ သူ့အကောင်းဆုံး သံရုံးကျကား ကြီး နာရေးကူညီမှုအသင်းကို လှူပစ်တယ်လေ"

"ဒါကတော့ သူစီးဖို့ ကြိုလှူထားတာ ဖြစ်မှာပေါ့ဟ၊ သူက ခြောက်ကွေ့ရောက်နေမင့်ဟာ"

ရယ်မောရင်း အတွေးကိုယ်စီနှင့် ခဏငြိမ်သက်သွားသည်။

"ငါစဉ်းစားထားတာ တစ်ခုရှိတယ် အေမီ"

"ပြောကြည့်. ."

"နင်နဲ့ငါနဲ့က Online မှာ ခင်ပြီး. . အပြင်မှာ အိမ်နီးချင်း မတော်တဆ လာဖြစ်မှ မြင်ဖူးကြတယ်ပေါ့ဟာ. . . ပိုခင်သွားတယ် ပေါ့၊ ဟဲ. . ဟဲ. . ထင်ထားသလိုပဲ၊ နှစ်ယောက်စလုံးက လိုက်ဖက် ညီနေတော့. . ."

"လိပ်. . . လိပ်"

"နေပါဦးဟာ. . ငါပြောနေတာ အတွေးပါဟဲ့၊ အဲ. . နင်နဲ့ မမကေသီက မနက်မနက် ကန်ဘောင်ကို ကျန်းမာရေး ပြေးတယ်၊ ငါတို့ တူဝရီးကလည်း အဲ့လိုပဲ ထ,ထပြေးရင်း တွေ့ကြ၊ မိတ်ဆက် ပေးကြ၊ ခင်မင်သွားကြ၊ တစ်စတစ်စ အဲ့ဒါ အလွယ်ကူဆုံး ဇာတ်လမ်း စတာပဲ. . . ဘယ်လိုလဲ"

အေမီ ခေါင်းခါသည်။

"ငါ့မမအကြောင်း ငါသိတယ်ဟ၊ သိပ်နူးညံ့တယ်၊ သူ့စာပေး စာယူ အနီးကပ်သင်တန်းမှာ ချဉ်းကပ်လာတာတွေ အများကြီးပဲ၊ ခပ်ငယ်ငယ် ခပ်ချောချော ဟိုက်ဘော့စ်တွေလည်း ပါတယ်၊ ရင်မခုန် ဘူးတဲ့. . . အကုန်ငြင်းခဲ့တာ"

"အဲ့ဒီတုန်းက ငယ်သေးတော့ စိတ်ကူးယဉ်တာက ပိုမှာပေါ့





ဟာ၊ ခုဟာက အပျိုကြီး. . . အရွယ်လွန်လာနေပြီလေ"

"အောင်မာ. . ပိုတောင် စိတ်ကူးယဉ်လာသေးတယ်၊ အိပ် ခါနီးရင် ရေမိုးချိုး လှလှပပလေး ပြင်ပြီးမှ ရေမွှေးဆွတ်ပြီး အိပ်တာ ရှင့်၊ အိပ်မက်ထဲက ချစ်သူနဲ့တွေ့ရင် လှနေ မွှေးနေအောင်လို့တဲ့"

"ဒါဆို မမကေသီ ရင်ခုန်အောင် ဘယ်လိုလုပ်ကြမလဲ၊ ကြံ စမ်းပါဦး အေမီရယ်"

"အေး. . . နင်မို့ အဖြစ်မှန်ကို ပြောပြမယ်နော်၊ ငါလေ. . မမကေသီကို အရမ်းသနားတယ်၊ စိတ်ဆန္ဒနဲ့ အချစ်နဲ့ နှလုံးသားနဲ့ သွေးနဲ့သားနဲ့ အင်မတန် နူးညံ့သိမ်မွေ့တဲ့ ငါ့မမဟာ စိတ်အကျဉ်း ထောင်ထဲ ကျနေရတာကို ငါ ထဲထဲဝင်ဝင် မြင်နေသိနေခဲ့တယ်"

လေးနက်ကြေကွဲနေသော ချစ်သူ၏မျက်နှာလေးက မှုန် မှိုင်းလာ၍ သူ့ရင်ကို ခပ်နင့်နင့် ဖြစ်စေလိုက်ပြန်သည်။

"မမကို စိတ်ထွက်ပေါက် ငါပေးချင်နေတာ ကြာပြီ"

သူ တလေးတစား နားထောင်ပေးရပေမည်။ အရေးကြီး သည်။

"ပြောပါ အေမီ၊ ငါ အလေးအနက် နားထောင်နေတယ်"

"နင်လည်း ရိပ်မိမှာပါ၊ ငါတို့မိသားစုဟာ ဖေဖေမရှိကတည်း က စီးပွားကျပြီး ဆင်းရဲကျပ်တည်းသွားတာကို၊

ကိုကိုယဉ်က သူ့နည်းသူ့ဟန်နဲ့ ဒီအခြေအနေ ရောက် အောင် ပြန်ကြိုးစားတည်ထောင်ခဲ့ရတာလေ၊

ကိုကိုယဉ်က ပညာသိပ်မသင်ခဲ့ရရှာဘူး၊ စာပေဆိုတာ လည်း မသိဘူး၊ သူ့အတွေးအခေါ်က ခေတ်မမီဘူး၊ သူ့ဟာသူ ကြိုးစားလို့ စီးပွားဖြစ်လာတာကို နတ်မ,တယ်လို့ပဲ ထင်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ဆိုင်မှုတွေလည်း ပါကောင်းပါမှာပေါ့"

"ပါတော့ ပါတာပေါ့ဟယ်၊ မတိုက်ဆိုင်လို့ ကံချော်အံချော် သွားရင်လည်း ဘာဖြစ်လို့ ညာဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်တွေက ပြည့်နေတာပဲလေ၊

တိုက်ဆိုင်သွားတာက ရာနှုန်းများလာတော့ နတ်မှုနတ် ဖြစ်သွားပုံရတယ်၊ အိမ်မှာလည်း သူ့ဩဇာပဲလေ၊ သူ့အသိုင်းအဝိုင်းမှာလည်း သူ့ဩဇာက ကြီးတယ်လေ၊ အဲ့ဒီမှာ အချောင် ချောင်ပိတ်မိပြီး စိတ်အကျဉ်းသားဖြစ်သွားတာက မမကေသီပဲ၊

ကိုကိုယဉ်ဘိုးတော်က မမကေသီကို အထက်အမိန့်နဲ့တဲ့၊ ကိုယ်တော်ကြီးနဲ့ လက်ဆက်ရမယ်တဲ့၊ တဟုန်ထိုး စီးပွားတတ်မယ်တဲ့၊

သုံးနှစ်ရှိပြီ. . . လက်ထပ်ခဲ့ရရှာတာ၊ ဖြစ်ချင်တော့ စီးပွားကလည်း အရမ်းတက်လာခဲ့တယ်လေ၊ အယူသိပ်သီးတဲ့ ဘိုးတော်က မမကေသီကို ဘယ်သက်ရှိယောကျ်ားကိုမှ စိတ်နဲ့တောင် မပစ်မှားရဘူးတဲ့လေ၊ လူ့ဘဝကို ချောချောလှလှ ရထားလျက်နဲ့ နင် စဉ်းစားသာ ကြည့်တော့ဟယ်"

မျက်ရည်ဝဲ့နေသော ချစ်ရသူကို သူလုပ်ပေးနိုင်ခွင့်က တစ်သျှူးပေပါလေး လှမ်းပေးလိုက်ခြင်းသာပါ။ ရင့်ခွင်ထဲ ခေါင်းလေးထွေးပွေ့ပြီး ဆံပင်လေးတွေကို ယုယုယယ ပွတ်သပ်ပေးရင်း ဖွဖွမွှေးအားပေးချင်လှသည်။

"လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုတာ လူတိုင်းမှာ ရှိပါတယ် အေမီရယ်၊ ဒါပေမယ့် လွတ်လပ်စွာ ကိုယ့်ဟာကိုယ် ကိုးကွယ်တာက တစ်စုံတစ်ယောက်ရဲ့ရုပ်ပိုင်းစိတ်ပိုင်းကို တိုက်ပိတ် အကျဉ်း





ချသလို ဖြစ်နေတာကြီးက လုံးဝမဖြစ်သင့်ဘူး၊ မမကေသီ လွတ်မြောက်အောင် တို့နှစ်ယောက်လုံး တာဝန်တစ်ရပ်လို သတ်မှတ်ပြီး ကြိုးစားကြရအောင်၊

ငါ လိပ်လို ယက်ပြောတာ မှုတ်ဘူး၊ ငါ့လေးလေးကို မမကေသီ ပြန်မချစ်လည်း ကိစ္စမရှိပါဘူးဟာ၊ မမကေသီ ချစ်ချင်တဲ့သူကို လွတ်လပ်စွာ ရွေးချယ်ပြီး ချစ်ခွင့်ရအောင် နင်နဲ့ငါ နည်းမျိုးစုံနဲ့ ကြိုးစားကြမယ်၊

ကြာရင် မမကေသီ ဟစ်စတီးရီးယား ဝင်လာနိုင်တယ်"

"အေး. . . အဲ့ဒါကိုပဲ ငါကြောက်တာ၊ နင် တွေးနိုင်သားပဲ"

သူက သူ့ဒူးပေါ် လက်အုပ်၍တင်ထားသည်။

အေမီက လင်းလက်သောမျက်ဝန်းလေးနှင့် သူ့လက်ဖမိုးကို လာအုပ်ကိုင်ရင်း အားကိုးတကြီး ဖျစ်ညှစ်သည်။ သူနှင့်အေမီ မျက်လုံးချင်း အပြန်အလှန် စူးစိုက်ကြည့်လိုက်မိကြသည်။ နားလည်မှုဝန်းများ လန်းခနဲ ပွင့်သစ်လိုက်ကြသည်။ (ထင်သည်။)

"ညီသူ. . . ငါ့လက်ဖမိုးကို နင်ထပ်အုပ်ထားပေးပါလားတင်"

သူ အေမီ့လက်ဖမိုးလေးပေါ် ညင်ညင်သာသာ အုပ်မိုး ဆုပ်ကိုင်လိုက်မိသည်။

အေမီ့ကျန်လက်တစ်ဖက်က သူ့လက်ဖမိုးပေါ် ထပ်မံအုပ်မိုးလာသည်။

"နင်ရှိတာ ငါအားရှိလိုက်တာ ညီသူရယ်. . . တကယ်ပါ"

မျက်လုံးရော နှုတ်ခမ်းတွေပါ ပြုံးနေကြသည့် အခိုက်အတန့်လေးဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် တစ်ခုခု ပြောလေ ညီသူ"

"ပါးစပ်နဲ့ ပြောနေရဦးမှာလား သူငယ်ချင်းလေးရယ်၊ နင် ငါ့မျက်လုံးကို ဖတ်. . နေ. . ကျ. . ပဲ"

တိုးတိုးညင်းညင်းလေး ပြောလိုက်သော သူ့စကားသံကြောင့် အင်းယားလေပြည်သည် သူတို့နှစ်ယောက်ကြား ဝင်တိုးရန် တန့်ခနဲ ရပ်သွား၏။

အလို! ကောင်းကင်ပေါ်က တိမ်တွေပါ တုန့်ခနဲ ထိုးရပ်သွားသည်။ ထင်သည်။ ထင်ရပါတော့သည်။

လက်ဝါးချင်း ပူးကပ်၍ လက်ချောင်းလေးများချင်း အလိုလို ဆုပ်ကိုင်ထားမိသော အပြန်လမ်းမှာတော့ ကံ့ကော်တော မျိုးအောင်၏ သီချင်းဟောင်းတစ်ပိုဒ် သူ့ခေါင်းထဲ အလိုလို ဝင်လာ၏။ စိတ်ထဲက အကျယ်ကြီး ဆိုချလိုက်မိသည်။

"ရည်းစားလည်း ငါမဟုတ်ဘူး..××..ချစ်သူလည်း မဟုတ်တဲ့ ဖီဖီ...ကျောင်းနေတုန်း အတူထစားဖော်..××သိပ်ချစ်တယ် နင့်ကို သိလား"

လူရှင်းသော တံတားဖြူ ပလက်ဖောင်းပေါ် လျှောက်ရင်း.

"မမကေသီ ပျော်ရွှင်ရင်ခုန်အောင် ငါအကြံတစ်ခု ရတယ် ညီသူ. . ဒီလိုလုပ်ရင် မကောင်းဘူးလား. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ကဲ. . . အဲ့လိုဆိုရင်. . ."

"ဟာ! အေမီ နင့်စိတ်ကူးအရမ်းကောင်းတာပဲ၊ နင့်ဆံပင် လှလှလေးတွေအောက်မှာ. . . အဲ့လိုအတွေးတွေ ထုတ်လုပ်တဲ့ ဦးနှောက်လှလှလေး ရှိနေသတဲ့လား. . . တော်လိုက်တာဟာ၊ ငါ လေ နင့်ကို အရင်ကထက်. . ."

ကျွီး!. . ပွမ်. . . ! ဝေါ. . ! ဝူး. . !





"ဝအောင်ချစ်ကြဦးဟေ့. . . လမ်းလယ်ခေါင်မှာ မသေချင်ကြနဲ့ဦး"

"ဘုရား. . . ဘုရား. . ကံကောင်းလို့ ညီသူရယ်"

"ကံဆိုးတာပါဟာ. . . ငါ့စကားလေး ကားတိုက်သွားလို့"



www.burmeseclassic.com

www.burmeseclassic.com



## တနင်္လာသားသမီး

ဤရက်ပိုင်းအတွင်း ခရီးမထွက်သင့်။

(ဘယ်မှလည်း သွားစရာ မရှိပါဘူးရှင်)

လူမျိုးခြား ဒုက္ခပေးတတ်သည်။

(ကိုယ့်လူမျိုးချင်းက မပေးဘူးလား)

မိသားစု အကြီးအကဲ၏ဩဝါဒကြောင့် စိတ်ကျဉ်းကျပ်မှု အနည်းငယ် ခံစားရမည်။

(မှန်ပါ့ရှင်. . . နည်းနည်းတောင် မဟုတ်ဘူး)

နူးညံ့သိမ်မွေ့သော လွတ်လပ်လိုသည့် ဇာတာရှင်ဖြစ်သည်၊

(သွေးထွက်အောင် မှန်ပါတယ်)

ငယ်ရွယ်လွတ်လပ်သူဖြစ်ပါက ဖူးစာရှင် မကြာခင် တွေ့ ကိန်း ရှိသည်။

(အိမ်ထဲ နေရတာ ဘယ်လိုတွေ့မှာလဲ. . . မယုံပေါင်)





အကျိုးပေးဂဏန်းမှာ ၂၊ ၄၊ ၈ ဖြစ်သည်။ ကြာသပတေးနံ အကျိုးပေးမည်။

(နှစ်လုံးထီ မထိုးဘူး)

ယတြာမှာ ကြာသပတေးနေ့၌ ကြက်ဟင်းခါးသီးကို ပုစွန်ခြောက်နှင့် ကျော်စားပါ။

(ဒီနေ့တောင် ကျော်စားမလို့. . အေးလေ. . ကြာသပတေးနေ့မှပဲ. . . )

ကေသီ စာအုပ်ပိတ်လိုက်သည်။ လှပစွာ ပြုံးလိုက်သည်။ ဖူးစာရှင် မကြာခင် တွေ့ကိန်းရှိသည်ဆိုသော စာသားက မျက်စိထဲ စွဲထင်နေသည်။ နောက်ထပ် မဂ္ဂဇင်းတစ်အုပ်က အသင့်ရှိနေပြန်သည်။ မာတိကာ၌ ဗေဒင်ကိုသာ သူမ တန်း၍ရှာသည်။ လှန်သည်။

## တနင်္လာသားသမီး

မွန်းကြပ်နေသောကာလ မကြာခင် လွတ်မြောက်တော့မည်။

အိမ်နီးချင်းက မထင်မှတ်ဘဲ အကျိုးပေးမည်။

မိမိကိုယ်မိမိ ယုံကြည်စိတ် လျော့ပါးနေတတ်သည်။ တရားမှတ်ပါ။ ပုတီးစိပ်ပါ။

အသားထဲက လောက်ထွက်တတ်သည်။ အိပ်မပျော်တတ်သည်ကလွဲ၍ ကျန်းမာရေးကောင်းသည်။ ချစ်သူမရှိသေးပါက ချစ်သူ၏အသံကို စတင်ကြားရမည်။ ရေကြောင်းခရီးရှောင်ပါ။

ယတြာမှာ. . .

တနင်္လာနေ့၌ ကြာသပတေးနံ မုန့်တစ်ခုခု ဘုရားကပ်လှူ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဥပမာ - မုန့်စိမ်းပေါင်း၊ ပလောပီနံ၊ ဗယာကြော်။

၄၊ ၈၊ ၁၂၊ ၂၀ နေ့များ၌ သတင်းကောင်း ကြားရမည်။

အင်း. . . ဒီဗေဒင်လည်း လာမှန်နေသားပဲ၊ တိုက်တိုက်ဆိုင်ဆိုင် ဟိုဗေဒင်က ဖူးစာရှင် တွေ့ကိန်းရှိတယ်တဲ့၊ ဒီဗေဒင်က ချစ်သူ၏ အသံကို စတင်ကြားရမည်တဲ့. . ဟီဟိ။

အညာစရောလို့ နောက်ကနေပြီး လီဗြောင်ပွန်းလိုများလာ နှုတ်ဆက်နေမလားသိ။ သူမစိတ်ထဲ ထင့်ခနဲဖြစ်၍ ယတြာနှစ်ခုကို တိုက်ကြည့်သည်။

တစ်ခုက ကြာသပတေးနေ့၌ ကြက်ဟင်းခါးသီးကို ပုစွန်ခြောက်နှင့် ကြော်စားပါတဲ့။

အဲ. . . နောက်တစ်ခုက တနင်္လာနေ့၌ ကြာသပတေးနံ မုန့် တစ်ခုခု ဘုရားကို ကပ်လှူပါတဲ့၊

ကြာသပတေးတွေချည်းပါပဲလား. . . ဟုတ်ပဲ့၊ ဟောဒီမှာ ကြာသပတေးနံ အကျိုးပေးမည်တဲ့. .။

ကြက်ဟင်းခါးသီး. . ဒါက ငါ့နေ့နံ တနင်္လာ၊ ပုစွန်ခြောက်က ပစောက်၊ ကြာသပတေးနံပဲ. . တက်ကင်းမိတယ်။

မုန့်စိမ်းပေါင်း၊ ပလောပီနံ၊ ဗယာကြောက်တဲ့. .၊

ဟယ်! မေမေ ဈေးသွားပြီလား မသိဘူး။

သူမ စာအုပ်တွေ အသာချ၍ အိပ်ခန်းထဲက ကမန်းကတန်းထွက်လာမိသည်။ မီးဖိုခန်းဘက်က ဆွဲခြင်းကိုင်ထွက်လာသော အေမီသော်နှင့် တိုးသည်။

"မေမေ ဈေးသွားပြီလား အငယ်မ"

"မေမေ ဘုရားရှိခိုးနေတယ်၊ ညီမလေး ဈေးသွားမလို့"





"အေး. . . အတော်ပဲ၊ ဒီနေ့ ဘာနေ့လဲဟင်"

"မနေ့က တနင်္ဂနွေလေ၊ ဒီနေ့ တနင်္လာပေါ့ မမရဲ့"

"တောက်. . . တိုက်ဆိုင်လိုက်တာဟယ်"

"ဘာတိုက်ဆိုင်တာလဲ မမကေသီရဲ့"

"နင်မသိပါဘူး. . . ဒီမယ် မမ မှာတာ သေသေချာချာဝယ်ခဲ့စမ်း၊ မုန့်စိမ်းပေါင်းရယ်၊ ပီလောပီနံမုန့်ရယ်၊ ဗယာကြော်ရယ်"

"ဘာလုပ်ဖို့လဲ. . . အိမ်မှာ ကြက်ဥပေါင်မုန့်ကြော်တွေ အများကြီးဟာကို"

"ဟဲ့. . ဘုရားကပ်မလို့၊ ဝယ်ဆိုဝယ်ခဲ့၊ နောက်ပြီး စံဖာဏီဘို ဗေဒင်ပါတဲ့ မဂ္ဂဇင်းတွေ ငှားခဲ့စမ်း. . . မမေ့နဲ့နော်"

"အမိန့်တော်မြတ်အတိုင်းပါ ပခန်းကိုယ်တော်ကြီးကတော်ဖျား. . ."

"ဟယ်. . သွားစမ်း. . အေမီ၊ မြန်မြန်သွား"

ကျောပေးထွက်ခွာသွားသော အေမီ၏ (သံပုရာသီးနှင့် ပျားရည်ရောစားမိသော) မျက်နှာကိုတော့ နောက်စိကွယ်နေသဖြင့် ကေသီ မမြင်လိုက်ရပေ။ ချစ်သူ၏အသံကို စတင်ကြားရမည်တဲ့။ ဧည့်ခန်းထဲ အသာလေး ရပ်၍ သူမ ခဏနားစွင့်ကြည့်လိုက်မိ။

"နောင်! နောင်! နောင်!"

ဝရံတာသို့ ယောင်ယမ်းပြေးကြည့်မိသည်။ ဟိုးအောက်ကားလမ်းပေါ်က ငွေးသီးပေါင်းတွန်းလှည်း။ တွန်းလာသူက မည်းမည်းဝဝကြီး။ ပခုံးတွန့်၍ ဟွန့်ဆိုပြီး သူမ ဝရံတာမှ ပြန်အဝင်. . .

ဂလိုင်! ဂလောင်! ဂလိုင်! ဂလိုင်! ဂလင်! ဂလင်!

သေလိုက်ပါလား စည်ပင်အမှိုက်ကားရယ်။ အိပ်မက်ရလို့



www.burmeseclassic.com

www.burmeseclassic.com




လား၊ ဒီနေ့မှများ မျက်စိလည် ဝင်လာရသလားဟဲ့။

ဘယ်ညာခြေဖျားလေးတွေ နှစ်ဖက်စီထောက်၍ ရှဲ၍ မြောက်ကြွမြောက်ကြွ အိပ်ခန်းထဲ ပြေးဝင်သွားသော သမီးလှကို ဘုရားခန်းဝမှ ဒေါ်အေးယဉ် လှမ်းမြင်လိုက်၏။

ငါ့သမီး. . မကြုံစဖူး. . ဘာကြောင့် မြူးနေပါလိမ့်။

ဧကန္တ. . ကိုယ်တော်ကြီး ကလူပြီထင်တယ်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

“ဇင်းမဟာက ဖြစ်ပါ့မလား ငါ့တူရာ”

အဲယားကွန်းညှိခန်းထဲ လေးလေးမိုးသူ ခွေးစိုလာသည်ကို သူမြင်ရသည်။

“ဖြစ်ကိုဖြစ်တယ်. . . ကျွန်တော်အာမခံပါတယ် လေးလေးရာ၊ အရေးကြီးတာက အခု စကားပြောနေတာက လေးလေးက မင်းစမ့ ကုန်းပေါ်က ကျောက်တော်ကြီး ဘုရားရင်ပြင်တော်ပေါ်မှာနေ၁်၊ ဖုန်းဝင်တာနဲ့ တန်းပြောရမှာက. . .”

“မောင်အူ. . . ကားထဲမှာ ငါ့စိပ်ပုတီး ကျန်ခဲ့တယ်၊ ရင်ပြင်ပေါ် လာပို့လှည့်စမ်းကွာ၊ ငါ ကြာသပတေးထောင့်မှာ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

အဲ့ဒါပဲ။ ဖုန်းမှားနေတယ်ဆိုရင်. . .

"ကျွန်တော်ဆက်တဲ့ဖုန်းနံပါတ်ကို ကျေးဇူးပြုပြီး နားထောင်ပေးပါခင်ဗျာ၊ ၀၉၅. . . . . . . ပါခင်ဗျာ" ပေါ့။

"ဒါပေမယ့် ကျွန်မက မောင်အူမဟုတ်ဘူးလေ" ဆိုရင်. . .

"ဒီလောက်သာယာတဲ့ အသံပိုင်ရှင်ဟာ ကျွန်တော့်တပည့် မောင်အူမဟုတ်မှန်းတော့ သိတာပေါ့ခင်ဗျာ၊ အခု ကျွန်တော် ဘယ်သူ့ဆီများ မှားနှိပ်မိနေပါသလဲ. . . ဘာညာဘာညာပေါ့ လေးလေးရာ"

လေးလေး လက်ကိုင်ပုဝါနှင့် ချွေးသုတ်သည်။

"ဟော့ကောင်. . စဝင်ကတည်းက လိမ်စဉ်ကြီးနဲ့ကွာ၊ မဖြစ်ဘူး ထင်တယ်၊ ငါ ခြေဖျားလက်ဖျားတွေတောင် အေးလာတယ်ကွ"

"မှသားမပါ လက်ာမချောတဲ့၊ လုပ်ပါ လေးလေးရာ၊ ရှစ်နာရီတောင် ကျော်လာပြီ"

အင်း. . . ညရှစ်နာရီတိတိ ဆက်မယ်ပြောထားတော့ အေမီတော့ သူ့အစ်မနားက မယောင်မလည် စောင့်နေလောက်ပြီ။

"ရှစ်နာရီနဲ့ ဒီဖုန်းက ဘယ်လိုပတ်သက်လို့လဲ"

"အဲ. . အင်း. . ဘာမှမပတ်သက်ပါဘူး လေးလေး၊ အဲ့ဒီမမ ကေသီကို တကယ်ခိုက်ရင် ဆက်ပါဗျာ၊ ဒီဖုန်းနံပါတ် ရအောင် ကျွန်တော် မနည်းကြိုးစားထားရတာ၊ လေးလေးကလည်း လူပျိုဖြန်းလေး ကျနေတာပဲ၊ ပေး. . ကျွန်တော်နှိပ်ပေးမယ်"

"နေဦး. . ခဏ၊ ငါ့ရင်တွေ တုန်နေတယ်ကွ၊ အဆင်သင့်ဖြစ်မှ နှိပ်"





အသက်ဝအောင်ရှူသည်။ အကြောလျှော့သည်။ ခေါင်းကို ဟိုသည်ယမ်းသည်။ ဟူး။ သက်ပြင်းချသည်။

"ကဲ. . နှိပ်ကွာ. . ရပြီ"

"မောင်အူ. . . ကားထဲမှာ ငါ့စိပ်ပုတီး ကျန်ခဲ့တယ်၊ ရင်ပြင်တော်ပေါ် လာပို့လှည့်ကွာ၊ ငါ ကြာသပတေးထောင့်မှာ စောင့်နေမယ်၊ အဲ့ဒါ တန်းပြောရမှာနော်"

"အေးပါကွာ. . "

သူနှိပ်သည်။ ခေါ်နေသည်။ Ring Tone နှစ်ခါသာ အော်သည်။ အပြင်ကို အသံထုတ်ထားသည်။

ခပ်တိုးတိုးလေသံနှင့်. . .

"ရပြီ. . . လေးလေးပြောတော့. . ရော့"

"ဟော့. . မောင်အူ ငါ့စိပ်ပုတီးထဲမှာ ကားကျန်ခဲ့တယ်၊ ကြာသပတေးဂြိုဟ်ပေါ်ကို လာပို့စမ်းကွာ"

ဟိုက်! သွားပြီထင်သည်။

"ရှင်! ဘာတွေတုန်း၊ ဘယ်ကို ဆက်တာလဲရှင်"

"သြော်. . ဟော်. . ကားထဲမှာ စိပ်. . စိပ်ပုတီး၊ မောင်အူ ကြာသပတေးဂြိုဟ်မင်း ရှိတဲ့ ရင်ပြင်ထောင့်ကို အဲ. . အဲ. . ဒါ"

"ဖုန်းမှားနေပါတယ်ရှင်"

"နေ. . နေပါဦး၊ မပိတ်လိုက်ပါနဲ့ဦး၊ ကျွန်တော် ဖုန်းဆက်တဲ့ ဖုန်းနံပါတ်ကို ကျေး. . ကျေးဇူးပြုပြီး နားထောင်ပေးပါဦး"

"ပြောကြည့်ပါဦး"

". . . . . . . . . . . ."

"အဲ့ဒါတော့ ဟုတ်ပါတယ်ရှင်၊ ဝင်လာတာက လိုင်းမြင့်မိုရ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ယာ ကွန်ဒိုကိုရှင့်၊ ရှင်က ဘယ်ဘုရားက ဆက်နေတာလဲ"

"ဟော့ကောင်. . ဘာ. . ဘာဘုရား"

ခပ်တိုးတိုး လှည့်မေး၏။ သူ ကပ်ပြောရသည်။

"ဩော်. . . ကျောက်တော်ကြီးဘုရားပေါ်က ဆက်နေတာပါ၊ အဲ့ဒါ ကြာသပတေးထောင့်မှာ ပုတီးစိပ်မလို့ ကားထဲ မောင်အူ ကျန်ခဲ့လို့. . အဲ. . ပုတီးကျန်ခဲ့လို့"

"နေပါဦးရှင်. . . ရှင်က ကြာသပတေးသားလား၊ နာမည် ဘယ်သူလဲ"

ကြာသပတေးက ပစ်မှတ်ကို ထိသွားသည်။

"ဟုတ်ကဲ့. . . ကြာသပတေးသားအစစ်ပါခင်ဗျာ၊ ကျွန်တော့် နာမည်က မိုးသူပါ။ အဲ့ဒီကကော နာမည်ဘယ်လိုခေါ်လဲဟင်၊ အသံလေးက သာယာလွန်းလို့ပါ"

တစ်ဖက်က ခဏငြိမ်သက်နေသည်။ လေးလေး ထိုင်ရာက ထလာသည်။ ပြန်ထိုင်သည်။ ပြန်ထသည်။

"ကေသီလို့ ခေါ်ပါတယ်၊ ကေသီသော်ပါ အပြည့်အစုံက"

သူ လက်မထောင်ပြလိုက်၏။ ဆက်တွန်းဟု ပြသည်။

"ဒီလိုအသံပိုင်ရှင်နဲ့ ညတိုင်း စကားပြောခွင့်ရရင် အိပ်မက်လှလှလေးတွေ မက်လိမ့်မယ်ထင်တာပဲ"

"သတိထားပါဦးရှင်. . ရှင် အခု စကားပြောနေတာ ဘုရားရင်ပြင်တော်နော်၊ ရှင် ပုတီးလာစိပ်တာမှုတ်ဘူးလား"

"ဗျာ!"

သူ ကပ်၍သင်ပေးရပြန်သည်။ ခဏကြာမှ အကြောင်းပြန်ဖြစ်သည်။





"ရိုးရိုးသားသားပြောရရင် ယတြာအရ ပုတီးလာစိပ်တာပါဗျာ၊ ဗေဒင်က အထီးကျန်ဆန်တဲ့ ကိုယ့်ဘဝထဲ မမျှော်လင့်ဘဲ ချစ်သူတွေ့မယ်၊ ဖူးစာရှင်စစ်စစ်လည်း ဖြစ်မယ်တဲ့"

ငြိမ်သွားပြန်တယ်။ ဟိုဘက်ကလည်း ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အေမီသော် လိုအပ်သလို အနီးကပ် ညွှန်ကြားနေလိမ့်မည်လေ။ လေးလေးက သူညွှန်ကြားသလို. . .

"ဒါ. . ဒါနဲ့ မကေသီသော်က တနင်္လာသမီးလားဟင်"

"ကေသီသော်ပါဆို. . . ရှင် ဗုဒ္ဓဟူးသာပါနော်"

"ဟုတ်ပါတယ်ခင်ဗျာ. . . ဗုဒ္ဓဟူးသာ ဗမာစစ်စစ်ပါ"

"ဒါဆို လာရင်းကိစ္စနဲ့ ဘုရားရင်ပြင်ဆိုတာ သတိချပ်ပါရှင်၊ လယ်ထွန်သွား နွားမေ့ရုံမကဘူး၊ စိပ်ပုတီးထဲ ကားမေ့ထားခဲ့တဲ့လူ၊ ကိုယ်ဖူးနေတာ ဗူးဘုရားလား၊ ရွှေစည်းခုံလား၊ ကျောက်တော်ကြီးလား မသိတဲ့ ဗုဒ္ဓဟူးသာ ဗမာလူမျိုး ကြာသပတေးသား ကိုမိုးသူရေ၊ ရှင်မှ ကိုအူအစစ်. . ဟင်း. . ဟင်း. . ဟင်း"

"သာယာလိုက်တဲ့ ရယ်သံလေးဗျာ၊ ဟဲလို. . ဟဲလို. . ဟား ဖုန်းပိတ်သွားပြီဟ"

"အောင်မြင်တယ်. . လေးလေး ဟား. . ဟား. . ဟား"

"ပျော်လိုက်တာ ငါ့တူရာ. . ဟား. . ဟား. . ဟား၊ နောက်ညတွေ ဆက်လို့ရပြီကွ၊ အရိုဂတ်တောကိုမတ်စုကွ၊ လာ. . ဘီယာ တစ်ဗူးစီနဲ့ အောင်ပွဲခံကြမယ်"

"ဟင်! တစ်ဗူးစီပဲလားဗျာ"

တူဝရီးနှစ်ယောက် ထမင်းစားခန်းဆီ ဝင်လာကြသည်။ လေးလေးက သူ့ကို ပခုံးဖက်ထားသည်။ ရေခဲသေတ္တာရှေ့မှ မောင်



www.burmeseclassic.com

www.burmeseclassic.com



အူ ငုတ်တုတ်ကြီး ကြမ်းပေါ် ထိုင်နေသည်။ ရေခဲသေတ္တာတံခါးလည်း ဖွင့်ထားသည်။ သူက. . .

"ကိုအူ. . . ရေခဲသေတ္တာဖွင့်ပြီး ဘာထိုင်စဉ်းစားနေတာလဲ"

ကိုအူ လှည့်မကြည့်။ လေးလေးက သူ့နောက်မှာ ရပ်နေ၍ မမြင်။

"ငါစဉ်းစားနေတာ နှစ်ခုရှိတယ်ကွ ညီသူရ၊ သေတ္တာ ဆိုတာ ငါမြင်ဖူးသမျှ အဖုံးကို အပေါ်လှန်ပြီး ဖွင့်ရတာချည်းပဲ၊ ဒါကြီးကို ဘယ်ပညာရှိက ရေခဲသေတ္တာလို့ နာမည်ပေးခဲ့သလဲ. . . လျှော်ပါ့ကွာ၊ ရေခဲကြောင်အိမ်၊ ရေခဲဗီရို ဖြစ်သင့်တာပေါ့"

"ဟုတ်ပါ့ဗျာ. . . ခင်ဗျားစဉ်းစားနေတဲ့ နောက်တစ်ခုကကော"

"မီတာဘေလ် တက်တယ်. . . မီတာဘေလ် တက်တယ်လို့ မင့်လေးလေး ကပ်စေးဇီဇာ ခဏခဏ ညည်းတယ်လေ"

လေးလေးက ရှေ့တစ်လှမ်းတိုးလာ၍ လေးလေးကို ခဏဟု သူ တားထားလိုက်ရသည်။

"အခု ငါ မီတာတက်ရခြင်းရဲ့တရားခံကို တွေ့ပြီကွ၊ ဒီရေခဲဗီရို ထဲက မီးက အမြဲလင်းနေတာကိုးကွ၊ အဲ့ဒါ ဘယ်ကနေ ပိတ်ရမလဲလို့ လိုက်ရှာနေတာ. . . ကြာလှပြီ"

ဖြစ်ရလေ။ ရေခဲသေတ္တာတံခါးဖွင့်မှ မီးလင်းပြီး၊ ပြန်ပိတ်ရင် ကိုယ်တိုင်ခန်ဆိုသည်နှင့် မီးပြန်ပိတ်သည်ကို သူ မသိ။ ပျော်နေသော လေးလေး [illegible]း၍. . .

"ကဲ. . ကဲ. . မောင်အူ မင်းလည်း ငါ့အကျိုးစီးပွားကို ကာ





ကွယ်ဖို့ ခေါင်းစားနေတဲ့အတွက် မင်းကိုလည်း ဂုဏ်ပြုရမယ်၊ ဘီယာတတ် ထုတ်လိုက်"

"ဗျာ! အာ. . အာစရိ. . ဘယ်. . ဘယ်တုန်းက ဒီ. . ဒီနား ရောက်နေတာလဲဟင်!"

"အခုမှ ရောက်တာပါကွာ"

တကယ်စိတ်အေးသွားပုံနှင့်. . .

"ဟား. . ဒါဆို တော်သေးရဲ့၊ အာစရိကို ကွယ်ရာမှာ မောင်အူ ကပ်စေးဇီဇာလို့ ပြောလိုက်တာကို အာစရိ မကြားနိုင်တော့ဘူး. . . တော်ပါသေးရဲ့"

"အေး. . . ခုလည်း ငါမကြားဘူးပဲ ထားတော့၊ ကြက်ဥနဲ့ ကြက်အူချောင်းဖူယောင်ကြော် ကြော်ကွာ၊ ဘီယာနဲ့ မြည်းရအောင်"

"ဟာ. . လေးလေး အမြည်းက ကက်ကင်းမိနေတယ်"

"ဘာလဲ ငါ့တူရ"

"ကြက်ဥ၊ ကြက်အူချောင်းက တနင်္လာနံ၊ ဖူယောင်ကြော်က ကြာသပတေးနံ၊ ကိုအူရေ. . . ခရမ်းချဉ်သီး တနင်္လာနံလေးပါ ထပ်လှီး ထည့်လိုက်"

"ချီးယားစ်"

www.burmeseclassic.com



"မမကေသီက မဂ္ဂဇင်းစာအုပ် တွေ့တာနဲ့ ပေဒင်ကဏ္ဍကို အရင်ကောက်လှန်လေ့ရှိတယ်လေ၊ ဒါကြောင့် သူ့နားချထားတာ"

"အဲ့ဒါက ဘာလဲဆိုတော့ သူ့အနာဂတ်ကို သူကိုယ်တိုင် စိတ်တိုင်းကျ တည်ဆောက်ခွင့် မရရှာတဲ့ လူတွေရဲ့ကံကြမ္မာပေါ် မျှော်လင့်ချက်လေ၊

အင်မတန် ကြေကွဲဖို့ကောင်းတဲ့ အမူအယာပဲ၊ သူ့အနာဂတ်ဟာ အဲ့ဒီပေဒင်စာရွက်ပေါ်က စကားလုံးတွေအပေါ် မှီခိုနေရ မျှော်လင့်နေရှာတာလေ"

"ဟုတ်တယ်နော်. . . ကောင်းတဲ့မျှော်လင့်ချက်လေးများ ရေးထားရင် ပျော်လို့ ကြိုဟောထားတဲ့ မျှော်လင့်ခြင်းလေး လာတိုက်ဆိုင်ရင် သိသိသာသာကို ရွှင်မြူးလာတော့တာ အေမီမျက်မြင်ပဲ ညီသူရယ်၊ ဘေးကနေ ကြည့်ပြီး သူ့လိုပဲ ပျော်လာတယ်၊ မမကေသီလေ အရင်လို ငေးငိုင်နေတာမျိုး မရှိတော့ဘူး"

"ဒါပဲပေါ့ အေမီရယ်၊ အချစ်စိတ်ဟာ လူတစ်ယောက်ရဲ့





စိတ်အဆောက်အအုံကြီးတစ်ခုလုံးကို လွှမ်းမိုးထားတယ်၊ ကိုယ်ဟန်အမူအယာပါ သိသာလာတာပေါ့ အေမီရယ်၊ စိတ္တေန နိရတိလောကော လေ"

"မှန်ပါ့ ကိုယ်တော်၊ ကဲ. . . နန်းကြီးသုတ်လေး ဘုဉ်းပေးလိုက်ပါဦး ဘုရား"

"နယ်ဖတ်ပြီးပလား ဒကာမလေး၊ အိမ်း. . . ပြီးရင် ကုသိုလ်ပိုရအောင် ဝါးပြီးခွံ့မှ ဘုဉ်းပေးမယ်"

"တကယ်ဝါးခွံ့ရင် တကယ်စားမှာလားဟင်"

"စားမစား လုပ်ကြည့်လိုက်လေ"

"ဘေးလူတွေနဲ့ မလုပ်ရဲပေါင်တော်၊ တကယ်စားမယ့်ရုပ်ကြီး၊ ရော့. . . ပိုက်ဆံရင် စားရမှဆို"

"ဟုတ်တယ်. . . ဂက်စတစ် ဖြစ်ချင်လား မသိဘူး၊ ဟင်းဟင်း အမှတ်ရနေတဲ့ ကာတွန်းလေးတစ်ခု ရှိတယ် အေမီ၊ ကာတွန်းဆရာ နာမည်တော့ မေ့နေပြီ၊ မင်းက အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစားလို့ အထက်စီးက အငေါက်ခံရတော့ မျက်နှာသေလေးနဲ့ ပြန်ပြောတာလေး လွှတ်လှတယ်၊

ကျွန်တော်က ဂက်စတစ်ရှိလို့ပါတဲ့. . ဟင်းဟင်းဟင်း"

"အင်းနော်. . . လှတယ်"

"ငါလည်း ဂက်စတစ် ရှိတယ်၊ အစာလမ်းကြောင်းမှာတော့ မဟုတ်ဘူး"

"အင်း. . အင်း. . . ဒီဘူတာပဲ ဆိုက်ဦးမယ်၊ နင့်လေးလေးနဲ့ မမကေသီအကြောင်း ပြောဖို့ ခေါင်းစဉ်ကနေ ဘေးကို ချော်မသွားကြေးလေဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . နင်ပဲ အဲ့ဒီခေါင်းစဉ် ပြန်တည်"

သူ စိတ်မပေါ့တပေါ့ဟန်နှင့် နန်းကြီးသုတ် မွှေနေလိုက်၏။

"သေသေချာချာ မှာထားလျက်နဲ့ နင့်လေးလေးကလည်း စထွက်လာကတည်းက မှားတယ်၊ ဟာ. . . စိတ်ပုတီးထဲ ကားက ဘယ်လို ကျန်ခဲ့တာလဲ၊ ပြီးတော့ ကြာသပတေးဂြိုဟ်ပေါ်ကို ယူခဲ့တဲ့ မမကေ ကြောင်နေတယ်၊ ပါးစပ်ကို နီးရာအဝတ်နဲ့ ကောက်ပိတ်ပြီး ရယ်မိတာက အေမီလေ၊ အကုန်ကြားရတယ်. . . ဟင်းဟင်း၊

ငါ သင်ညာပေးတဲ့ ကြာသပတေးက ကယ်တင်သွားလို့ တော်သေးတယ်၊ နင့်လေးလေးက မမကေသီကို နာမည်မေးမှ ဖုန်းကို လက်ဝါးနဲ့ ပိတ်ပြီး ငါ့ကို လှည့်ကြည့်တာ၊ ပြောလိုက်ရမလား တိုင်ပင်ဖို့ပေါ့၊ အဲ့ဒီမှာ ငါ ပါးစပ်ထဲ ဆို့ပြီး ရယ်နေတာ မြင်သွားတယ်လေ၊ ကြံရာ ငါ ပါးစပ်ထဲ ကောက်ဆို့လိုက်တာက သူ့အပေါ်အတွင်းခံအကျႌကြီး ဖြစ်နေတယ်လေ၊ မမကေသီသာ လည်ရင် ငါတို့ ဇာတ်တိုက်ထားတာ တန်းမိနိုင်တယ်၊

သူလည်း စိတ်လှုပ်ရှားနေလို့ ထင်ပါရဲ့၊ သိပ်သတိမထားမိတာ တော်သေးတာပေါ့ဟာ"

သူ မြင်ယောင်၍ ရယ်နေမိသည်။

"ငါ့လေးလေးလည်း ရင်ခုန်နေလို့ အယောင်ယောင်အမှားမှား ဖြစ်နေတာပေါ့ဟာ၊ ခု စကားပြောနေတာ ရင်ပြင်တော်နော်၊ ပုတီးလာ စိပ်တာမှတ်လားဆိုတော့. . . ဗျာဆိုပြီး ထိုးရပ်နေရော၊ အဲ့ဒီမှာ ဒါရိုက်တာက အရေးပေါ်ဇာတ်ညွှန်းနဲ့ လက်တန်းဝင်ရတော့တာပေါ့"





"ငါသိပါတယ်. . . ဒီဒိုင်ဟာ နင့်လက်ချက်ဆိုတာ၊ နင်က အရမ်းတော်တယ်နော်. . . လူလည်ကြီး"

"နင်က ပိုလည်ပါတယ်ဟာ၊ သူ့အစ်မ ဈေးကျမှာကြောက်လို့ ငါ့လေးလေးကို အေ့ူဆိုပြီး အတင်းဖြတ်ချသွားတာ၊

ဟာ. . ဟ. . တို့တွေ အောင်ပွဲခံကြတယ်. . ဘီယာနဲ့. . ပျော်စရာကြီး"

"အေး. . . မမကေသီလည်း ဖုန်းလေး အသာချ အသံတွေ တုန်ပြီး လက်ဖျားခြေဖျားတွေ အေးစက်နေတာပဲဟယ်၊ ဒါပေမယ့် သူ အရမ်းလန်းနေခဲ့တာတော့ ငါ ရှက်ရှက်နဲ့ပဲ နင့်ကို ဝန်ခံပါတယ်"

ပလုတ်ပလောင်း စားကြရင်း သူက အေမီ့ကို စိုက်ကြည့်၍. .

"သိပ်ကုသိုလ်ရတဲ့အလုပ်ပါဟယ်. . တို့ရေးတဲ့ ဇာတ်ညွှန်းနဲ့ လူနှစ်ယောက် ပီတိဖြစ်နေကြတာဟာ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ"

"ဟုတ်တယ်နော်. . . မမကေသီ ရေနွေးနဲ့ ရေချိုးတယ်၊ သီချင်းလေး ညည်းရင်း အလှဆုံး ပြင်ပြီးမှ ကြည်ကြည်နူးနူး အိပ်ရာဝင်သွားတယ်"

"ပျော်စရာနဲ့ သိမ်းမယ့်ဇာတ်ပါဟာ. . . ပေါင်းစည်းပျော်ရွှင်ကြလေ၏ပေါ့၊ ဒါပေမယ့် ဇာတ်ညွှန်းရေးတဲ့သူကိုယ်တိုင်တော့ ဘယ်လို ဇာတ်သိမ်းမလဲ မသိဘူး"

"မြန်မြန်စား. . . ကော်ဖီတွေ အေးကုန်တော့မယ်"

"အေး. . . စကားလမ်းကြောင်းကို မသိမသာပြောင်း"

"အေးစက်နေသော ကော်ဖီတစ်ခွက်ရဲ့ဇာတ်သိမ်းလို့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်ပေးလိုက်ပေါ့ဟာ”

သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်၍ သည်ည ဇာတ်ညွှန်းကို စာရွက်နှင့် ချရေးဖြစ်ကြသည်။ အပြန်အလှန် ရွတ်ဆိုကြည့်ကြသည်။

“အိုကေတယ် ညီသူ”

“အား!”

သူ ရင်ဘတ်နှိပ်၍ အော်လိုက်ခြင်းဖြစ်သည်။ အေမီ မျက်လုံးပြူးသွားပြီး ကော်ဖီပန်းကန် ငွပ်ခနဲ ပြန်ချရင်း အလန့်တကြား မေး၏။

“ဘာ. . ဘာဖြစ်တာလဲ ညီသူ”

“ဂက်စတစ်. . ဂက်စတစ်. . အား!”

(အိုဗာအိုင်တင်နှင့် တွန့်လိမ်)

“လဲ. . သေ. . လိုက်”

“တိန်!”

၅ ၅ ၅ ၅





သူတို့နှစ်ယောက် ထိုဆိတ်ငြိမ်သော စားသောက်ဆိုင်ဝင်းထဲက လက်ချင်းချိတ်၍အထွက်တွင် ကားနက်ကြီးတစ်စင်း ချိုးဝင်လာသည်။ မှန်မည်းတွေ ပိတ်တင်ထား၏။ ကားနက်ကြီးထဲက ကိုကိုသဉ် သူတို့ကို မျက်ထောင့်နီနှင့် လှမ်းကြည့်သွားသည်ကို သူတို့ မသိလိုက်။

ထို့အပြင် ဆိုင်မန်နေဂျာက ကားကို မြင်သည်နှင့်. . .

“ရှယ်ခန်းအသင့်ဟော့. . . ဟင်နက်စီနှစ်လုံးနဲ့ ဘတ်ဝိုင်ဇာဒီယာတွေအသင့်၊ စားနေကျအမြည်းတွေနဲ့ ဘိုးတော်ဦး ကြိုက်တတ်တာတွေ မလစ်ဟင်းစေနဲ့”

ဟု စားပွဲထိုးချုပ်နှင့် ဝန်ထမ်းတွေကို လှမ်းမှာလိုက်သည်ကိုလည်း သူတို့အတွဲက ဘယ်လိုမှ မသိလိုက်။

“ကြွပါ ဘိုးတော်ခင်ဗျား၊ အိုး. . အလို! ကိုကိုယဉ်လည်း ပါလာသကိုး”



www.burmeseclassic.com


www.burmeseclassic.com



ကားပေါ်က ထပ်မံဆင်းသက်လာသော စားသုံးသူနှစ်ယောက်၏ အသွေးအမွေးအား မန်နေဂျာ အငေးသား ကြည့်နေလေသည်ကို. . .။

ဟုတ်ကဲ့။ သူတို့ ပို၍မသိ။ မသိ။






www.burmeseclassic.com





# အခန်း(၆)

"ညီ. . ညီမလေး. . ဒီ. . ဒီည သူဖုန်းဆက်လာရင် မမ ဘာ ပြောရမလဲဟင်"

"မနေ့က ရင်ပြင်တော်ပေါ်ကလူလား"

"အေးလေ"

"ဖုန်းမှားနေတယ် ပြောလိုက်ပေါ့"

"အို. . . ရိုင်းရာကျမှာပေါ့ ညီမလေးရဲ့၊ ဖုန်းထဲ နာမည်တွေ ဘာတွေ ပြောပြီး အပြန်အလှန် မိတ်ဆွေဖွဲ့ခဲ့ကြပြီးမှ ယတိပြတ်ကြီး လုပ်ရမှာ အားနာစရာကြီး၊ ပြီးတော့ ကြာသပတေးသားလေ သူ က. ."

"ဗေဒင်က မှန်တယ်ပဲ ထားဦး၊ ချိုကျိုးနားရွက်ပဲ့ကြီးဆို

www.burmeseclassic.com



ဘယ်လိုလုပ်မလဲ"

"မပြောကောင်း ပြောကောင်းဟာ၊ အသံက ယောကျ်ားပီပီ သြသြ ယဉ်ယဉ်ကျေးကျေးပါ အေမီရယ်၊ ရုပ်လက္ခဏာ ဒီလောက်ကြီး မဆိုးဝါးနိုင်ပါဘူး"

"မမ စိတ်ဝင်စားလို့လား"

"ညီမလေးရယ်. . မမမှာ စိတ်ဝင်စားစရာ ပျော်စရာ ဘာများ ရှိလို့လဲကွယ်၊ ဖုန်းထဲကနေပြီး မမ ကာယိန္ဒြေ ပျက်ပြားအောင် သူကကော ဘာများ လုပ်နိုင်မှာမို့လဲ၊ အန္တရာယ် ရှိနိုင်လို့လားဟင်"

ကေသီ၏ငိုမဲ့မဲ့မျက်နှာလေးကြောင့် အေမီ ကမန်းကတန်း ပြန်ပြောရသည်။ အကြောက်တရား ပြန်ဝင်သွားမှာစိုးရသည်လေ။

"အန္တရာယ်မရှိပါဘူး. . . လုံးဝမရှိနိုင်ဘူး မမ၊ ညီမ ရိုတယ်၊ ရဲရဲသာပြော. . . မမ စိတ်ထဲ ရှိသလိုသာပြော"

"ဒါပေမယ့် ဟိုက ဆက်ဦးမှ၊ ညည်းသင်လို့ ညက သူ့ကို ငအူအစစ်လို့ ပြောလိုက်မိတာ စိတ်ဆိုးသွားမလား မသိဘူး"

"ဟာ. . . ဆိုးမယ်မထင်ပါဘူး၊ ကျီစားတာပဲ၊ ပျော်ပြီး ဘီယာတွေဘာတွေတောင်. . အဲ. . အောင်ပွဲခံချင် ခံနေဦးမယ်"

"သူ. . သူဆက်မှာပါနော်"

"ဆက်မှာပါ. . . ထင်တာပဲလေ"

ဌ ၂ ဌ ၂





"လေးလေးနော်. . . ညကလို အူကြောင်ကြားတွေ လျှောက်မပြောနဲ့"

"အေးပါကွာ. . . ရင်ထဲစိတ်ထဲ လှုပ်ရှားနေလို့ပါ။ ဒီ. . ဒီည ဘာက စပြောရင် ကောင်းမလဲ"

သူက ကဗျာဆရာ ဂိုက်စပေါက် ဖမ်း၍ လက်ခလယ် မေးနို ရိုက်၍ လက်မလက်သန်းကို နားရွက်ကပ်လိုက်သည်။

"ဟာလို. . . ကေသီပါနော်၊ ဒီနေ့. . နေ့တာရှည်လိုက်တာ နော်၊ အဲ့ဒါနဲ့စ. . . ဟိုက ဆောင်းကုန်လို့ဖြစ်မှာပေ့ါ၊ ဒါမှမဟုတ် မနေ့ကလိုပါပဲ၊ တစ်နေ့ခု လာမယ်၊ လာရင် ဒီနေ့က ပိုရှည်တယ်၊ ဒီ အချိန်လေးကို မိုးလင်းကတည်းက စောင့်နေခဲ့ရလို့ပါ ကေသီရယ်"

"ဟ. . . ငါ့တူရ ကောင်းလှချည်လား၊ လေးလေးဖြစ်နေတာလည်း အဲ့ဒီအတိုင်းပဲ. . ဟဲ. . ဟဲ. . ဟဲ"

"အက်. . ဒါ. . ကဗျာဉာဏ်လေ၊ လေးလေးရင်ကို ပူးကပ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားထားတာ. . . ကွက်တိဝင်နေရမယ်"

"ဆက်ဦးလေကွာ. . . ဟိုက နားထောင်နေပြီ"

"ကိုယ်လေ. . . ဒီနေ့မှ နွေးနေတဲ့နေမင်းကြီးကို ဆွဲချလိုက်ချင်တယ်၊ ဖြစ်နိုင်ရင် တန်ခိုးရှင်ဆီက အောက်စက် ရီမုဒ်ကွန်ထရိုး ငှားပြီး Forward 2 4 8 20 23 နဲ့ ခလုတ်နှိပ်ပြီး နေမင်းကို ခပ်မြန်မြန် ရစ်ပစ်လိုက်ချင်ပါတယ်"

"ငါ့တူ. . . မင်းဟာက ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့် မော်ဒန်ဆန်လွန်းနေတယ်ထင်တယ်"

နွားနို့နဲ့အားဆေး လာပို့သော မောင်အူက ဘယ်တုန်းက အနားရောက်နေသည်မသိ။

"အဲ့ဒါမျိုးမှ ကာလပေါ်သမီးတွေ ခိုက်တာ အာစရိရ. . . မိုက်တယ်"

"လခွီး. . . ဟိုက ကာလပေါ်သမီး မဟုတ်တော့ဘူးကွ၊ မင့်ဖိုးဒေါ်. . . ဂန္ဓဝင်မင်းသမီးဖြစ်တော့မယ် မောင်အူရ"

"မောင်အူ ဒက်ပါတယ် အာစရိ. . . ဟဲ. . . ဟဲ၊ ဝမ်းနှုတ်ဆေး ကလေးသုံးလုံး၊ လူကြီးငါးလုံးဆိုရင် ငါက လေးလုံးပဲ စားမယ်ဆိုတဲ့အရွယ်"

မောင်အူပြောပုံကို တူဝရီးနှစ်ယောက် မူရင်းကိစ္စ မေ့အောင်ပင် ရယ်မိကြသည်။ အဲ့ပုန်းအပျိုကြီး ဝမ်းနှုတ်ဆေးစားနည်းဟု ဆက်ပြောနေသေးသလေ။

"လုပ်ပါဦး. . . ဆက်ပါဦးကွ"

"ဟိုက ဘာပြန်ပြောပြော ရစ်သမ်ဝင်ပြီး ကဗျာဆန်နေတဲ့ တင်ပိုကို မလျှော့နဲ့၊ လေးလေး ဆက်တွန်း၊ ကေသီရယ်. . . ခုလို





စကားပြောချိန်လေး အမြန်ရောက်လာအောင် နာရီထဲက အမြေးအသန်ဆုံး စက္ကန့်တံလေးကို အနှေးကန်ဆုံး နာရီလက်တံလေးနဲ့ (ဘာပဲ အလိုက်ပေးရပေးရ) လဲပစ်လိုက်ချင်သေး၊ ဩော်. . . ကိုယ်ကလေး ဆန်ပုံပါ၊ ကလေးဆိုတာက အမှန်ကို ပြောတယ်လေ"

"ဟော့ကောင်. . . တကယ်ကလေးဆန်နေပြီ"

"ဟာ. . . ဟုတ်တယ်၊ ကျွန်တော့် Mood နဲ့ ကျွန်တော့်အရွယ်ပြောတဲ့စကားဖြစ်နေပြီ၊ လေးလေးတို့အရွယ်က. . . အဲ. . . အဲ့ဒီသဘောမျိုးပါပဲ လေးလေးရယ်၊ ဟိုက ဘယ်လိုတုန့်ပြန်သလဲ၊ အဲ့ဒီအပေါ် ကြည့်ကျက်ပြောပေါ့၊ ကျွန်တော်က Guide Line သဘောမျိုးပဲ ပြောပြတာပါ၊ လေးလေး. . . ရှစ်နာရီ မထိုးသေးဘူး၊ ပြောမယ့် စကားတွေ စဉ်းစားလို့ရသေးတယ်. . . လေ့ကျင့်ဦး"

ဖုန်းမဖွင့်သေးဘဲ. .

"ဟဲလို ကေသီပါနော်. . . ဒီနေ့ နေ့တာရှည်လိုက်တာနော်၊ အေး. . . အဲ့လိုစမယ်. . နော် ငါ့တူ၊ ဟုတ်တယ်နော်"

"ဟာဟ. . . အာစရိလည်း အာစရိ ရနေပြီ. . . မောင်အူ့ ဝင်္ဂလည်တာ"

ကိုအူက ဝင်ဖြစ်အောင် ဝင်လိုက်သေး။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"တီလတီ တီတီ"

"ဟဲလို"

"ဟဲလို. . . ကေသီပါနော်. . . ကိုယ်ပါ၊ ဒီနေ့. . . နေ့တာရှည်လိုက်တာနော်"

"ဟုတ်တယ်. . . ဝရံတာမှာ အဝတ်တွေ ထုတ်လှမ်းထားတာ အကုန်ခြောက်တယ်"

"အယ်!"

အေမီက ခပ်တိုးတိုး ကပ်၍ ဒီမှာ. . . ဒီမှာ. . . ရေးထားသောစာရွက်ထဲက စာသားကို လက်ညှိုးနှင့် ထောက်ပြသည်။

"နေ့တာရှည်မှာပေါ့. . . ဆောင်းကုန်တော့မယ်လေ၊ နေ့တာရှည်တော့ ဘာဖြစ်လဲ"

"ကိုယ်က တိုစေချင်တာ၊ ကေသီနဲ့က နေမရှိမှ စကားပြောရမှာဆိုတော့ နေလုံးကြီးကို ကြိုးနဲ့ချည်ပြီး ဆွဲချ,ချင်နေတာလေ"





. . . . . လေးလေး လွဲပြီဟ!. . . . .

"ဟယ်. . . နည်းတဲ့ကြိုးကြီး မဟုတ်ဘူးနော်၊ မိုင်ပေါင်း (၅၃)သန်းတောင် ရှည်မှာ၊ ဂင်းနစ်စံချိန် ဝင်မှာပဲ၊ နေပါဦးရှင်. . . အဲ့ဒီကြိုးကို ဘယ်သူက တက်ချည်ပေးမှာလဲလို့"

"အဲ. . . အဲ. . ."

သူ့လေးလေးနား ကပ်၍ လေသံနှင့် သင်ရသည်။ လက်တန်း။

"စက်. . . စက်. . . စကြဝဠာ မြားနတ်မောင်၊ ဒါ. . ဒါမှမဟုတ် ချစ်ခြင်းမေတ္တာတရားဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့် တန်ခိုးရှင်တစ်ပါးပါးပေါ့"

. . . အိုကေတယ် လေးလေး. . နာ. . နာရီ ဆက်တွန်း။

ကေသီက သူ့ဟာသူ ပြောချလိုက်၏။

"စိတ်ကူးယဉ်သမားနဲ့တော့ တွေ့နေပြီ. . . ဟင်းဟင်း"

"ကိုယ့်စိတ်ကူးတွေကို ကေသီ နားမထောင်ချင်ဘူးလားတင်"

"ပြောကြည့်လေ. . . နားထောင်နေပါတယ်"

"ကိုယ်လေ. . . နာရီကို ကြည့်ပြီး လက်တံလေးသုံးချောင်းကို တွေ့တယ်၊ အပြေးအသန်ဆုံးက စက္ကန့်တံလေးပေါ့နော့"

"မပြေးပါဘူးရှင့်. . . လည်နေတဲ့ဥစ္စာ"

"ဟုတ်တယ်လေ. . . အနှေးဆုံးက ဘယ်လက်တံလဲ"

"နာရီပြတဲ့လက်တံပေါ့"

"ဟုတ်တယ်. . . ကိုယ်လေ. . . နာရီထဲ ဝင်ပြီး အဲ့ဒီလက်တံ အတိုလေးကို စက္ကန့်တံကို မီအောင်လိုက်တွန်းချင်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ဒါဆို. . သူက ပုရွက်ဆိတ်လောက်လေး သေးသေးလေး ပုစိညှောက်တောက်လေး ဖြစ်သွားမှာပေါ့။ ဟင်း. . . ဟင်း. . . ဟင်း"

. . ဟော့ကောင် ငါ့တူ လုပ်ပါဦး ဘာဆက်ပြောရမလဲ. . ?

. . . အတ္တိသယဝုတ္တိနဲ့ ပြောတာပါလို့. . .

"ဟင်းဟင်း. . . ကိုယ်က အတ္တိသယဝုတ္တိနဲ့ ပြောတာပါ။ ဟုတ်တယ်. . . နာရီလက်တံကို တွန်းဖို့ ပုရွက်ဆိတ်လောက်တော့ ပုစိသွားမှာပဲ၊ ဘာဖြစ်ဖြစ်လေ. . . နာရီမြန်ဖို့ အရေးကြီးတာပဲ"

"ဒါဆို လက်တံမပါဘဲ ဂဏန်းပဲ ပေါ်တဲ့ Quartz နာရီတွေ ဘယ်လိုလုပ်မလဲ"

ပြတင်းပေါက် မှန်တံခါး ဖွင့်ရင်း မမကေသီ ပြောနေပုံကို အေမီကတော့ သဘောကျ၍ အူနှိပ်နေပြီ။

"အွန်!"

. . . . ရှစ်သုည. . . သုညမှာ အကုန်ရပ်ထားမယ်လို့ ပြောလိုက် လေးလေး. .

"ဟင်!. . ဘာလို့ အွန်နဲ့ ရပ်နေတာလဲရှင့်"

"ဩော်. . . နာရီတွေကို အမြန်အွန်ပြီး အားလုံးကို P.M အိပ်(တ်) ဇီးရိုး ဇီးရိုးမှာ ရပ်ထားလိုက်မှာပေါ့။ အခုစကားပြောနေတဲ့ ညရှစ်နာရီချည်းပဲလေ"

တိုးတိုးညင်းညင်း ကေသီ့ရယ်သံကို (အပြင်ဖွင့်ထားသမို့) သုံးယောက်သား ကြားနေရသည်။ ကေသီအသံ ထပ်ပေါ်လာ၏။

"ဩော်. . . ကိုအူ. . . ကိုအူ"

"ဗျာ! ကျွန်တော့်ကို ခေါ်သလားခင်ဗျာ၊ ကျွန်တော့်နာမည်ကို အစ်မလေးက ဘယ်လိုသိနေတာလဲ"

ကိုအူ ဖုန်းနားကပ်လာပြီး ပြောခြင်းဖြစ်သည်။

"မောင်အူ. . . အသာနေစမ်း"

"ဘာတွေလဲ. . . ဟင်၊ ဘယ်သူ့အသံလဲ"

"ကိုယ့်တပည့်ကျော် မောင်အူပါ။ မနေ့က ပုတီးထဲ ကျန်ခဲ့တဲ့ တားယူခိုင်းတာလေ၊ အခုန. . ဩော်. . ကိုအူ. . ကိုအူ ဆိုတာ ဘာပြောမလို့လဲ"

"အဲ့ဒါက. . ဘာပြောမလို့လဲ ဆိုတော့. . ဩော. . သတိရပြီ၊ ကြာသပတေးသား ကိုမိုးသူက မအူဘူး၊ စကားပြောကြည့်ရင် သိတယ်၊ လူလည်ကြီး. . . လူလည်အကြီးစားကြီးလို့ ပြောမလို့၊ ဟင်!. . . ဖုန်းသံကို အမြင်ထုတ်ထားတယ်မလား၊ ဟိုလူ ကေသီခေါ်တာကြားလို့ ဝင်ပြောတာလေ၊ ဘေးမှာ ဘယ်သူတွေရှိလဲ. . . အမှန်အတိုင်းပြော"

"မ. . မရှိပါဘူး"

"အမှန်အတိုင်း မပြောရင် ဖုန်းပိတ်လိုက်မှာနော်"

"အခုန. . . မောင်အူ နွားနို့လာပို့တာ၊ အခု မရှိတော့ဘူး ပေါက်ထုတ်လိုက်ပြီ"

"တကယ်နော်"

"တကယ်ပါဗျာ. . . ဒါဆိုရင် အမှန်အတိုင်းဖြေ၊ ကေသီ့နားမှာကော ဘယ်သူရှိလဲ၊ ရယ်သံတစ်သံ ခပ်ပါးပါး ကြားနေရတယ်"

"ဒုန်း! ဒုန်း!"

ခဏငြိမ်သက်သွားပြန်သည်။ တံခါးထုသံ ထင်သည် ကြား




အောင်မြင်စာပေ
www.burmeseclassic.com

လိုက်ရ၏။

"ပြန်ဆက်မယ်နော်. . . ဒီမှာ ပြဿနာဖြစ်နေလို့"

"ဟာ! ဖုန်းပိတ်သွားပြီ၊ ပြဿနာဖြစ်နေလို့တဲ့"

"လေးလေး. . ဟိုမှာ ပြတင်းပွင့်နေတယ်၊ ကိုအူ. . မှန်ပြောင်းပေး. . . မြန်မြန်"

မှန်ပြောင်းမြင်ကွင်းထဲတွင် ဒေါသူပုန်ထနေသော ကိုကိုယဉ်က လွှဲရိုက်ချလိုက်သည်။ နံရံကွယ်နေသဖြင့် ဘယ်သူ့ကို ရိုက်ချလိုက်မှန်း မမြင်လိုက်ရ။ သူတို့မေမေ ဒေါ်အေးယဉ်က ကိုကိုယဉ်ကို အခန်းထဲက အတင်းဆွဲထုတ်သွားသည်။ ယိုင်ထိုးပါသွား၏။ ပြတင်းပေါက်ကို ဘယ်သူ တွန်းပိတ်လိုက်သည်မသိ။

ပြန်ဆက်မည်ဆိုသောဖုန်းက သန်းခေါင်ယံထိ မြည်သံပေါ် မလာခဲ့။ ဟူး။





ဆိုဖာကျောမှီပေါ် ခေါင်းတင်၍ ငယ်ထိပ်ပေါ် ရေခဲအိတ်တင်ရင်း. . . ကိုကိုယဉ် တအင်းအင်း ညည်းညူနေသည်။ ဆိုင်ကိုသွားမည့် ဘေးချထားသည့် လက်ဆွဲအိတ်အနက်ကြီးကို လက်တစ်ဖက်က ဟိုသည်စမ်းနေသည်။ ဘေးအိတ်ထဲက လက်ကျန်ပုလင်းသေးသေးလေးကို ဖွင့်ယူ၍ အဖုံးဖွင့်ပြီး တစ်ငုံနှစ်ငုံ မော့လိုက်သည်။ အမြန်ပြန်ဖုံး ၍ အိတ်ထဲ ကမန်းကတန်း ပြန်ထည့်သည်။ ထမင်းစားခန်းထဲက မေမေ ထွက်လာနေပြီဖြစ်သည်။ လက်ထဲမှာ ဘလက်(ခ်) ကော်ဖီနှင့် သံပုရာသီးစိပ်တွေ ပါလာသည်။ သူ့ရှေ့က စားပွဲပေါ် ထားချသည်။

သုန်မှုန်နေသော မိခင်ဒေါ်အေးယဉ်မျက်နှာကို တစ်ချက် လှမ်းကြည့်၍ သံပုရာသီးစိပ်ကို ကော်ဖီထဲ ညှစ်ထည့်သည်။ ခေါင်းပေါ်က ရေခဲအိတ်ကိုလည်း လက်တစ်ဖက်က ကိုင်ထားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ. . . ဖယ်ပါ. . . ကိုရွှေယဉ်ရယ်၊ လက်တုန်ခြေတုန်နဲ့ မှောက်မှက်ကုန်ပါ့မယ်"

ဒေါ်အေးယဉ်က သံပုရာစိပ် ဆွဲယူ၍ ညှစ်ထည့်ပြီး ငွန်းနှင့်မွှေနေသည်။ မျက်စောင်းတစ်ချက်ထိုး၍. . .

"မင်း ဒီလိုပြန့်ပြန့်လာတာ ရက်ဆက်နေပြီနော်၊ အရက်သမား လုံးလုံးဖြစ်တော့မယ်. . . ပြင်ဖို့သတိရဦး"

"အမေ မသိပါဘူး၊ ဒါ အပေါင်းအသင်းကတ္တာတွေ"

ကော်ဖီကို တစ်ဝက်သာသာ မော့၍ အိတ်ကို လှမ်းကိုင်သည်။

"နေဦး. . . မသွားနဲ့ဦး၊ မင်းညီမက မင်းနဲ့ စကားပြောချင်လို့ တဲ့"

ဘုတ်!

ရေခဲထုတ် ပြုတ်ကျသွားသည်။

"အောင်မာ. . . ကြီးကြီးကျယ်ကျယ်၊ သူကများ အစ်ကို့ကို စကားပြောဖို့ ချိန်းရဆိုရနဲ့၊ ဘာစကားပြောမှာလဲ ဘယ်မလဲ. . . ခေါ်လိုက်"

"မအေ ဖအေတောင် လက်ညှိုးနဲ့ မရွယ်ခဲ့တဲ့ အထွေးလေးကို နင်က မူးရူးပြီး ရိုက်နှက်တာ ငါလည်း မကြိုက်ဘူး"

"အမေ့သမီး လင်ထောင်တာကျတော့ အမေက ဘာမှမပြောဘဲ အားပေးအားမြှောက် လုပ်နေပြီးတော့၊ သောက်ရက်ကွဲလာတဲ့ အစ်ကိုက ဆုံးမတာကျတော့ အမေက မကြိုက်ဘူး ဟုတ်လား"

လိုက်ကာကို တွန်းဖယ်၍ အိပ်ခန်းဝက အေမီ ပေါ်လာသည်။ တည်တင်းသော မျက်နှာနေဖြင့်. . .

"ကိုကိုယဉ်"

"ဘာလဲ. . . ပြော. . . ငါအချိန်မရှိဘူး"

"အခုနက. . ကိုကိုယဉ် သောက်ရက်ကွဲလာတယ်လို့ ပြောသံ ကြားလိုက်ပါတယ်၊ အေမီ့ကြောင့် ကွဲတာလား၊ အေမီက ကိုကိုယဉ့်ကို ဘယ်လိုများ အရှက်ခွဲမိလို့လဲ"

"နင့်နဲ့နင့်အကောင် လက်ချင်း ချိတ်ပြီး ထင်းရှူးရိပ်က ထွက်လာတာ ငါကော. . . ငါ့ဂုဏ်သရေရှိ ဧည့်သည်တွေကော မြင်တာလေ၊ နင်ဘာပြောဦးမလဲ"

"ကောင်လေးတစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး ထင်းရှူးရိပ်က ထွက်လာတာဟာ ကိုကိုယဉ့်အရှက်တော်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ၊ အသက်(၂၁)နှစ်ကျော်နေတဲ့ ပညာတတ် မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်နဲ့ စားသောက်ဆိုင်ကို သွားခွင့်မရှိဘူးလား"

ဒုတ်! ဘုတ်! အ! အား!

အောက်ပြုတ်ကျနေသော ရေခဲထုတ်ကို ကိုကိုယဉ် လှမ်းကန်သည်။ စားပွဲတိုင်နှင့် ခြေမ ကျောင်ခနဲနေအောင် ခိုက်မိသွားသည်။ ဒေါသ ပိုလာသည်။

"အဲဒီစားသောက်ဆိုင်ဟာ ရိုးရိုးစားသောက်ဆိုင် မဟုတ်ဘူးတဲ့၊ ငါပါးစပ်က အယုတ္တ အနတ္တ ထွက်တော့မှာပဲ၊ ငါမပြောလိုက်ချင်ဘူး"

"ကိုကိုယဉ် အဲဒါကို ဘယ်လိုသိလဲတော့ မသိဘူး၊ အေမီက အကောင်းဆုံးနန်းကြီးသုတ်ရလို့ သွားစားတာ၊ ဘယ်သူ့ကိုမှ အရှက်







www.burmeseclassic.com

www.burmeseclassic.com



ခွဲဖို့ မဟုတ်ဘူး"

"ဒါဆို မိန်းကလေးအဖော်တွေနဲ့ သွားပါလား၊ နင်တွဲနေတဲ့ကောင်ကို ငါသိတယ်၊ ငါ့ဆိုင်ကဟာမတွေနဲ့ တစ်ယောက်မှ မလွတ်တဲ့ကောင်"

"ကိုကိုယဉ်နော်. . . အပေါ်ယံ ကြည့်ပြီး သူများသားသမီးကို သွားပုပ်လေလွင့် ကောက်ချက်မချနဲ့"

"အမေ. . . အမေ. . . တွေ့လား၊ သူ့ကောင်ထိလို့ ဆတ်ဆတ်ထိမခံ အစ်ကို့ကို ပြန်ပက်နေတာ၊ ဒီကပဲ. . . သွားပုပ်လေလွင့် တဲ့. . . ဟဲ့"

ချက်ချင်းပင် လေသံက နွဲ့သွားပြန်သည်။ ဂေးဟန် ပြန်ဝင်လာ၏။

"ဒီမှာ. . . ကိုကိုယဉ်. . . ကိုကိုယဉ် ဂေးဆန်ဆန် နေတာကျတော့ အေမီတို့ အရှက်မကွဲရဘူးလား"

"ဟဲ့. . . ဒါက နင်တို့ မျိုးဆိုဖို့ ဖုံးဖို့အုပ်ဖို့ စီးပွားရှာနေတာ ဟဲ့. . အလုပ်သဘော၊ နင်သိထားဖို့"

"သိထားတာ ပြောရမလား၊ အလုပ်သဘောအရ ဂေးလုပ်တာ စီးပွားရေးအရ အလုပ်လုပ်နေတာဆိုရင် စည်သူဝင်းထွဋ်ဝင်းနဲ့ ဘာလို့ ကြိုက်နေလဲ၊ စည်သူဝင်းထွဋ်ဝင်း ကောင်မလေးကို ဘာလို့ ပါးဆွဲရိုက်ရတာလဲ၊ ကဲ. . . ပြော"

"အဲ့ဒီကောင်မ ချိုကြွလို့ပေါ့၊ လင်ခိုးမ. . . မို့ ဆုံးမတာ. . . ဆုံးမတာ"

သူ့ကိုယ်သူ သတိထားနေသည့်ကြားက လင်စိတ် ထိပ်တက်လာသဖြင့် ခတ်ရင်းခံ ကြွတက်လာသော အသံနှင့်ဟန်ဖြစ်ပါ





သည်။

"ဟွန်း. . . တစ်ချို့က ကြမ်းမှ ရတယ်၊ ဒီတစ်ခါ ပက်ပင်းမိလို့ ကတော့ အဲ့ဒီကောင်မ ပေါင်နှစ်ခြမ်းကို ဖြန်းခနဲ ဆွဲခွဲပစ်လိုက်မဟော့၊ ဒါမှ ယဉ်ယဉ် ဘယ်လိုအစားဆိုတာ သိသွားမယ်. . . ဟင်း"

အေမီက ထောက်လက်သီး ခပ်ပြင်းပြင်း တစ်လုံးတည်း ပစ်ထည့်လိုက်သည်။

"အဲ့ဒါ အလုပ်သဘောလား ကိုကိုယဉ်၊ ဟင်. . . စည်သူက ကိုကိုယဉ့်လင်လား"

နှစ်ပက်ကျော်ကျော် ဝင်ထားသောအရှိန်က တက်လာပြီမို့ ညဉ့်က အခံနှင့် ကိုကိုယဉ် ထွေစပြုပြီး ဟန်ပန်တွေ ရိုးစင်းပွင့်လင်းလာပုံရသည်။ ပကတိ ကိုကိုယဉ်ကို တွေ့ရှိလာရသည်။

"ဟုတ်တယ်. . . စည်သူက ငါ့လင် ငါ့အသည်းလေး၊ ဒါ. . . ငါ့ရွေးချယ်ပိုင်ခွင့်၊ ဘယ်သူတားတား. . . ငါချစ်ချင်တာကို ချစ်မယ်"

"ဒါဆိုရင်. . . ဒီမှာ ကိုကိုယဉ်၊ တည်ဆဲဥပဒေအရ (၂၁) နှစ် ပြည့်ပြီးတဲ့ အေမီသော်ဆိုတဲ့ လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကရော သူချစ်ချင်တဲ့သူကို ချစ်ခွင့်မရှိဘူးလား၊ သူရွေးချယ်ချင်တဲ့လူကို ရွေးချယ်ခွင့် မရှိဘူးလား၊ မ. . ဟာ. . သဘာဝကျကျ ဖိုကို မရွေးရတော့ဘူးလား"

အေမီသော်က ထောက်လက်သီးနှင့် ဆူပွက်စေလိုက်ပြီးမှ ဒေါသထဲ တိုးဝင်လာသော မေးရိုးကားကားကြီးကို ဘွားခနဲ ဝိုက်လက်သီးနှင့် ပေးတွေ့လိုက်ခြင်းဖြစ်သည်။ သဘာဝကျကျဆိုသော အလုံးကြီးဖြစ်သည်။ ကိုကိုယဉ် လူးလဲထလာရင်း ပြုံးပြုံးဖျားဖျား



www.burmeseclassic.com

www.burmeseclassic.com



နှင့် . . .

"နှင့် . . . နှင့် . . . ဘာမှရွေးခွင့်မရှိဘူး အေမီ၊ နှင့်ကို ကိုယ်တော်လေးက ရွေးထားပြီးပြီ"

"ဘာကိုယ်တော်လေးမှ အေမီ့ကို ရွေးလို့မရဘူး၊ ဘာအကောင်အထည် ဘာဒြပ်မှ မရှိတဲ့ အဲ့ဒီကိုယ်တော်လေးဆိုတာကိုလည်း အယုံအကြည် မရှိဘူး"

လက်ဖျားခြေဖျားတွေ ကိုကိုယဉ် ခါ၍ . . .

"ဟယ် . . . ဟယ် . . . အမေ . . . တွေ့လား . . . တွေ့လား၊ အမေ့သမီး စော်ရကား မော်ရကားနေတာ၊ ကျေးဇူးရှင်ကိုယ်တော်လေးကို စော်ကားရင် အကြီးကျယ် ဒုက္ခရောက်မှာလေ၊ ခွင့်လွှတ်ပါ ကိုယ်တော်တို့ရယ်၊ ညီမတော်အရွယ်နဲ့ မှွန်နေတာကြောင့် တစ်ခါတစ်လေ မိုက်မဲတာလေး ခွင့်လွှတ်တော်မူပေးကြပါ"

"ခွင့်မလွှတ်လည်း အေမီတို့က ဂရုမစိုက်ဘူး၊ ကြောက်လည်း မကြောက်ဘူး၊ အယုံအကြည်လည်း မရှိဘူး၊

ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ

ဓမ္မောမေ သရဏံ အညံနတ္ထိ

သံဃောမေ သရဏံ အညံနတ္ထိပဲ . . .

ရတနာသုံးပါးမှလွဲ၍ အခြားကိုးကွယ်ရာမရှိပဲ . . . ဒါပဲ"

မမကေသီက အခန်းလိုက်ကာကြားက ချောင်းကြည့်နေရာမှ အေမီ့ကို အားပေးနေခဲ့သည်။ ယခုအခါ အသာစီး ရလာပြီမို့ စစ်ကူရှိကြောင်း ကိုယ်ထင်ပြ၍ ခပ်တည်တည်ပင် ဧည့်ခန်းထဲ ထွက်ချလာသည်။ မျက်နှာထားက ခပ်တင်းတင်း မော့ထား၏။

"ဟိုဟာမ . . . နှင့်က ဘာလာလုပ်တာလဲ၊ အိပ်ခန်းထဲ ပြန်ဝင်၊ ကိုယ်တော်တွေ အမျက်တော်ရှတဲ့အထဲ နှင်ပါ ရောပါသွားမယ် မိကေသီ . . . အထဲပြန်ဝင်ဆို . . . နေ"

"မဝင်နိုင်ဘူး ကိုကို၊ ဒါဟာ လွတ်လပ်တဲ့တိုင်းပြည်၊ လွတ်လပ်တဲ့အိမ်၊ ကေသီ နေချင်တဲ့အခန်းမှာ နေခွင့်ရှိတယ်"

ကိုကိုယဉ် ရှုံးရှုံးရဲရဲ ဖြစ်သွားသည်။

"အောင်မာ . . . နှင်က ဘယ်တုန်းက ငါ့ကို ခံပြောဖူးလို့လဲ မိကေသီ၊ နှင်ပါ ဟိုအမိုက်မနဲ့ ပေါင်းပြီး ငါ့ကိုရော အထက်ဂိုဏ်းတိုပါ ပုန်ကန်ချင်လာပြီလား၊ နှင်က ကိုယ်တော်ကြီးနဲ့ လက်ဆက်ပြီးသားလေ"

အေမီ ထိုင်နေရာမှ ထလိုက်သည်။ ကျားသစ်မလေးတစ်ကောင်၏ ရဲရင့်သောမျက်လုံးနှင့် ကိုကိုယဉ်ကို စိုက်ကြည့်လိုက်ပြီး . . .

"ဘာ . . . ကိုယ်တော်ကြီး . . . ဟုတ်လား၊ အဲ့ဒီကိုယ်တော်ကြီးက မမကေသီရဲ့စိတ်ကို နူးညံ့သိမ်မွေ့စေလား၊ မမကေသီ စိတ်ညစ်နေရင် ပျော်အောင်လုပ်ပေးလား၊ မမကေသီရဲ့နှလုံးသားက တောင်းဆိုတဲ့ ချစ်ခြင်းမေတ္တာတရားကို ဖြည့်ဆည်းပေးသလား၊ မမကေသီ ငတ်မွတ်နေတဲ့ နွေးထွေးတဲ့အကြင်နာတရားကို ပေးသလား၊ လူသားပီပီ တောင့်တ,တတ်တဲ့ စိတ်ခံစားမှု ဘာတစ်ခုပေးလဲပြော"

"ဟယ် . . . ဟင် . . . နှင် . . . အေမီ . . . နှင် . . ."

"နေဦး ကိုကိုယဉ်၊ အေမီ့စကား မပြီးသေးဘူး၊ အေမီမေးခဲ့တဲ့ မေးခွန်းတွေ ကိုကိုယဉ်ဖြေလေ၊ အဲ့ဒီကိုယ်တော်ကြီးက မမကေသီကို ဘာတစ်ခု ပေးသလဲ"







www.burmeseclassic.com

www.burmeseclassic.com



ကိုကိုယဉ် ဝေါင်ကြောင်၍ (ဒေါသလည်း ပါမည်) ပါးစပ်အဟောင်းသားဖြစ်နေသည်။

"ကိုကို မဖြေနိုင်ရင် ကာယကံရှင် မမကေသီကိုပဲ မေးမယ်၊ မမကေသီ. . . မမ. . ကိုယ်တော်ကြီးဆီက ဘာရသလဲ"

"ဘာမှမရဘူး. . . ငါရတာက စိတ်ဆင်းရဲမှု၊ မလွတ်လပ်မှုနဲ့ လူ့အဖြစ်ကို ဆုံးရှုံးနေမှုပဲ. . . ငရဲပဲ"

"ဒါဆိုရင် ငါ တစ်သက်လုံး နင်တို့ကို ထောက်ပံ့ကျွေးမွေးလာတာတွေ ဘယ်က ရတယ်ထင်သလဲ၊ ဘယ်သူ မ,နေတယ် ထင်သလဲ"

"ကိုကိုယဉ် အလုပ်လုပ်လို့ စီးပွားအရှာကောင်းလို့ ရတာချည်းပဲ၊ ဘယ်သူကမှ အပုံလိုက် ရှော့အင့် လာမပေးဘူး"


"ကောင်းပြီ. . . ဒါဆို ဒီနေ့ကစပြီး နင်တို့နှစ်ယောက်လုံး ကိုယ်တော်တွေပေးတဲ့ ငွေကြေးလာဘ်လာဘ ငါ့ဆီက တစ်ပြားမှ မရတော့ဘူးမှတ်. . . ဝတ်ကြ၊ မဝတ်ချင်ရင် နင်တို့ဟာနင်တို့ ရတဲ့နည်းနဲ့ ရှာစားကြပေ့ါ"

ဝုန်းဒိုင်းကြဲ၍ အိတ်ဆွဲဆင်းသွားလေသည်။ အရက်ရှိန်ကကျ လာနေပြီမို့ အဓိက,က ဓာတ်လှေခါးထဲ တစ်ငုံနှစ်ငုံ မော့ဖို့ဖြစ်ချေ၏ တမုံ။

၅ ၅ ၅ ၅



"အေမီ...ဘာအမှုအခင်းမှ မဖြစ်ဘဲ နင် မချမ်းသာချင်ဘူးလား
"ပုထုဇဉ်ပဲဟ...ချမ်းသာချင်တာပေ့ါ"
"အင်မတန် လုံခြုံတဲ့...
ဘဏ်တစ်ခုကို ငါဖောက်ပြမယ်...
လက်နက်မသုံးဘူး...
ရုပ်ရှင်ထဲကလို...
ခေတ်မီပစ္စည်းကိရိယာတွေ...
မသုံးဘူး..."
"ဘာသုံးမှာလဲ..."
"စကားလုံး..."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

တစ်ပတ်ခန့်အကြာ၌. . .

"အဲ့ဒါပဲ ညီသူစံ၊ တိုင်ပင်စရာကလည်း နင်ပဲ ရှိလို့ ငါရင်ဖွင့်တာ၊ ငါတော့ ပါးတစ်ချက် အရိုက်ခံပြီး အိမ်မှာ ကောင်းကောင်းကြီး ပုန်ကန်ပစ်လိုက်ပြီ"

"အဲ့ဒီသတ္တိကို ငါချီးကျူးပါတယ်ဟာ၊ နင့်တစ်ယောက်စာ မဟုတ်ဘူး၊ မမကေသီအတွက်ပါ ပါတယ်"

"ဘယ်လာ. . . က,မလဲ ညီသူရဲ့၊ မမကေသီလို နတ်အယုံသီးတဲ့ အကြီးအကဲအောက်က လူ့အခွင့်အရေး မရရှာတဲ့ မိန်းကလေးတွေ အများကြီးအတွက်ပါ ငါတိုက်ပွဲဝင်ပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ. . . ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားတဲ့နိုင်ငံမှာ အဲလိုမျိုး ရှိကိုမရှိသင့်ဘူး"

"ရိုးရာအစဉ်အလာတစ်ခုအနေနဲ့ လုပ်ပါ၊ ယုံကြည်ကိုးကွယ်တာကို စော်ကားတာ မဟုတ်ပါဘူး၊ တစ်ချို့ရှိပါတယ်၊ နတ်နဲ့ လက်ထပ်ထားတယ်၊ လိပ်ပြာလှလို့ ဘာလို့ပေါ့နော်၊ လင်ယူသားမွေး လုပ်လို့ရပါတယ်၊ ကိုကိုယဉ့်ဘိုးတော်ကျမှပဲ လူသားယောက်ျားကို စိတ်နဲ့တောင် မပစ်မှားရဘူးလေး ဘာလေးနဲ့"

"နင် အဲ့ဒီဘိုးတော်ကို မြင်ဖူးလား"

"ဟင့်အင်း. . . မမတော့ ချင်းချောင်းနတ်နန်းမှာ လက်ဆက် တုန်းကတစ်ခါ အနီးကပ် မြင်ဖူးတယ်တဲ့၊ မျက်လုံးကြီးကို မကြိုက်ဘူးတဲ့၊ ကြောက်စရာကြီးလို့ ခံစားရတယ်တဲ့"

"ဘာ. . ဘာလုပ်လိုက်လဲဟင် နှစ်ယောက်တည်းလား"

"မဟုတ်ပါဘူး. . . မင်္ဂလာအခမ်းအနားမျိုးပါပဲတဲ့၊ လူတွေ အများကြီး ရှိတယ်တဲ့၊ ဒါပေမယ့် ထုံကူးပွဲဆိုလား ရှိတယ်တဲ့၊ လာမယ့်လမှာ ထုံကူးမယ်တဲ့၊ အဲ့ဒါကျတော့ ဘိုးတော်နဲ့ နှစ်ယောက်တည်းတဲ့"

"ဟာ! အဲ့ဒါ တစ်ခုခုပဲ၊ ငါတော့ မယုံဘူး"

"ငါလည်း အဲဒါကို စိတ်ပူနေခဲ့တာပါဟယ်၊ တို့ ဘယ်လိုတာကွယ်ကြမလဲဟင်"

ချောကလက် မစ်ခ်ရှိတ်ခွက်ကို အေမီ့ဘက် တွန်းပို့ရင်း. .

"ခေါင်းအေးသွားအောင် သောက်လိုက်ဦး အေမီလေးရေ၊ အကောင်းဆုံးအဖြေတစ်ခုတော့ ရမှာပါ၊ တို့ခေါင်းနှစ်လုံးနဲ့ အဖြေထုတ်မယ့်အစား နောက်ထပ် တို့ထက် အတွေ့အကြုံ ပါဝါပိုမြင့်တဲ့





ခေါင်းတစ်လုံး ထပ်ပေါင်းပြီး ခေါင်းသုံးလုံးနဲ့ အဖြေထုတ်ရင် ကောင်းလေားလို့ ငါစီစဉ်ထားတယ်"

"ဘယ်လို. . . ဘယ်လို. . ."

"နင် ငါ့လေးလေးကို မြင်ဖူးတယ်နော်"

"အဝေးက. . . သူ့ကားထဲ ဝင်ထွက်နေတာတော့ ခဏခဏ မြင်ဖူးတယ်။ ဟိုနေ့ကတော့ IJ မှာ ငါ ပဲပလာတာ သွားဝယ်ရင်း သူ့ Boss လို့ ထင်ရတဲ့ ဖွေးဖွေးဝဝ လူကြီးနဲ့ ဆိုင်ထဲဝင်လာလို့ အနီးကပ် တစ်ခါတွေ့ဖူးတယ်"

"ဟုတ်တယ်. . . အဲ့ဒါ လေးလေးတို့ ကုမ္ပဏီသူဌေးကြီးပဲ၊ ယောဂီအဝတ်အစား လုံချည်အညိုရင့်နဲ့ အင်္ကျီအဖြူဝတ်ထားတဲ့ ဖြူဖြူဝဝကြီးလေ"

"ဟုတ်တယ်. . . ဆံပင်ငွေရောင်နဲ့ မျက်နှာက ကြည်လင်နေတာကို ငါ သေသေချာချာ ဂရုပြုမိတယ်"

"မိုးကုတ်တရားစခန်းမှာ တရားထိုင်နေတယ်၊ အဲ့ဒီမနက်က ကုမ္ပဏီကိစ္စတွေ လေးလေးကို အကုန်လာလွှဲတာလေ၊ နောက်ဆို ငါ့ လေးလေးက ကုမ္ပဏီဥက္ကဋ္ဌ ဖြစ်ဖို့များတယ်နော်၊ ဒါနဲ့ ငါ့လေးလေးကို ရော နင့်အမြင်ပြောပါဦး"

"ဖုန်းထဲမှာတော့ ဆယ်ကျော်သက် နင့်တပည့်လေးပဲ. . . ဟင်း. . . ဟင်း၊ အပြင်မှာတော့ တကယ့် ဂျင်းဒ်တဲလ်မင်းပဲဟာ၊ နင့်ထက်ကို အများကြီး ချောတယ်၊ ကိုရီးယားမင်းသား လီပြောင်ဟွန်းကို လေးသုံးလေးအောင်စလောက် ထိုးထားတဲ့ဥပမိနဲ့"

"နင် အဲ့ဒီစကား မှတ်ထားနော် အေမီ၊ ငါက ငါ့လေးလေးကို ပြောဖူးတယ်ဟာ၊ လေးလေးကို မမကေသီ ခိုက်မှာပါ၊ လေးလေးက



www.burmeseclassic.com

www.burmeseclassic.com



လူမင်းကို လေထိုးထားတဲ့ရုပ်ဆိုတော့. . . ရယ်လိုက်တာလေ၊ ငါ အဲ့လောက်မဖေားကွဆိုပြီး အိပ်ဆာဖိုက် ပြန်လုပ်နေလေရဲ့"

နှစ်ဦးသား အပူအပင်ကို ခဏမေ့၍ ရယ်မောနေမိကြသည်။

"ညီသူ. . . နင့်မှာ ပိုက်ဆံပါတယ်နော်၊ ငါ မနက်တည်းက ဘာမှမစားရသေးဘူးဟာ၊ ကိုကိုယဉ်ကလည်း ငါတို့ညီအစ်မကို ဖြုတ်လေးဖြုတ်နဲ့ ဖြုတ်နေပြီလေ၊ ဘဏ်အကောင့်(တ်)သိမ်းတယ်၊ ဟမ်းဆက် ပြန်သိမ်းတယ်၊ မမဆီက ခရက်ဒစ်ကဒ် သိမ်းတယ်၊ ငါ့ကို ခရက်ဒစ်ကဒ် လုပ်ပေးမယ်ဆိုတာလည်း ကင်စယ်လ်တယ်၊ မေမေ့ကိုတောင် တစ်ပတ်စာ ဈေးဖိုးပေးရာကနေ တစ်ရက်စာ တိုင်းပေးလာတယ်၊ ဈေးစာရင်းပါ စစ်နေလို့ မေမေနဲ့ တကျက်ကျက် ဖြစ်တဲ့ အပြင် အမေ ဒီအခွေ နားထောင်လို့ ဒီဟာမတွေ နားယောင်ကုန်တာဆိုပြီး ဟို. . . ဆရာတော် အခွေတွေအကုန် သော့ခတ်ပစ်လိုက်တယ်လေ"

"မောသွားပြီ. . . အအေးသောက်လိုက်ဦး၊ ပြီးမှ. . . ဒီမှာ မီနူးကဒ်၊ နင်ကြိုက်တာမှာစမ်း. . . စားစမ်း၊ ငါလေ. . . နင် ဂက်စတစ် ဖြစ်မှာ အရမ်းစိုးရိမ်သွားတယ်"

"ကောင်စုတ်နော်. . . လုပ်လာပြန်ပြီ ဒီဂက်စတစ်"

ပြောရင်း ဟမ်းဖုန်းဘေးချထားသော ညီသူစံ၏ပိုက်ဆံအိတ်ခေါက်လေးကို ဆွဲဖွင့်ကြည့်သည်။ ငါးရာတန်သုံးရွက် ထွက်လာသည်။

"ဟင်! ဒါလေးနဲ့ ငါစားချင်တာ နင်ဘယ်လိုလုပ် ရှင်းမှာလဲ"

"ဟာဟာ. . . စပွန်ဆာ ရှိတယ်ဟ၊ ကိုးရိုးယားနဲ့ ဘားမား





အဲယား သုံးအောင်စပေါင်းပြီး စပွန်ဆာ ပေးထားတာ၊ နင်သာ အဲ့ဒီ တုမွှကြီးနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် နင်တို့ညီအစ်မ တရက်ဒစ်ကဒ်လည်း ရမယ်၊ Bank Account လည်း ကြိုက်သလောက် ပြန်ဖွင့်ပေးမယ်၊ သွားရေးလာရေး လုံခြုံချောမွေ့ အဆင်ပြေနေအောင်လည်း တာဝန်ယူပေးဦးမှာဗျား၊ မင်းကလေးက လိမ္မာရင်. . အဲ. . . လိုအပ်ရင် တစ်သက်လုံး သက်တော်စောင့် ထည့်ပေးဦးမှာတဲ့"

အေမီက ရိပ်မိသလိုလို စဉ်းစားနေသလိုလို သူ့ကို ခပ်ကြောင်ကြောင် ခပ်အံ့အံ့ ကြည့်နေ၏။ သူက ဖုန်းကို ယူ၍ နှိပ်လိုက်သည်။

"လေးလေး. . . နေ့လည်စာ အဆင်သင့်ဖြစ်ပါပြီ၊ ရှင်းဖို့ကြွပါ၊ အဲလေ. . . စားဖို့ ကြွပါ၊ ဟုတ်ကဲ့. . . ကျွန်တော်ပြောထားတဲ့ ဆိုင်ပဲ"

သူ ဖုန်းပိတ်လိုက်၏။

အေမီက ဖွံ့ခိုးမိသော နယ်ထိန်းရုပ်နှင့်. . .

"ဩ. . . ဇာတ်ညွှန်းက ရေးပြီးသား၊ ဇာတ်တိုက်ပြီးသားကိုး၊ ဒါကြောင့် လက်ထဲရှိတဲ့ ဘတ်ငွေအကုန်သုံးပြီး ဒီဆိုင်မျိုးထဲ တစ်ပြားနှစ်ပြားနဲ့ ညီသူစံတို့ မောက်မာနေတာကိုး"

"ဒါပဲလေ. . . ညီသူစံတို့က မပိုင်ရင် ခြင်ထောင်ထဲက ခြင်တောင် မရိုက်ဘူး၊ တစ်ကိုက်ပေးကျွေးပြီး သူ့သွေးစုတ်တံ အသားထဲ နှစ်နေမှ ဗျစ်ခနဲမြည်အောင် ဖောင်းခနဲ ရိုက်တာ. . . ဟာဟ"

"လာပစေ. . . လေးလေးပိုက်ဆံတွေကို ယိုးဒယားငွေဖြစ်အောင် ညီသူစံ ဘယ်လိုမစ်ရှင်ထွင်တယ်၊ ဘယ်လိုပရောဂျက်ကို

www.burmeseclassic.com



ဆင်တယ်ဆိုတာ အကုန်ဖွင့်ချမှာ၊ လူလိမ်မော့ဆက်ကို ဖော်မှာ"

"အယ်. . . အယ်. . . ငါက မော့ဆက်ဆိုရင် ဒေါ်အေမီ့ဆော်က စီအိုင်အေဖြစ်ကြောင်း သက်သေပြလိုက်မှာ၊ ဟော့သမှာ ဟမ်းဆက်ထဲ မစ်ရှင်အစအဆုံး ဖမ်းထားတယ်၊ File ဖွင့်ပြလိုက်ရုံပဲ၊ နင်နဲ့ငါ အမှုတွဲပြီး တစ်သက်တစ်ကျွန်းပဲ၊ ဟဲ. . . ဟဲ. . . နှစ်ယောက်တည်း"

"နင်ဟာလေ. . . အကွက်ရတိုင်း ယက်ထည့်နေတာပဲ နော်"

"နင့်နောင်ရေး စိတ်အေးရအောင်ပါဟယ်၊ ဒီမစ်ရှင်ပြီးရင် လေးလေးက ငါ့ကို ကိုးရီးယား လွှတ်တော့မှာနော်၊ သေချာသလောက် ရှိနေပြီ၊ အမှုလွန်ပြီး နောက်မှ နောင်တရနေမှာစိုးလို့ ကြိုပြောထားတာ၊ နင်လိမ္မာရင် နင့်အတွက်ချည်းပဲ၊ ဆောင်ပေးကိုအွန်စောက ဒုတိယ နေရာပဲ ငါရာထားတာ"

"လဲ. . . သေ. . . လိုက်"

"ငါသေသွားရင် ကိုယ်တော်လေး ဝမ်းသာနေမှာပဲနော်"

"တော်စမ်းပါဟာ. . . ငါတကယ်ဆာနေတယ်၊ ဟား. . . တကယ်၊ ဗိုက်တောင် အောင့်လာပြီ"

"သေချာပြီ. . . အဲ့ဒါ ဂက်စတစ်ပဲ"

အစားအသောက် မြန်မြန်ရတာ အရင်မှာသည်။

ထိုစဉ် လေးလေးကား ဝင်လာသည်ကို လှမ်းမြင်လိုက်ကြရသည်။

"စပွန်ဆာ လာပြီ. . . လိမ်လိမ်မာမာ နေစမ်း၊ သူ့တူနဲ့တန်မတန် ကြည့်မှာ"





"နင်နော်. . . နင်နဲ့ငါနဲ့ ဘာမှ မဖြစ်သေးဘူး"

အဝေးကပင် လေးလေးအပြုံးက နှစ်လိုဖွယ်ကောင်းသည်ဟု အေမီ ထင်၏။ နှစ်ယောက်သား မတ်တတ်ရပ်၍ကြိုကြသည်။

"ထိုင်ပါ. . . ထိုင်ပါ၊ အထူးဧည့်သည်မှ မဟုတ်တာ"

"လေးလေး. . . ဒါ ကျွန်တော်ပြောတဲ့ အေမီသော်၊ အေမီ ဒါ တို့လေးလေး ဦးမိုးသူ"

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

"အေမီလည်း ဝမ်းသာပါတယ်၊ လေးလေးတူက ပိုဝမ်းသာလိမ့်မယ် ထင်တယ်၊ သူ့မှာ ဘတ်ငွေပြတ်နေပြီ"

"ဟင်း. . ဟင်း. . ဟင်း"

အေမီ၏ဟာသပေါ့ပေါ့လေးက ချက်ချင်းပင် မိသားစုစိတ်နှင့် ပျော့ပျော့ပြောင်းပြောင်း ဝိုင်းဖွဲ့သွားစေ၏။

"လေးလေးက အေမီ့ကို တကယ်တွေ့ချင်နေတာပါကွယ်၊ တွေ့ရတာ ဝမ်းသာပါတယ်ဆိုတာ ပြောနေကျ သူလိုငါလို ပဋိသန္ထာရ စကားထက် ပိုပါတယ်"

"ဟင်း. . ဟင်း. . လေးလေးက ဒီမှာကျတော့ စကားပြောတာ ချော့နေတာပဲနော်၊ ဖုန်းထဲမှာသာ. . . ဟင်းဟင်း"

"ဟာ. . . ဒါဆို ကေသီနဲ့ ဖုန်းပြောတာ အေမီ ဘေးမှာရှိနေတာပေါ့၊ ရှက်တောင်ရှက်သွားပြီ"

"မရှက်နဲ့ လေးလေး၊ မမကေသီရဲ့ ဖာတ်ညွှန်းနဲ့ ဒါရိုက်တာက အေမီ လေးလေးရဲ့ ဒါရိုက်တာမှ အော်စကာဆု မှန်းထားတာ"

"ညီသူနော်. . . နင်ကမှ ထုတ်လုပ်သူ၊ ရိုက်ကွင်းဒါရိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မှန်ပါ ထိုးတဲ့ကောင်”

“လေးလေးက နှစ်ယောက်လုံးကို ကျေးဇူးတင်ပါတယ်ကွယ်၊ အင်မတန် ကုသိုလ်ရတဲ့ မြားနတ်မောင်မယ်လေးတွေပါပဲ”

အစားအသောက်တွေ ရောက်လာသည်။ အေမီက လေးလေးကို ဦးဖယ်၍ စ,စားသည်။

“ပါကစ္စတန် ရေဘေးဒုက္ခသည်စခန်းက လာတာလေ၊ ဂက်စတစ် ရောဂါသည် လေးလေးရ”

“ညီသူနော်. . .”

“ဒါနဲ့ အရေးကြီးတာပဲ အရင်မေးပါရစေကွယ်၊ တစ်ပတ်လောက် ရှိပြီ၊ ဖုန်းဆက်လို့မရဘူး. . . ဘာဖြစ်လို့လဲဟင်”

“ညီသူ. . . မော့ဆက်အစီရင်ခံစာ တင်လေ၊ ဘတ်ဂျက်အရင်ကျအောင်”

ညီသူစံက အကြောင်းစုံကို စားရင်းသောက်ရင်းပင် လေးလေးကို ရှင်းပြလိုက်သည်။ ထိုကူးမည့်ကိစ္စကိုတော့ ချန်လှပ်ထားခဲ့သည်။ ဒါက. . . မိန်းပွဲ့င့်ဖြစ်နေသည်လေ။

“လေးလေးက သိပ်အရေးကြီးလာနိုင်တဲ့ကိစ္စကို လေးလေးနက်နက် စဉ်းစားရတော့မယ်၊ တို့သုံးယောက် ထမင်းစားပြီးမှ တိုင်ပင်ကြတာပေါ့ကွယ်”

တိတ်ဆိတ်စွာပင် အတွေးကိုယ်စီနှင့် စားသောက်နေဖြစ်ကြသည်။ ညီသူစံက အေမီကို ပြုံးကြည့်ရင်း. . .

“အေမီ. . . မမကေသီက လေးလေးကို အမျိုးမျိုး ပုံဖော်ကြည့်နေမှာပဲနော်”

“သေချာတာပေါ့ဟာ. . . ဒါ သဘာဝကိစ္စပဲ”





“နင်. . . အခု လေးလေးနဲ့ တွေ့ခဲ့တာ ပြန်ပြောမှာလား”

“ပြန်ပြောမှာပေါ့ဟ. . . ငါနဲ့မမကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး”

“ဒါဆို မမကေသီက မေးမှာပဲ. . . သူက ဘယ်လို ရုပ်မျိုးလဲ၊ ဘယ်လိုပုံစံလဲဆိုရင် နင်ဘယ်လိုပြန်ပြောမလဲဟင်”

လေးလေးကလည်း ညီသူစံ၏မေးခွန်းကို အေမီ ဘယ်လိုဖြေမလဲဟု စိတ်ဝင်တစား နားထောင်နေသည်။

“ဟာ. . . နင်ကလည်း၊ လေးလေးရှေ့မှာ ငါက ဘယ်ပြောလို့ ကောင်းမလဲဟ. . . မပြောချင်ပါဘူးဟာ”

ညီ ်က သူ အသံဖမ်းထားသော ဟမ်းဆက်လေးကို ခဏချိန်ညှိ ခပ်ကျယ်ကျယ် ပြန်ဖွင့်လိုက်သည်။

အေမီက တားသည်၊ မရ။ ကြည်လင်ပြတ်သားစွာပင်. . .

“ဖုန်းထဲမှာတော့ ဆယ်ကျော်သက် နင့်တပည့်လေးပဲ၊ ဟင်းဟင်း. . . အပြင်မှာတော့ တကယ့် ဖျင်းတဲလ်မင်းပဲဟ၊ နင့်ထက်ကို အများကြီး ချောတယ်၊ ကိုးရီးယားမင်းသား လီပြောင်ဟွန်းကို လေသုံးငေ ားအောင်စ ထိုးထားတဲ့ ဥပမိနဲ့”

သူ ဟင်းဆက်ပြန်ပိတ်လိုက်သည်။ လေးလေးက အားပါးတရ ယ်သည်။ အေမီက လက်ခုံ ပါးစပ်ကာ၍ ရှက်နေသည်။

“လေးလေးရေ. . . ကိုယ့်ခယ်မလေးကို အဲ့ဒီလောက် ပြောတာနဲ့တင် ဟမ်းဆက်နဲ့ Bank Account ပြန်ဖွင့်ပေးဖို့ သင့်နေပြီနော်”

“ဟင်းဟင်း. . . လေးလေးစဉ်းစားပြီးသားပါ ငါ့တူရှားမင်းတိုပါ လေးလေး ကားဝယ်ပေးမယ် ပြောဖူးတာလည်း မှတ်မိနေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ”

ကဲ. . . ငါမပြောဘူးလား အေမီ ဆိုသောအကြည့်ဖြင့် သူ ဟာသဆန်ဆန် ကြည့်လိုက်၏။ (မစ္စတာဘင်း(န်)အပြုံးမျိုး)

အင်း. . . ဦးကပ်စီးဘဏ်ကို သူမို့ စကားလုံးနဲ့ ဖောက်နိုင် တယ်ဟု အေမီက တွေးရင်း. . .

ရယ်မောရင်း. . .

စားသောက်ခြင်းကို လက်စသတ်လိုက်ကြသည်။

“ကဲ. . . အသီးအနှံနဲ့ အအေးမှာရင်း တို့တွေ အကောင်း ဆုံး အဖြေကို ရှာကြရအောင်”

သယံဇာတ ကြွယ်ဝသော ကျွန်းတစ်ကျွန်းနှင့် ပတ်သက်၍ တရုတ်နှင့်ဂျပန် တင်းမာနေခြင်း၊ သုံးပွဲ ဆက်တိုက်နိုင်၍ အင်္ဂလန် ကိုပင် သရေပိတ်ကန်ပစ်လိုက်သော လူဦးရေ ခြောက်သိန်းသာရှိ သည့် မွန်တီနီဂရိုးဘောလုံးအသင်း စသည့်. . . စသည့် ကမ္ဘာ့ အရေးအခင်းအားလုံးကို သူတို့သုံးယောက် ဟိုနောက်တန်းသို့ တညီ တညွတ်တည်း ပို့ပစ်လိုက်ကြလေတော့၏။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ကေသီတစ်ယောက်တည်း အိပ်ယာပေါ် လှဲနေရင်း အတွေးနယ်ကျယ်နေသည်။

. . . ငါ့တယ်လီဖုန်း အိပ်မက်ကလေးလည်း ပျက်ပြယ်သွားပြီ။ ကိုကိုယဉ်လည်း အိမ်ပြန်မလာတာ သုံးရက်ရှိပြီ။ မေမေလည်း ဈေးဖိုးတောင် ခက်နေပြီ။ ညီမလေးလည်း သူ့ပုန်ဖြစ်ပြီး ရရာအလုပ် လုပ်ဖို့ ခြေတိုအောင် အလုပ်သွားရှာနေရပြီ၊ တယ်လီဖုန်း၊ အကြွေးဝယ်ကဒ်နဲ့ ဘဏ်စာရင်းလည်း ကိုကိုယဉ် ပြန်သိမ်းသွားပြီ။ မေမေ့ကြောင့်သာ ဒီအိမ်မှာ နေထိုင်ခွင့်နဲ့ ထမင်းစားနေရတဲ့အထဲ မေမေက ရာသက်ပန် တရားစခန်းဝင်ချင်ပြီတဲ့၊ ငါဘာလုပ်ရမလဲ။ ငါ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေး အနာဂတ် လှပအောင် ကိုကိုယဉ်ရဲ့ထောက်ပံ့မှုဟာ မဖြစ်မနေ လိုအပ်တယ်။ မေမေ့မေ နောက်ဆံမတင်းဘဲ ထာဝရ တရားစခန်းဝင်နိုင်အောင်လည်း ငါ ဘယ်လိုဖြစ်ဖြစ် အနစ်နာခံသင့်တယ်။ ငါဟာ လောကကို ဘာကောင်းကျိုးမှ မပြုနိုင်ခဲ့ဘူး၊ အနည်းဆုံး မိသားစုကောင်းကျိုးတော့ ပြုသင့်တယ်။ ငါ့ဘဝကို ငါစတေးမယ်။ ဘိုးတော်နဲ့ ကိုကိုယဉ်လက်ထဲကို ငါ့ဘဝ အပြီးတိုင် အပ်လိုက်ရင် အားလုံး အဆင်ပြေသွားမယ်၊ အီး. . ဟီး. . ငါအနစ်နာခံလိုက်တော့မယ်။ အီး. . . ငါ့ဘဝ ဖြစ်ချင်တာ ဖြစ်ပါစေ။ ဘိုးတော်က အပြစ်တွေအားလုံး သန့်စင်သွားအောင် ထုံကူးမယ်ဆိုတာကို ကျွန်မ လက်ခံလိုက်ရပါတော့မယ်. . .

ကြာသပတေးသားကြီး ကိုမိုးသူဆိုသူရေ. . . အီးဟီး. . . ဟင့်ဟင့်. . . ပေဒင်တွေလည်း တစ်ခုမှ မမှန်ဘူး. . . အီး။

ဒေါက်! ဒေါက်! ဒေါက်!

"မမ. . . ညီမလေးပါ. . . တံခါးဖွင့်ပါဦး"

ကျွီ!

"ဟယ်. . . မမ ငိုနေတယ်. . . ဘာဖြစ်လို့လဲ"

"မမလေ. . . မမဘဝကို စတေးလိုက်ပါတော့မယ်၊ မေမေနဲ့ ညီမလေး ဘဝရှေ့ရေးအတွက် ဘာတန်ဖိုးမှ မရှိတဲ့ မမကိုယ်မမ စတေးဖို့ ဆုံးဖြတ်လိုက်ပါပြီ။ မမလေ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အခုန အိပ်ယာပေါ်က သူမအတွေးတွေကို ပြောပြနေခြင်းဖြစ်သည်။

(ပြန်ရေးရမှာ ညောင်းလို့. . . စာမျက်နှာလည်း ငဲ့ရသေး)





. . . ပေဒင်တွေကလည်း မမှန်ဘူး. . . အီး. . .။

အေမီသော် သူ့မမ၏စကားနှင့်မျက်ရည်ကို အစအဆုံး ခံစားပြီးသကာလ. . .

"မမကလေ. . . အေမီထင်တာထက်ကို အနစ်နာခံတဲ့အတွက် သိပ်ကို ချစ်ဖို့ကောင်းနေပြီ၊ လာ. . . မမ. . . လာပါ။ မျက်ရည်တွေ သုတ်လိုက်၊ မမကို ပြစရာရှိတယ်၊ လာပါ ကုတင်ပေါ်ကို"

သူမ ဆလင်းဘတ်အကြီးကြီးထဲက ပိုက်ဆံနှစ်ထုပ်ကို အရင်ဆုံး ထုတ်လိုက်သည်။ တစ်သိန်းထုပ်များ ဖြစ်သည်။

"လောလောဆယ် မမနဲ့ညီမလေး လက်တိုလက်တောင်းသုံးဖို့၊ ပြီးတော့ ဟောဒီမှာ ခရက်ဒစ်ကတ်၊ ဒါ ညီမလေးကတ်၊ ဒါက မမကတ်၊ ဟောဒီမှာ ဘဏ်ငွေစာရင်း"

"ဟင်! အေမီ. . . နင်. . . နင် မဟုတ်တရုတ်တွေ. . . ဘယ်. . . ဘယ်လို ဒါတွေရလာတာလဲ"

"နေဦး မမ. . . ကျန်သေးတယ်၊ ဟောဒီမှာ Hand set ၊ မမဖို့. . ."

မမက ကုတင်အောက်ကို အားလုံးတွန်းချပစ်ရင်း. . .

"ဘုန်း! ဂလုံး! ဂွပ်!"

"ဒါတွေ ဘာလုပ်ရမှာလဲ အေမီ၊ ငါမေးတာဖြေစမ်း၊ နင်ဘာလုပ်လို့ရတာလဲ"

မမက ဒေါသတကြီး အေမီ့ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ မေးခြင်းဖြစ်သည်။

"ပြောစမ်း အေမီ၊ ငါ ရင်တွေ တုန်လိုက်တာ၊ နင်. . . မဟုတ် မဟတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ဟုတ်တယ်. . . ဟုတ်ဟုတ်လို့တောင် မြည်နေသေးတယ်၊ မမဗေဒင် သွေးထွက်အောင် မှန်တယ်၊ မယုံရင် ဖုန်းလှမ်းဆက်ကြည့် ကြာသပတေးသားဆီ၊ အဲ့ဒါတွေ ဦးမိုးသူဆိုတဲ့ မမလူကြီး ပေးလိုက်တာ"

(သင်ပုန်းကြီးရွတ်လေသံဖြစ်သည်။)

"ဟင်! နင်. . . နင်က ဘာတွေသွားပြောလို့လဲ၊ နင်နဲ့ ဘယ်လိုလုပ် သိတာလဲ၊ ပြောစမ်း. . . ပြောစမ်း"

"ဦးမိုးသူဆိုတာ သမီးသူငယ်ချင်း ညီသူစံရဲ့ဦးလေး၊ ဖြစ်သမျှကို ညီသူစံက အကုန်သိတယ်၊ ညီသူစံက သူ့ဦးလေးကို ပြောပြတာ"

"နေ. . နေပါဦး. . . ညီသူစံက အကုန်သိနေရအောင် ညီသူစံကို ဘယ်သူက အတွင်းရေး အကုန်ပြောသလဲ"

(သင်ပုန်းကြီးရွတ်သံနှင့်ပင်)

"ကောင်မလေးတစ်ယောက်. . . သူသိပ်ချစ်တဲ့ မမရဲ့ဒုက္ခနဲ့ အနာဂတ်ကို မကြည့်ရက်လို့. . . တဲ့. . . ပါးရိုက်ခံပြီး ညီသူစံကို အကုန်တိုင်ပင်ခဲ့တာတဲ့"

မမကေသီ ကုတင်အောက် ကြမ်းပြင်ပေါ်က ပြန့်ကြဲနေသော ပစ္စည်းများကို လှမ်းကြည့်သည်။

"ဟယ်! သူ တကယ်ကူညီတယ်. . . ရက်ရက်ရောရောကြီးဟယ်၊ မြင်လည်း မမြင်ဖူးသေးဘဲနဲ့၊ မမက ရုပ်ဆိုး၊ အကျည်းတန်၊ ဝတုတ် ဘုတ်ပြဲဆိုရင် သူ ဘယ်လိုလုပ်မလဲ"

"အသံလေးကို ချစ်တာတဲ့၊ သူ့ဝေလ်ပါဝါကလည်း ဖူးစာရှင် မှန်း သိတယ်တဲ့"





"ဟင်! ဒါဆိုရင်. . . အေမိ. . . အေမိ. . . နင် သူနဲ့ တွေ့ခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"သူ. . သူက ဘယ်အရွယ်လဲဟင်၊ ရုပ်ကကော ဘယ်လိုမျိုးလဲ. . . ချောလားဟင်"

"ရုပ်ရည်မလိုဘူး၊ နှလုံးသား လှဖို့ပဲ လိုတယ်လို့ မမ ပြောဖူးတယ်လေ"

"ဒါ. . ဒါပေမယ့် ဖြူဖြူချောချောနဲ့ သဘောကောင်းနှလုံးလှ ဆိုတော့. . . ဟို. . ဟို. . ပိုမကောင်းဘူးလားဟယ်၊ သူ့ဉပမိက ဘယ် လိုပုံစံလဲ၊ အကြမ်းပဲ ပြောပါဟာ၊ ငါ့ညီမက လိမ္မာပါတယ်"

"တွေ့ချင် သိချင်ရင် ဟောဟိုမှာဖုန်း၊ သူက အင်ဂျင်နီယာ အလုပ်ထဲမှာ၊ ဉစ္စာရင်လို ဉစ္စာရင်ခဲတဲ့၊ ကိုယ့်ဟာကိုယ်လည်း နည်းနည်း ကြိုးစားဦး. . . မမဖျား"

ကုတင်ပေါ်က စွေ့ခနဲ ဆင်း၍ ကြမ်းပြင်ပေါ် ပြားပြားဝပ်ထိုင်ချရင်း. . .

"သူ့ဟမ်းဆက်လေး ပျက်များပျက်သွားလား၊ ခွပ်ခနဲကို ပြုတ်ကျသွားတာ၊ ဘုရား. . . ကယ်ပါ"

ဘာမှမပေရောဘဲ ဖွဖွလေး လက်နှင့် ဖုန်သုတ်သလို ယုယုယယ လုပ်နေပြီးမှ ဖွင့်ကြည့်သည်။

"ဟယ်. . . ဘာမှမဖြစ်ဘူးတော့၊ သူက အလုပ်ထဲမှာတဲ့လား၊ အဲ. . . သူ့ဖုန်းနံပါတ်. . . ၀၉၅xxxxxxx. . . "

"ဟဲလို. . . ဦးမိုးသူနဲ့ တွေ့ချင်လို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ သချာအောင် တွေ့ရမှာပါဗျာ၊ ဟင်း. . . ဟင်း. . . အခုတော့ စကားပဲ ပြောလို့ရမှာပေါ့ ဒေါ်ကေသီရဲ့"

ကေသီ ဘာဆက်ပြောရင်ကောင်းမလဲ ခဏစဉ်းစားနေသည်။

"ဘာပြောချင်လို့ ဆက်တာလဲ၊ အခု ကေသီ့စိတ်ထဲ တကယ်သိချင်နေတာ ပြောချင်နေတာ တစ်ခုခု သေချာအောင် ရှိနေလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်း ပြောချကြည့်လိုက်၊ ကဲ. . . ပြော"

"သူက ချောလားဟင်"

ကလေးဆန်ဆန်ပင် ဒွဲမေးသောမေးခွန်းလေးက သဘာဝကျရုံသာမက ရိုးစင်းလှပလွန်းနေသမို့ ဦးမိုးသူ ကျေကျေနပ်နပ်ရယ်မောရင်း. . .

"ကိုယ့်ကိုယ်ကိုတော့ ချောတယ်ထင်တာပဲ၊ ဒါပေမယ့် သူများက အသားမည်းမည်း၊ ဗိုက်ရွဲရွဲ၊ နှုတ်ခမ်းပြဲပြဲလို့ မှတ်ချက်ပေးလေ့ ရှိတယ်"

"အွန်! အဲ့လိုအသံမျိုးက အဲ့လိုရုပ်မျိုး မဖြစ်နိုင်ဘူး"

"ဩော်ဗျာ. . အသံအရမ်းကောင်းတဲ့ စိုင်းထီးဆိုင်က လူချော လူလှအုပ်စုထဲ ပါလို့လား၊ ဒါနဲ့ ကေသီသော်ကကော ချောလားဟင်"

"ကိုယ့်ကိုယ်ကိုတော့ ချောတယ်မထင်ပါဘူး၊ ဒါပေမယ့် ဘေးက မှတ်ချက်ပေးတာတော့ ခံရဖူးတယ်. . . ဟင်း. . . ဟင်း"

"ပြောပါဦး ကေသီ. . . ပွင့်ပွင့်လင်းလင်းပေါ့"

"အဲ့လို နတ်မိမယ်မျိုးဟာတဲ့. . . အသားမည်းမည်း ဗိုက်ရွဲရွဲ နှုတ်ခမ်းပြဲပြဲနဲ့ အကြောင်းပါတတ်တယ်တဲ့"





"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . သဘောကျလိုက်တာဗျာ၊ အဲ့ဒီမှတ်ချက်ပေးတဲ့လူ လူတော်ပဲ၊ ဒါနဲ့ ကေသီက အဲ့ဒီလူကို ဘာပြန်ပြောလိုက်သလဲဟင်"

"ပါးစပ်ကတော့ ပြန်မပြောပါဘူး၊ စိတ်ထဲကပဲ စကားခုနစ်လုံးတည်း ပြန်ပြောလိုက်တယ်"

"ဘာပါလိမ့်"

"ငါ့ ကိုယ် ငါ သတ် သေ လိုက် မယ်"

"အား. . . ဟား. . . ဟား. . . ဟား၊ မလုပ်လိုက်ပါနဲ့ဗျာ. . ဟာ!"

မိန်းမဆိုတာ လင်ယောကျ်ား မပျင်းရအောင် လောကကို ဟာသနှင့် ကြည့်တတ်အောင် ဟာသဉာဏ် ရှိဖို့လိုသတဲ့။

ဟာသဉာဏ်ရှိသော ကေသီကို သူပို၍မြတ်နိုးသွားစဉ်. . .

ရုံးခန်းပြတင်းမှ ကားနက်တစ်စင်း ဆိုဒ်ထဲ ဝင်လာသည်ကို ကိုမင်းသူ လှမ်းမြင်ရသည်။ ကားပေါ်မှ ကုမ္ပဏီဥက္ကဋ္ဌကြီး ဦးမင်းဂေါင်နှင့် ကားပိုင်ရှင်ဖြစ်ပုံရသော (ဆံပင်ရှည်ကို စတီဗင်ဆီးဂဲလ်လို စည်းထားသည့်) လူတစ်ယောက် ဆင်းလျှောက်လာနေသည်။ စတိုင်ဘောင်းဘီနှင့် နုဖတ်နေသောအင်္ကျီတွင် နက်ကတိုင်ကို စိန်ရင်ထိုးတပ်ထားသည်။ လူရည်သန့်ပါ။

"ညရှစ်နာရီတိတိ ပြန်ဆက်မယ်နော်၊ ကုမ္ပဏီဥက္ကဋ္ဌ လာနေလို့ နတ်မိမယ်လေးရေ့"

သူ ရုံးခန်းအဝမှ ထွက်ကြိုသည်။ (ဥက္ကဋ္ဌက သူ့ကို ခင်ဗျားကျွန်တော်နှင့် ပြောလေ့ရှိ၏။) ဦးမင်းဂေါင်က ဖက်လဲတကင်း အနေကိုင်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာ အဆင်ပြေရဲ့လား ကိုမိုးသူ"

"ပြေပါတယ် ဥက္ကဋ္ဌကြီး၊ တရားစခန်းက ပြီးပလား ခင်ဗျာ"

"အိမ်မှာပဲ ဆက်ထိုင်နေတယ်. . . မိတ်ဆက်ပေးရဦးမယ် သူက ကျွန်တော့်တပည့်ဟောင်း မောင်မောင်ဦးတဲ့၊ အခု စီးပွားရေး ကောင်းလာလို့ ကုမ္ပဏီမှာ ရှယ်ယာဝင်ပါရစေတဲ့၊ လေ့လည်း လေ့လာ ချင်လို့တဲ့. . . ခေါ်လာတာ၊ မောင်မောင်ဦး. . . သူက ကုမ္ပဏီ ဒုဥက္ကဋ္ဌ ဦးမိုးသူတဲ့"

လက်ဆွဲနှုတ်ဆက်ရင်း. . .

"ဆရာဦးမင်းဂေါင်က ကျွန်တော့်ကျေးဇူးရှင်အစစ်ပါ။ ဆရာ က ပြန်လက်တွဲခွင့်ပေးလို့ ဝမ်းသာနေရသူပါ။ ကျွန်တော့်ကို ညီအစ် ကို အရင်းလို သတ်မှတ်ပါ ဦးမိုးသူ"

"ကိုမိုးသူနဲ့ကျွန်တော် နှစ်ယောက်တည်း စကားပြောစရာ ရှိတယ်၊ လက်ထောက်အင်ဂျင်နီယာတစ်ယောက်နဲ့ မောင်မောင်ဦး ဆိုဒ်ထဲ လိုက်ကြည့်ပါစေ"

ကိုမိုးသူ စီစဉ်ပေးလိုက်သည်။ နှစ်ယောက်တည်း ရုံးခန်းထဲ ကျန်ခဲ့ကြသောအခါ သူ့အကြောင်း သိထားဖို့ လိုအပ်လို့ပဲ ကိုမိုးသူ . . ဟု အစချီ၍. . .





ညခုနစ်နာရီကျော်မှ ကိုမိုးသူ တိုက်ခန်းသို့ ပြန်ရောက်လာ သည်။ ဧည့်ခန်းတွင် တူတော်မောင်နှင့် လုံခြုံရေးဂိတ်တဲစောင့် ဦး ချစ်သိန်း စကားထိုင်ပြောနေသည်ကို တွေ့ရသည်။ ညီသူစံဘေးမှာ သုံးဆင့်ချိုင့်နှင့် ကဒ်မာ လက်ဆွဲအိတ်တစ်လုံး ချထားသည်။

"ကိုအူ ကွိုင်တက်လို့ လေးလေးရ"

"ဟော! ဘာကွိုင်လဲကွ၊ မင်းဘေးက အထုပ်နဲ့ထမင်းချိုင့် က. ."

"ကိုအူဖို့လေ. . လေးလေးတပည့်ကျော် အချုပ်ထဲ ရောက် နေတယ်"

"ဟ! ဘယ်လိုဖြစ်တာလဲ. . . ပြောစမ်းပါဦး"

လုံခြုံရေးဦးချစ်သိန်းက သောက်လက်စ ဆေးလိပ်ကို ပြာ ခွက်ထဲ ချ၍. . .

"ဆရာကိုမိုးသူတပည့်က လူမှုရေးစိတ်ဓါတ် အပြည့်ရှိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဓါတ်လှေခါးကိုလည်း တစ်ယောက်တည်း မစီးရဲဘူး မှတ်လား။ ခြေလျင်တက်ရင်း လေးထပ်က ပစ္စည်းတွေ မနိုင်မနင်း ဓါတ်လှေခါးထဲ ထည့်နေတာ ကြုံလို့ အိမ်ပြောင်းတာပါဆိုတော့ တောမလေ့ပေါ့. . . ဝင်ကူတယ်လေ၊

နေ့ခင်းကြောင်တောင် အိမ်ဖောက်တဲ့ဂိုဏ်းဖြစ်နေတော့ သူပါ အချုပ်ထဲ ပါသွားတာပေါ့၊ ဆရာကိုမိုးသူ စခန်းမှူးနဲ့ သိနေတာပဲ၊ အကျိုးအကြောင်း ပြောပြီး သွားထုတ်ရင် ရပါတယ်"

"ဖြစ်ရတယ်. . . မောင်အူတို့ ငါ့ *Hand Gel ကမ်းစမ်းကွာ၊* လက်မဆေးအားသေးဘူး"

လေးလေးက ပိုးသတ်ဆေးပါသော Hand Gel နှင့် လက်ပွတ်ဆေးရင်း စဉ်းစားနေသည်။ ဖုန်းကောက်ဆက်သည်။

"ဟုတ်ကဲ့ ခင်ဗျာ. . ကောင်းပါပြီ. . ကျေးဇူးပဲ ကိုစိုးဝင်းရေ"

ဖုန်းပိတ်ပြီး. . .

"ကဲ. . . ငါတို့ ထမင်းချိုင့်နဲ့အဝတ်အစား ဘာညာ သွားပို့လိုက်၊ မှတ်သားလောက်အောင် အချုပ်အတွေ့အကြုံ တစ်ညတော့ ယူပလေ့စေ၊ စခန်းမှူးက နက်ဖြန်မှ ထုတ်ပေးမယ်တဲ့"

ဦးချစ်သိန်းက ဆေးလိပ်ပြန်ချရင်း. . .

"နေ့ခင်းက ဖြစ်ပုံလည်း ပြောရဦးမယ် ဆရာကိုမိုးသူ၊ ကျွန်တော်က ရေအိမ်ဝင်ချင်နေတာ၊ မောင်အူ ကော့ပက်ကော့ပက်နဲ့ ထွက်လာတယ်၊ မောင်အူ ဘယ်လဲဆိုတော့ ဒီနား. . ဟင်းမွှေးမဆလာ ဝယ်မလို့တဲ့၊ အိမ်သာတက်ချင်လို့ ဂိတ်တဲ ခဏစောင့်ပေးပါဆိုတော့. . . ရပါတယ် ဘချစ်သိန်းရဲ့. . တဲ့၊ ကျွန်တော် အိမ်သာက





ပြန်လာတော့. . .

ဟေ့ကောင်. . မောင်အူ. . ဒီမယ် အလှူခံ လုံးဝမဝင်ရ ရေးထားသဟာကို ဟိုးက လူနှစ်ယောက် ဘာဖြစ်လို့ ပေးဝင်လိုက်ရတာလဲ

ဆိုတော့ ပြန်ပြောပုံက. . .

ဘချစ်သိန်းကလည်း. . . သူတို့က အလှူခံတွေမှ မဟုတ်တာ သူတောင်းစားတွေဗျတဲ့၊ ခင်ဗျာ့လူ တကယ့်အူပါဗျား. . အူချက်"

အရေးထဲ ရယ်ကြရသေးသည်။

"ကဲ. . . ငါတူ ပို့စရာရှိတာ သွားပို့၊ ငါ ရေချိုးဦးမယ်. . ၊ ရှစ်နာရီထိုးခါနီးပြီကွ. . အဟဲ"

သူ ဒက်ပါသည်။

မောင်အူရေ. . ခင်ဗျာ့အာစရိ ဖွန်ကြောင်ဖို့ ခင်ဗျား အချုပ်ထဲ တစ်ညတော့ ဝေါင်ပေဦး. . ၊ ဝေါင်တစ်ည။

(ထိုဝေါင်တစ်ညသည် ဤအဖြစ်အပျက်၌ အရေးပါလာမည်ကို မည်သူမှ ကြိုမသိခဲ့ပါ။)

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



“ဟဲလို. . . မိုးနတ်မယ်လားဟင်”

“အရင်က မြေနီကုန်းမှာ ဖွင့်ထားတယ်၊ အခု ဆိုင်းဘုတ်တောင် မတွေ့တော့ဘူး၊ အဲ့ဒီဆိုင် ဘယ်ပြောင်းသွားလဲ မသိပါဘူးရှင်၊ စားပွဲထိုး ကောင်မလေးတွေဆီ ဒီလိုပဲ ဖုန်းဆက်မေးနေကြလို့”

“အဲ့ဒီမိုးနတ်မယ်ကို ပြောတာမဟုတ်ဘူးခင်ဗျ၊ ကွန်ဒိုငါးလွှာက ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ ကေသီကို မေးတာပါ”

“နေဦးနော်. . . နတ်သဘင်အစည်းအဝေးမှာ မှတ်တမ်းရေးနေလို့ သုဇာကေသီ မအားဘူး၊ ဘယ်သူလို့ ပြောလိုက်ရမလဲ”

“အသားမည်း၊ ဗိုက်ပူ၊ နှုတ်ခမ်းထူဆို သူသိပါတယ်”

“ဘယ်က ဆက်တာလဲ”

“လူ့ပြည်က. .”

“သူက လူ့ပြည်မှာ အဲ့ဒီလူကို ယူရမယ်ဆိုလို့ သူ့ကိုယ်သူသတ်သေပြီး နတ်ပြည်ရောက်လာတာ”





“ဒီမှာလည်း ကေသီကိုမှ မရရင် သတ်သေမယ့်တန်းလန်းမို့ လှမ်းဆက်တာ၊ နတ်ပြည်အထိ လိုက်လာမှာနော်”

“ဖွဟဲ့. . လွဲပါစေ. . ဖယ်ပါစေ၊ သေမယ့်အကြောင်းတွေ မပြောကောင်းဘူးတဲ့ အေမီက. .”

“အနားမှာ အေမီ ရှိလား. .”

“အင်း. . .”

“တိုးတိုးပဲ ပြောမယ်၊ အင်တာကွန်းပိတ်၊ အေမီ မကြားအောင် ဖုန်းပိတ်လိုက်”

အေမီ ဘေးက လာကပ်အော်သံ ပေါ်လာသည်။ ဖုန်းလုလိုက်ပုံရသည်။

“ပိတ်ရဲပိတ်ကြည့်. . . သုံးအောင်စ လေထိုးထားတဲ့ရုပ် အကြောင်း အန်ချလိုက်မှာနော်”

“မ. . မလုပ်ပါနဲ့ မမအော်စကာရယ်၊ မပိတ်လည်း ရပါတယ်၊ နက်ဖြန်နေ့လယ်စာ အေမီနဲ့ကေသီကို ဖိတ်ကျွေးချင်လို့”

“အေမီ မအားဘူး၊ ညီသူနဲ့ သွားစရာရှိတယ်၊ မသွားမဖြစ်အရေးကြီးတဲ့ အလုပ်ကိစ္စရှိတယ်”

“ကေ. . ကေသီကို လွှတ်လိုက်ပါ အေမီရယ်. . . တွေ့ပါရစေ”

“အို. . . အေမီက အုပ်ထိန်းသူမှ မဟုတ်တာ၊ ကိုယ့်ဟာကိုယ် ချိန်း၊ ရော့. . . မမ အသားမည်းက တွေ့ချင်လို့တဲ့”

“ဟဲလို. . ကေသီ. . တွေ့ပါရစေ”

“ကြောက်တယ်”

“သူငယ်ချင်းတစ်ယောက်ယောက် အဖော်ခေါ်ခဲ့ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန် ဘယ်ကိုလာရမှာလဲ"

"နေ့လည်(၁၁)နာရီ. . . ဆိုင်ကတော့ အေမီသိတယ်၊ သူ့ကို မေးပါ၊ ညီသူစံနဲ့လေ. . . သုံးယောက် နေ့လယ်စာ စားတဲ့ဆိုင်၊ ကိုယ် နာမည်လိပ်စာ မေ့နေလို့၊ အဲ့ဒီဆိုင် ကောင်းတယ်"

"တစ်ယောက်နဲ့တစ်ယောက်က မမြင်ဖူးတော့ ဘယ်လို အမှတ်အသား"

"ဩော်. . . ဟုတ်ပြီ၊ ကိုယ်က အင်္ကျီလက်ရှည်အဖြူနဲ့ နက်ကတိုင် အနီကြား ဝတ်လာမယ်၊ ကေသီကကောကင်"

"သူငယ်ချင်းတစ်ယောက် ဒါမှမဟုတ် နှစ်ယောက်ပါမယ်၊ ရွေးကြည့်ပေါ့. . . ဘယ်ဟာ ကေသီဖြစ်မလဲလို့၊ ဒါမှ ရင်ခုန်စရာ ကောင်းမှာပေါ့"

"အိုကေ. . . (၁၁)နာရီနော်၊ ကိုယ်က အလုပ်က လာရမှာ၊ နည်းနည်းနောက်ကျရင်လည်း စောင့်ပေးပါနော်၊ အိပ်မက်လှလှ မက်ပါစေ၊ ကိုယ်လည်း မက်မယ်နော်"

"မက်တော့မက်. . . ဒါပေမယ့် ကြမ်းခန်း ရမ်းခန်းတွေ မပါကြေးနော်၊ ကေသီ ကြောက်တယ်. . . ဂွတ်ဒ်နိုက်"

"ပြောပုံလေးက ချစ်စရာလေးကွာ. . . ဟာဟ"

ဖုန်းကို နှလုံးသားပေါ် တင်၍ သူ ဖက်ထားပြီး တွေးနေမိ၏။ နက်ဖြန် သူရင်ခုန်အောင်. . . . . . . .





ငွေစာရင်းကိုဆန်နီနှင့် ဖိုမင်ကြီးဦးအေးသောင်ကို အလုပ်ထဲက အကျိုးအကြောင်းပြော၍ သူခေါ်လာခဲ့သည်။ နှစ်ယောက်စလုံး ဥပမိရုပ် သန့်သော်လည်း အသားညို၍ ဗိုက်အနည်းငယ် ရွှဲကြသည်။ ဖိုမင်ကြီးက နှုတ်ခမ်းပိုတွဲသည်။ အသားလည်း ကိုဆန်နီထက် ပိုမည်းသည်။ လူပျိုကြီးတွေပဲဖြစ်သည်။

စောစောစီးစီးပင် သုံးယောက်သား ထောင့်စားပွဲတွင် ခပ်အေးအေး ဝင်ထိုင်ရင်း စားစရာ အနည်းငယ်မှာရင်း စောင့်နေကြသည်။ သူက စတိုင်လ်ဘောင်းဘီအညို၊ အင်္ကျီအဖြူနှင့် နက်ကတိုင်တော့ စည်းမထား။ ကိုဆန်နီနှင့် ဦးအေးသောင်ကတော့ နက်ကတိုင်အနီစင်းကို နှစ်ယောက်လုံး သူကိုယ်တိုင် စည်းပေးထားခဲ့သည်။

(၁၁)ထိုးခါနီး၌ Super Roof တစ်စင်းဝင်လာသည်။ ပန်းရောင်လက်ရှည်အင်္ကျီဆင်တူ၊ ပါတိတ်အနီရင့်ရင့် ဆင်တူနီးပါးဒီဇိုင်းနှင့် သုံးယောက်သား ဆိုင်ထဲဝင်လာကြသည်။

ခပ်ဆင်ဆင် ရှယ်တူအလှတွေချည်းဖြစ်သည်။ ဟိုသည်

www.burmeseclassic.com



လိုက်ကြည့်ရင်း ခပ်လှမ်းလှမ်းက စားပွဲတွင် ဝင်ထိုင်သည်။ စကားပြောလျှင် မကြားနိုင်သော အကွာအဝေးဖြစ်သည်။ ကေသီက နက်ကတိုင် အကျားနှင့် ကိုဆန်နီတို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

အအေးမှာနေပုံရသည်။ သူက ကေသီနှင့် အကြည့်မဆုံအောင် တမင်ရှောင်နေသည်။ ကေသီတော့ မသိ။ သိသိကြီးနှင့် သူ ရင်ခုန်လာနေ၏။

နှုတ်ခမ်းမွေး ပါသော ဦးအေးသောင်နှင့် သူက အပြင်မှာ အသံချင်း လေယူလေသိမ်းချင်း အတော်ဆင်သည်။ ဖုန်းထဲမှာဆို ခွဲမရအောင် တူသည်။ သူ တမင် ဦးအေးသောင်ကို ခေါ်လာခြင်းဖြစ်သည်။ သူ မျက်ရိပ်ပြလိုက်သည်။ ဦးအေးသောင်က ဇာတ်တိုက်ထားသည့် အတိုင်း သူ့ Hand Set ကောက်ကိုင်၍ သန့်စင်ခန်းထဲထွက်သွားသည်။

၅ ၅ ၅ ၅





ထားထားက. . .

"ဟဲ့. . . ကေသီ၊ နင့်လူက မရောက်သေးဘူးလား၊ (၁၁) နာရီ ထိုးနေပြီ"

"အလုပ်ထဲက လာရမှာ. . . နည်းနည်းနောက်ကျနိုင်တယ်လို့ သူကြိုပြောထားပါတယ်ဟာ. . . လာမှာပါ"

ဝင်းဝင်းမေက. . .

"ဟဲ့. . . ဟိုမှာထိုင်နေတဲ့ အသားမည်း၊ ဗိုက်ရွှဲ၊ နှုတ်ခမ်းတွဲ နှစ်ယောက်လုံး နင်ပြောတဲ့နက်ကတိုင် အနီစင်းတွေနဲ့ချည်းပဲ၊ နက်ကတိုင် မပါတဲ့တစ်ယောက်က အရမ်းမိုက်တယ်၊ ခန့်ခန့်ချောချော အဲ့ဒီ တစ်ယောက်သာ ဖြစ်နေရင်တော့ ကေသီတို့ ပွတာပဲ"

"ဟယ်. . . ဗိုက်မရွှဲတရွှဲက တို့ကို လှမ်းရှုံ့နေတယ်ဟဲ့၊ ဝင်းမေ နင့်ကို. . နင့်ကို. . "

"အောင်မာ. . . နင့်ကို စောစောက ဟိုနှုတ်ခမ်းမွေးကြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကျွတ်မတတ် လှမ်းကြည့်နေတာ မိထားရဲ့"

"အားလုံးကတော့ လူကြီးလူကောင်းပုံစံချည်းပါပဲဟယ်၊ Tie နဲ့ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်များဖြစ်နေရင်. . ."

"ဆက်ပြောလေ ကေသီ"

"ငါ့ကံပေါ့ဟယ်. . . ငါ. . ငါ. . နှလုံးသားလှပါစေလို့ ဆုတောင်းရုံကလွဲလို့"

"အယ်! တစ်ယောက်. . . ဟိုနှုတ်ခမ်းမွေးကြီး ထသွားပြီဟဲ့"

သူငယ်ချင်းအရင်းတွေမို့ အကြောင်းစုံ သိနေကြပြီးဖြစ်သည်။ အားလုံး အပျိုကြီးဂိုဏ်းဝင်စတွေမို့ ကိုယ်စီပင် ဘဝအာမခံချက်ရှိသူကို မျှော်လင့်နေကြသည့်အရွယ်ဟုပဲ ဆိုရပါတော့မည်။

ကေသီက. . .

"နင်တို့ဟယ်. . . အဲ့ဒီဝိုင်းက ဘာမှ ငါတို့နဲ့ မပတ်သက်တဲ့ လူတွေလည်း ဖြစ်နေနိုင်တာပဲ၊ အတွေးလွန်မနေကြနဲ့"

ထိုစဉ် စားပွဲပေါ် ချထားသော ကေသီ့ဖုန်း မြည်လာသည်။ ဟုတ်ပ၊ ပေါ်နေတာက သူ့ဖုန်းနံပါတ်။

"ကေသီလား"

"ဟုတ်တယ်. . . ဆိုင်မှာ ရောက်နေတာ ဆယ်မိနစ်ကျော်ပြီ"

"ကြိုက်တာ မှာထားကြလေ. . . ကိုယ်လာနေပြီ၊ အဲ. . . ခြောက်ယောက်စာ မှာနော်၊ ကိုယ့်ဧည့်သည်နှစ်ယောက် ပါလာမှာမို့ပါ၊ ကေသီတို့က ဘယ်နှစ်ယောက်လဲ"

"ဟင်. . . ခြောက်ယောက်စာ မှာလို့ သူပဲ ပြောပြီး အဲ့ဒီက လာမှာ သုံးယောက်ဆိုရင် ဒီမှာ သုံးယောက်ရှိနေတာ ဘယ်လိုသိ





သလဲ၊ ဘာလို့ ဘယ်နှစ်ယောက်လဲ မေးနေတာလဲ၊ ဟဲလို. . . ဟဲလို. . . အယ်"

(မအူမလည်နှင့် သွားစမ်းသော ဖိုမင်ကြီး ဖုန်းပိတ်လိုက်ရခြင်း ဖြစ်၏)

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



ဦး အေးသောင်က ပြုံးဖြီးဖြီး စားပွဲဝင်ထိုင်ရင်း. . .

"ကျွန်တော်မှားသွားတယ် EE ၊ နေ့လယ်စာ ခြောက်ယောက် စာ မှာဖို့ သွားပြောမိတယ်၊ ပြီးမှ ကေသီတို့က ဘယ်နှစ်ယောက်လဲလို့ သွားမေးမိတော့ သုံးယောက်ရှိမှန်း ဘယ်လိုသိလဲတဲ့ EE ရေ၊ ဖုန်းပိတ် ပစ်လိုက်ရတယ်၊ ရင်တွေပန်းတွေ တုန်နေတာကိုးဗျ"

ရယ်မောလိုက်ကြသည်။ ဘီယာမှာ၍ ကူညီသူ လူပျိုကြီးနှစ်ဦးကို ပြုံးစုရသည်။ သူကတော့ မသောက်။ နည်းနည်းရဲဆေးဝင်သွားသော အခါ. . .

"ကဲ. . . Plan(A) ကျဆုံးတော့ နောက်ထပ် Plan(B) ပေါ့ဗျာ၊ ကဲ. . . ဦးအေးသောင်. . ချီတက်"





ဝင်း ဝင်းမေက. . .

"ဟယ်! ဟယ်! ဝိုက်ရွဲနှုတ်ခမ်းမွေးကြီး တို့ကို ကြည့်နေပြီ၊ ဟယ်. . . ကြည့်ရင်း မတ်တတ်ထနေတယ်၊ ကျန်တဲ့နှစ်ယောက်က လည်း ဒီကို လှမ်းကြည့်နေတယ်၊ ဟောတော့. . . လာပြီ၊ တို့ဆီကို တန်းတန်းမတ်မတ်ပဲ လာနေပြီ၊ လက်ထဲလည်း ဘီယာဗူးကြီးနဲ့၊ ဒုက္ခပဲ ခပ်တည်တည်သာနေကြ"

ဦးအေးသောင် စတိုင်လ်နှင့် တဒေါက်ဒေါက် လျှောက်လာပြီး ဘီယာကိုင်လက်က ဟင်းချိန်းကြီး လက်ခနဲ လင်းဝင်း၍. . .

"ရှိုင်းတယ် မထင်ပါနဲ့ခင်ဗျာ၊ ဒီအထဲမှာ မကေသီသော် ဆိုတာ ဘယ်သူပါလဲခင်ဗျာ"

"သူ. . ."

သုံးယောက်စလုံး တစ်ခွန်းတည်း အသံထွက်လာပြီး လက်

www.burmeseclassic.com



ညှိုးက ပတ်ထိုးထားလေ၏။

"ဟင်. . . သုံးယောက်စလုံး ကေသီသော်ချည်းပဲလားဗျာ၊ ကျွန်တော် စားပွဲများ မှားတာလား၊ တစ်ခုခုတော့ လွဲနေပြီ၊ ဦးမိုးသူကို စောင့်နေတဲ့ စားပွဲကို ရှာနေတာပါခင်ဗျာ. . ဆောရီး. . . မဟုတ်ရင်"

"ဟုတ်တယ်. ."

တစ်သံတည်း ထွက်လာပြန်သည်။

"ကျွန်တော် ဦးမိုးသူမဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဆရာ မှာလိုက်တာလေး ရှိလို့ပါ"

သူမတို့ ပြိုင်တူသက်ပြင်းချလိုက်ကြ၏။

ကေသီက. . .

"သူက ဘာမှာလိုက်လို့လဲ၊ ကေသီသော်က ကျွန်မပါပဲ"

ဦးအေးသောင်က မားမားမိုးမိုးကြီး ပြုံးပြီး သူ့နက်ကတိုင်နှင့် ယပ်ခတ်လျက် လက်မကို နောက်ပြန်ထိုး၍ သူထွက်လာခဲ့သော စားပွဲကို ပြသည်။

သုံးယောက်သား တစ်ဖက်စားပွဲကို ပြိုင်တူလှမ်းကြည့်လိုက်သောအခါ ဘီယာမော့ရင်း နက်ကတိုင်အနီစင်းနှင့် နှုတ်ခမ်းသုတ်နေသော (ဦးအေးသောင်ထက် ကြည့်ပျော်ရှုပျော်ရှိသော) ကိုဆန်နီ တစ်ယောက်တည်း။

"သွားတွေ့လိုက်ပါ မကေသီသော်၊ တစ်ခုခုတော့ ထူးခြားပါလိမ့်မယ်"

ကေသီ သူမ ဟင်းဘက်ချိုနှင့်ဖုန်းဆွဲ၍ ကိုဆန်နီဆီ လျှောက်လာ၏။





အနားရောက်သောအခါ ရဲရဲတင်းတင်းပင်. . .

"ဦးမိုးသူလားရှင်"

ကိုဆန်နီက ခေါင်းအသာယမ်း၍. . .

"တိုယိုတာမတ်ခ်တူးအဖြူလေး ကား parking မှာ ရပ်ထားတယ်၊ ဒရိုင်ဘာ ရှိတယ်၊ ဦးမိုးသူဆီ မကေသီသော်ကို လုံခြုံစွာ ဆောင် ကျဉ်းသွားပါလိမ့်မယ်"

ကားနံပါတ်ပါ ပြောလိုက်သည်။ ကေသီ သိချင်စိတ်၊ တွေ့ချင် စိတ်နှင့် ဒေါသစိတ်ပါ ငယ်ထိပ်တက်နေပြီမို့ ထားထားတို့ကို လက် ထောင်ပြ၍ ဆိုင်ပြင်ထွက်လိုက်သည်။

ဟော. . ဟိုမှာ တိုယိုတာမတ်ခ်တူး. . ဟင်! ဒီကားနဲ့. . ဒီနံပါတ် ငါတွေ့ဖူးသလိုပဲ။

မှန်တွေ ဖွင့်ထားသောကားထဲ သူမ လိုက်ချောင်းကြည့်သည်။ ဘယ်သူမှ မရှိ။ Parking ထဲရှိ ယူနီဖောင်းဝတ် ဝန်ထမ်းကို. . .

"ဒီကားဒရိုင် ဘယ်မှာလဲရှင်"

"ခုပဲ တွေ့လိုက်သေးတယ် အစ်မလေး၊ သြော်. . . ဟိုမှာ"

သူမ လှမ်းကြည့်လိုက်သောအခါ အင်မတန် အရောင်စုံသော စက္ကူပန်းခြုံကြားမှ လျှောက်လှမ်းထွက်လာသောသူ။

နက်ကတိုင်အနီစင်းကို လက်နှင့် သပ်ရင်း သူမဆီ ပြုံး၍ ရွှေ့လာနေသည်။ တစ်လှမ်းနှစ်လှမ်းအလိုတွင် ရပ်၍ နှလုံးသားပေါ် ဘယ်လက်တင်ပြီး ညာလက်ဝါး ကားဖြန့်ဝေ့ဝိုက်၍ ဦးခေါင်းညွှတ် လိုက်သည်။ မျက်လှည့်ဆရာ နှုတ်ဆက်ပုံမျိုးဖြစ်သည်။ သူမ လုပ်ချင်တာ တစ်ခုပဲ စိတ်ထဲ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းဖိုးရော အိတ်ရော ပစ်ချ၍ သူ့ရင်အုံကြီးကို တဘုန်းဘုန်း ပြေးထုခြင်းမှတပါး. . .

"ကဲ. . ကဲ. . ကဲ. . ကဲ. ."

ဘုန်း!. . ဘုန်း!. . ဘုန်း!. . ဘုန်း!

ဝက်ဝွန် R ကားပြာအသစ်လေး ထိုးရပ်၍ ထိုဖြစ်စဉ်ကို ကားထဲက ကြည့်နေသော ညီသူစံနှင့်အေမီသော် ပြေးထွက်လာပြီး ကေသီကို အတင်းဆွဲရတော့သည်။ မျက်ရည်တွေလည်း ရွှဲရွှဲစိုနေသော ကေသီသော်ကို ဖက်၍. . .

"ဝအောင် ထုပါစေကွာ. . . သူရင်ခုန်အောင် လေးလေး လုပ်တာ များသွားလို့ လေးလေး ရင်တွေ တကယ်အောင့်အောင် ခံရတာပါ၊ အား. . . တကယ် အားကုန်ကို ထုတာပါကွာ"

ကေသီက ဘာစကားမှမပြောဘဲ သူ့ရင်ခွင်ထဲ တရှုံ့ရှုံ့ ငိုနေသည်။ ဝမ်းသာ၍လား ဝမ်းနည်း၍လား မသိနိုင်ပါလေတော့။ ထိုစဉ် ဆိုင်ထဲက နှစ်တွဲထွက်လာသည်။

"ဆရာဦးမိုးသူနဲ့ ဆရာကတော်လောင်းခင်ဗျာ. . . ခြောက်ယောက်စာ မင်္ဂလာ နေ့လယ်စာ အသင့်ဖြစ်နေပါပြီ၊ အထဲကို ကြွကြပါ"

"မစားဘူး. . မစားဘူး. . ဘာမှမစားဘူး"

"ဟော. . ဟော. . မိုးနတ်မယ်လေး စကားပြောပြီ၊ ခင်ဗျားတို့ မင်္ဂလာစုံတွဲသုံးတွဲပဲ သွားစားကြပါဗျာ၊ ငါ့တူနဲ့ငါ့ညီမ မင်းတို့လည်း လိုက်သွားလေ၊ ငါကတော့ ကားပတ်မောင်းရင်း ချော့ရဦးမယ်ဟေ့"

"မမ. . . မမ ခိုက်တဲ့ လီပြောင်ဟွန်းလေ. . . လေသုံး



အောင်စပဲ ပိုတာ"


ဂျိတ်! ဂျိတ်!

"ခွေးမလေး. . ခုမှပြော. ."

"ဝူး. . . ဝေါ. . ."

www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၉)

(ဤဇာတ်လမ်းက မောင်အူ ဂုဏ်ပြုလွှာ ရခြင်းနှင့်မှ ပြီးမြောက် အဆုံးသတ်ပါလိမ့်မည်။ ဆက်လက်ဖတ်ရှုကြပါကုန်။)

ဤသို့ဖြင့် ပျော်ရွှင်ကြည်နူးဖွယ်ချစ်သူများ၏ ရက်သတ္တပတ်နှစ်ပတ်သည် ဖြုတ်ခနဲ ကုန်သွားသည်။

တနင်္ဂနွေတစ်ရက် မနက်ခင်းတွင်ဖြစ်သည်။

"အာစရိ. . . ကျွန်တော့်ကို ခွင့်တစ်ရက်ပေးပါ၊ တစ်နေကုန် စားသောက်ဖို့ စီစဉ်ခဲ့ပြီးပါပြီခင်ဗျာ"

"မင်းက ဘယ်သွားမလို့လဲ၊ ပိုက်ဆံကော ပြည့်စုံရဲ့လား"

"ပိုက်ဆံသိပ်မလိုပါဘူး. . . ရှိပါတယ်၊ မောင်အူမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်မှ ညီအစ်ကိုလို ခင်သွားတဲ့မိတ်ဆွေ ရှိပါတယ်၊ ညနေ ပြန်လာပါ့မယ်"

"အေး. . . မင်းလည်း အတွေ့အကြုံ ဗဟုသုတ ရတာပေါ့ကွာ၊ ဟိုအူ သည်အူတော့ လိုက်မလုပ်နဲ့နော်"

"စိတ်ချပါ. . . ကျွန်တော့်မိတ်ဆွေက ရန်ကုန်သားပါခင်ဗျာ"

ဤသို့ဖြင့် အဝတ်အစား သစ်သစ်လွင်လွင်နှင့် လည်ဂုတ်ကြား လက်ကိုင်ပုဝါ ညှပ်ထိုး၍ မောင်အူ တချိုးတည်း ဆင်းချသွားလေ၏။ မနက်(၁၀)နာရီခန့်တွင် ကေသီ့ဆီ ဖုန်းဆက်သောအခါ ကိုကိုယဉ် အလှပြင်ဆိုင် ကူရန် ပါသွားသည်ဟု အေမီထံက သိရသည်။ ကေသီ့ ဖုန်းက ဆက်သွယ်ရေးပြင်ပချည်း လုပ်နေခဲ့၏။

(၁၀)နာရီ (၄၅)ခန့်တွင် အေမီဆီက ဖုန်းဝင်လာသည်။

"လေးလေး. . အေမီ ကိုကိုယဉ်ဆိုင်က ဆက်နေတာ၊ ဒီမှာ ကိုကိုယဉ်လည်း မရှိဘူး၊ မမလည်း မရှိဘူး၊ ဆိုင်က ကောင်မလေး တစ်ယောက်က ကိုကိုယဉ် မနေ့က ဖုန်းပြောနေသံ ကြားမိတယ်တဲ့၊ နက်ဖြန် ထုံကူးပွဲ ရှိတယ်ဆိုလား. . တဲ့၊

လုပ်ပါဦး. . . ဘယ်သူမှ နေရာမသိဘူး၊ မမတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့"

ကိုမိုးသူ ခေါင်းနပန်းကြီးသွားသည်။ ညီသူစံလည်း ဘာလုပ်လို့ ဘာကိုင်ရမည် ရုတ်တရက်မသိ။ တူဝရီးနှစ်ယောက် တိုက်ခန်းထဲ ဗျာယာခတ်နေကြသည်။

"လေးလေး. . . လေးလေးသူငယ်ချင်း စခန်းမှူးဆီ လူပျောက်လှမ်းတိုင်၊ အကျိုးအကြောင်းနဲ့ ဖြစ်နိုင်ချေပါ ပြောပြထား"





"အေး. . . ဟုတ်တယ်"

အချိန်သည် တရွေ့ရွေ့ ကုန်လာ၏။ တူဝရီးနှစ်ယောက် ငေါင်ကြောင် ပူထူနေကြစဉ် ဖုန်းဝင်လာသည်။ မောင်အူ၏အူယားဖားယား အသံ။

"အာ. . အာစရိ. . ရဲခေါ်၊ အမြန်လာ. . မမကေသီ ဒီမှာ မေ့ နေတယ်. . ဘိုး. . ဘိုးတော်ဦး. . ထုံ. . ထုံကူး. . "

ဒုံ!

"အား. . အ. . . "

ဂလွပ်! ဂလွမ်း!

တစ်ယောက်ယောက်က မောင်အူကို ဝင်ရိုက်လိုက်ပုံ ရသည်။

"ဟာ. . . ပူထူနေလို့ နေရာလည်း မသိဘူး"

"ဘိုးတော်ဦးတဲ့လား. . . ရတယ် ငါ့တူ၊ ငါ့ဥက္ကဋ္ဌကြီး သိလိမ့်မယ်"

ဥက္ကဋ္ဌကြီးဆီ ချက်ချင်းလှမ်းဆက်သည်။ ဦးမင်းဂေါင်နှင့် တန်းမိသည်။

"ကျေးဇူးပါပဲ ဥက္ကဋ္ဌကြီး"

ကားကို အပြင်းမောင်းရင်း ရဲကိုပါ ကားထဲက အကြောင်းကြားနိုင်ခဲ့သည်။ အတိုချုံးရသော်. . .

ထင်းရှူးရိပ် စားသောက်ဆိုင်အတွင်းပိုင်းကို စီးမိ၏။ ဘိုးတော်ဦး(ခေါ်)ရှယ်ယာဝင်မည့် ဦးမင်းဂေါင်တပည့်ဟောင်းဆိုသူ မောင်မောင်ဦးကို အချိန်မီပင် ပက်ပင်းဖမ်းမိသည်။

အယောင်ဆောင်နတ်နန်းထဲက မူးယစ်ဆေးဝါးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားနှစ်ဦးအပါအဝင် လူမှောင်ခိုဂိုဏ်းကိုပါ ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။ ရေမန်းထဲ ထည့်တိုက်ခံရသော မူးယစ်ဆေးကြောင့် ကေသီသော်ကို ဆေးရုံတင်ရသည်။

ကိုကိုယဉ်က အရက်နှင့်ဆေးကြောင့် မေ့မြောနေသော ညီမအတွက် နောင်တအကြီးအကျယ်ရပြီး ဘိုးတော်မောင်မောင်ဦး အမှုတွဲထဲ ပါနေသဖြင့် အဖမ်းခံရသည်။





ကမ္ဘာ့ဗိုဥက္ကဋ္ဌဦးမင်းဝေါင်က ဘုတ်အဖွဲ့ သဘောတူညီချက်အရ သူ့ကို ဥက္ကဋ္ဌရာထူး လွှဲပေးရင်း. . .

"ဗုဒ္ဓပရိနိဗ္ဗာန်ဝင်ပြီးကတည်းက မဟာယနနဲ့ ဟိနယာန ဆိုပြီး ဘာသာရေးဂိုဏ်းနှစ်ဂိုဏ်း ကွဲခဲ့တယ်၊ ဟိနယာနကနေ ထေရဝါဒနဲ့ တန္တရယနဝါဒ နှစ်ဂိုဏ်းထပ်ကွဲပြန်တယ်ကွဲ့၊ တန္တရယနက ဂါထာမန္တန်နဲ့ ထူးခြားတဲ့ ပြာဋိဟာ တန်ခိုးကြဒ္ဓိပါဒ်တွေနဲ့ လူအတော်များများကို ဖမ်းစားနိုင်သပေါ့. . .

ကျုပ်လည်း အရင်က တန္တရယနရဲ့ သားကောင်ဖြစ်ခဲ့သပေါ့၊ မောင်ဦးဟာ ကျုပ်တပည့်ရင်းပဲ၊ ကျုပ်က အမှန်ကို သိလာတယ်၊ ထေရဝါဒ စစ်စစ်ဘက်ကို ကူးပြီး [illegible]ပတ္တိကို ထဲထဲဝင်ဝင် လိုက်စားလို့ ငြိမ်းအေးမှုကို တွေ့လာရတယ်၊

မိုးကုတ်ဆရာတော်ဘုရားရဲ့ ကျေးဇူးတော်ပါပဲ၊ မောင်ဦးက



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မရတော့ဘူး၊ လောဘပါ ဝင်လာတယ်၊ အမှားဘက် ပါရင်း နစ်သွားတာပေါ့၊

ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ပြီး ဝိပဿနာအလုပ်သာ လူ့ဘဝရဲ့ချမ်းသာနဲ့ ငြိမ်းအေးမှုအစစ်ဖြစ်ပါတယ်”

ၵ ၵ ၵ ၵ





“မောင်အု. . . မင်းက ဘယ်လိုကဘယ်လို အဲ့ဒီရောက်သွားတာလဲ”

“အချုပ်ထဲ တစ်ညအိပ်ဖြစ်တာက စတာပါ အာစရိ၊ အချုပ်ထဲမှာ အဲ့ဒီထင်းရှူးရိပ်က အလုပ်သမား ဗလကြီးနဲ့ ခင်သွားတယ်၊ လူဆိုးဂိုဏ်းက သူ့ကိုပစ္စည်းသယ်ဖို့သက်သက် ငွေပေးငှားတာလေ၊

တစ်နေ့တည်း နှစ်ယောက်လုံး လွတ်တယ်၊ ညပိုင်း စကားပြောရင်း ခင်လာပြီး. . မင်းက အရုပ်ပဲ ကြည့်ဖူးတာ၊ ငါက လူအစစ်တွေ ချောင်းကြည့်နေကျကွ၊ မင်းကြည့်ဖူးချင် ငါ့ဆိုင်လာခဲ့၊ ငါဖုန်းဆက်မယ်တဲ့၊ တစ်ည သုံးထောင်တော့ ပေးရမယ်တဲ့၊ သူ ဖုန်းဆက်တာ၊ နက်ဖြန် ထုံကူးပွဲ ရှိတယ်တဲ့၊ ဘာမှတော့ မမြင်ရသေးပါဘူး အာစရိရာ၊ ကားပေါ်က တွဲချလာကတည်းက မမကေသီဆိုတာ သိလို့ တန်းပြီး ဖုန်းခိုးဆက်တာ၊ ဘိုးတော်လူက မိပြီး ဝင်အုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ခံရတာလေ"

ဟုတ်ကဲ့. . . ဤဂိုဏ်းကို စဖော်သူအဖြစ် အခမ်းအနားနှင့် မောင်အူတို့ ခန့်ခန့်ကြီးပင် မြို့နယ်မှူးပေးသော ဂုဏ်ပြုလွှာ တက်ယူခဲ့ ချေ၏တမုံ။

ရ ၃ ရ ၃





အထုပ်အပိုးတွေကို ညီသူစံနှင့်မောင်အူက သိမ်းနေသည်။ ဆေးရုံက ဆင်းမည့်ကေသီကို မျက်စေ့အဝတ်စည်း၍ အေမီ၊ ထားထားနှင့် ဝင်းဝင်းမေက အဝတ်အစား လဲပေးနေသည်။ ကိုမိုးသူက ခပ်ပြုံးပြုံး ကြည့်နေသည်။

"ဘာလို့ မျက်စေ့ပိတ်ထားတာလဲဟဲ့"

"အကြောင်းရှိလို့ပေါ့ဟဲ့. . . နှလုံးသား ဂက်စတစ်ကိုစွတဲ့၊ ဆေးရုံတံခါးဝ ရောက်မှ ဘွားခနဲ ဖွင့်မှာ. . . ငြိမ်ငြိမ်နေ"

အထူးကုဆေးခန်းကြီး၏ကော်ရစ်ဒါတလျှောက် ထူးဆန်းသော ဆေးရုံဆင်းသည့်လူနာကို အားလုံးဝိုင်းကြည့်နေကြသည်။ တံခါးဝအရောက်. . .

"ကဲ. . . ကေသီသော်ရေ၊ မျက်စိက ပုဝါကို ဖွင့်ဖို့ အခ်ိန်ကျပါပြီ"

www.burmeseclassic.com



"ဟယ်! ငါက သတို့သမီးဝတ်စုံကြီးနဲ့၊ ဟင်. . သူကလည်း ဥရောပ ဝတ်စုံဖြူနဲ့"

ပြောနေရင်းကပင် စွေ့ခနဲ ကောက်ပွေ့ခံလိုက်ရပြီး ကားပါကင်တွင် တန်းစီရပ်ထားသော ကားလေးစင်း၏ထိပ်ဆုံးရှိ Just Married ဟု အလှဆင်ထားသောကားထဲ သူမ ရောက်လာသည်။ နောက်က ကားလေးထဲ ညီသူစံနှင့်အေမီသော်၊ ထို့နောက် ထားထားနှင့် ကိုဆန်နီ၊ ထို့နောက်. . . ဦးအေးသောင်နှင့် ဝင်းဝင်းမေ အသီးသီး အသက အသက တက်ပြီး ပျော်ရွှင်စွာ ဟေးခနဲ မောင်းထွက်ကြသည်။

ဟေးခနဲ အော်ပြီး လက်ခုပ်လက်ဝါးတီး ပျော်နေသော ကိုအူ တစ်ယောက်တည်း ကားပါကင်မှာ ကျန်ခဲ့သည်။ ကာတွန်းရုပ်လို ခုန်ပေါက်၍ အပြေးအလွှား. . . . . . . . .

ဟာ!. . ဟိုးထား. . ဟိုးထား. . ဟိုးထား. . ဟိုးထား. .

လို၍မရခြင်းကင်းပါစေ

နတ်ရှာမိုး



